http://www.dhammadownload.com

ရွှေပါရမီစာစဉ် (၁၀)



အရှင်ဆန္ဒာဓိက
ရွှေပါရမီတောရ

# ရဟန်းဘာကြောင့်ပြုရတယ်

2007.GRAPHIC DESIGN : KYAW MINN MOUNG

ပဌမအကြိမ်

http://www.dhammadownload.com

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

# အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

## ရဟန်းဘာကြောင့်ပြုရတယ်



ရွှေပါရမီစာစဉ်(၁၀)

http://www.dhammadownload.com

# ရွှေပါရမီ ၂၀၀၀ အမှတ်(၁)

စာမူခွင့်ပြုချက်
၃၂၀၃၄၁၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်
၃၂၀၃၀၇၀၆၀၇

၂၀၀၇ ခုနှစ် ● ဇွန်လ ● ပဌမအကြိမ် ● အုပ်ရေ ၂၀၀၀၀

မျက်နှာဖုံးပန်းချီ
ကျော်မင်းမောင်

စာအုပ်ချုပ်
ကိုဇော်ဝမ်း

မျက်နှာဖုံးပုံနှိပ်သူ

ဦးတိုးဝင်း (၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်

အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်။

အတွင်းပုံနှိပ်သူ

ဦးကြင်ရွှေ (၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ် ၉၀-အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ

တက်လမ်း ဦးရှိန်ဝင်း (၀၃၉၆၄)၊ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ် (၁၉-အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

ဖြန့်ချိရေး

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ် (၆၁)၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်။

(☎ ၂၁၀၄၆၂၊ ၂၂၆၅၀၀)

တန်ဖိုး ၇၀၀ ကျပ်

http://www.dhammadownload.com

# အရှင်ဆန္ဒာဓိက ( ရွှေပါရမီတောရ )

- ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့ သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော် ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။
- ၁၉၈၄ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့ အထက(၁)မှ ခြောက်ဘာသာ (ဘာသာစုံ) ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယရလျက် အောင်မြင်သည်။ သုံးထပ်ကွမ်းလူရည်ချွန်အဖြစ် ၈တန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။
- ၁၉၈၄ ခုနှစ်၊ ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိယတ္တိစာပေများ လေ့လာဆည်းပူးခဲ့သည်။
- ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့ နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။
- ၁၉၉၈ ခုနှစ်တွင် အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ယောက်တည်းနေ တစ်စိတ်တည်းထား စာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။
- ယခုအခါ သထုံမြို့ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ကေစာရီတောရဆောက်တည်လျက် ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်လျက်ရှိသည်။ ။

http://www.dhammadownload.com

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

## အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ဤစာအုပ်အပါအဝင်
ရွှေပါရမီစာစဉ်အားလုံးကို
ဓမ္မဒါနအလှူရှင်အသီးသီးတို့မှ
တရားအလှူ၊ ပညာပါရမီအလှူ
တိုက်ရိုက်သာသနာပြုအလှူအဖြစ်
လှူဒါန်းထားသော
ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး
ထာဝရအလှူတော်ငွေဖြင့်
ထုတ်ဝေပါသည်။

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

http://www.dhammadownload.com

# မာတိကာ


၁။ ရဟန်းဘာကြောင့်ပြုရတယ် ၉

၂။ ရဟန်းဘဝကလူ့ဘဝထက်ကုသိုလ်အရပိုများတယ် ၁၅

၃။ ရဟန်းဘဝကလူ့ဘဝထက်နိဗ္ဗာန်အရောက်ပိုမြန်တယ် ၂၀

၄။ ရဟန်းမပြုရရင်အသက်အသေခံလိုက်မယ် ၂၈

၅။ အဆင်မြင့်ချမ်းသာခံစားနေရမှတော့

အဆင့်နိမ့်ချမ်းသာတပ်မက်ပါဦးမလား ၃၃

၆။ ရဟန်းလောကဆိုတာဒုက္ခသည်တွေရဲ့

စုဝေးပေါင်းဆုံရာတဲ့လား ၃၈

၇။ မတည်မြဲတဲ့ငါ့ဘဝ၊ သေမင်းဆီသွားနေရပါလား ၄၄

၈။ အားကိုးမဲ့တဲ့ငါ့ဘဝ၊ ဘယ်သူများစောင့်ရှောက်ပါ့မလဲ ၅၀

၉။ ကိုယ်ပိုင်ပစ္စည်းမရှိတဲ့ငါ့ဘဝ

အားလုံးကိုချန်ထားရစ်ခဲ့ရမှာပါလား ၅၇

http://www.dhammadownload.com


၁၀။ ■ အလိုမပြည့်တဲ့ငါ့ဘဝ
■ တဏှာခိုင်းသမျှလုပ်နေရပြီလေ ၆၅

၁၁။ ■ သားသမီးအပေါ် မျှော်လင့်ချက်
■ မထားတဲ့မိဘလုံးဝမရှိပါ ၇၂

၁၂။ ■ ရှင်ရဟန်းမှန်သမျှအနာဂါမ်လူ့ဝတ်ကြောင်
■ တွေကတောင်ရှိခိုးထိုက်ပါတယ် ၇၈

၁၃။ ■ ရဟန်းသာမဏေတွေရဲ့"မိ"ကမှတကယ်"မိ"တာပါ ၈၄

၁၄။ ■ ရဟန်းသာမဏေများရဲ့ကျေးဇူးမပါဘဲ
■ ဘယ်လူ့ဝတ်ကြောင်မှအရိယာမဖြစ်နိုင်ပါ ၈၉

၁၅။ ■ ကိလေသာမကုန်သေးဘဲနဲ့
■ စိတ်ချမ်းသာတယ်လို့မပြောပါနဲ့ ၉၆

၁၆။ ■ ရဟန္တာမဖြစ်သေးဘဲနဲ့ကိုယ့်ကိုယ်ကို
■ ယုံကြည်စိတ်ချတယ်လို့မပြောပါနဲ့ ၁၀၄

၁၇။ ■ ဗုဒ္ဓခေတ်မြတ်တွေ့ကြုံးနှပ်ပါစေ ၁၁၁

၁၈။ ■ အပ္ပမာဒေန သမ္ပာဒေထ ၁၂၆

၁၉။ ■ အရှင်ဆန္ဒာဓိကအတ္ထုပ္ပတ္တိ ၁၂၉


ရွှေပါရမီစခန်းဖြင့်ခေမာပြည်လှမ်းနိုင်ကြပါစေ။

http://www.dhammadownload.com

# တရားပွင့်ဂုဏ်တော်ပွား

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို


ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။



http://www.dhammadownload.com



- အစဉ်ချမ်းမြတဲ့ရှင်ရဟန်းဘဝလို့
- ဆိုရလောက်အောင်ရဟန်းဘဝက
- သိပ်ကိုအေးချမ်းလွန်းပါတယ်။
- ပိုင်ဆိုင်ဖို့လည်းမတောင့်တရ
- တည်မြဲဖို့လည်းမကြောင့်ကြရတဲ့အတွက်
- စိတ်လွတ်လပ်ပေါ့ပါးပြီး
- ရှင်းလင်းသန့်စင်နေပါတယ်။
- "ရ"တာ"ဟန်"တဲ့ရဟန်းဘဝ
- လို့တောင်ဆိုလိုက်ချင်ပါရဲ့....။

http://www.dhammadownload.com

# ရဟန်းဘာကြောင့်ပြုရတယ်

လူ့ဘဝဆိုတာ ရခဲတဲ့ ဘဝတစ်ခုပါ။ အခြေခံအထည်ကိုယ်ဖြစ်တဲ့ လူ့ဘဝကိုယ်တိုင်ကိုက ရခဲနေမှတော့ လူ့ဘဝရောက်နေတဲ့သူတွေပဲ ခံယူခွင့်ရှိတဲ့ ရဟန်းဘဝဆိုတာကတော့ ပိုပြီး ရခဲသွားပြီပေါ့။ 'အခက်ထဲက အခက်' 'အကောင်းထဲက အကောင်း' လို့ပဲ ပြောရတော့မှာပါ။ ဒါမှမဟုတ် 'အခက်တကာ့ထိပ်ခေါင်' 'အကောင်းတကာ့ထိပ်ခေါင်' လို့ပဲ ပြောရတော့မှာပါ။

ရခဲတဲ့ လူ့ဘဝကို ရလာသူတိုင်း ပိုရခဲတဲ့ ရဟန်းဘဝကို မရနိုင်ကြပါဘူး။ ရဟန်းဘဝရထိုက်တဲ့ ကုသိုလ်ပါရမီ ပါတဲ့သူတွေပဲ 'ဝဋ်ကြောင်လူ့ဘဝ' ထက် ပိုအဆင့်မြင့်တဲ့ 'ရဟန်းလူ့ဘဝ' ကို၊ 'ရိုးရိုးလူ့ဘဝ' ထက် ပိုအထက်တန်းကျတဲ့ 'အထူးလူ့ဘဝ' ကို ရနိုင်ကြပါတယ်။

ပါရမီမျိုးစေ့ ရင့်သန်လွန်းသူ တချို့ကတော့ ရဟန်းဘဝမှာ ထာဝရ ရာသက်ပန် မွေ့လျော်နိုင်ကြပြီး ပါရမီမျိုးစေ့နုနယ်သေးသူတွေ

http://www.dhammadownload.com

ကတော့ ယာယီအခိုက်အတန့်ပဲ ရဟန်းဘ၀မှာ ပျော်ပိုက်နိုင်ကြပါတယ်။ ပါရမီမျိုးစေ့ လုံး၀မရှိတဲ့သူတွေကတော့ ရဟန်းဘ၀ကို ခေတ္တခဏလေး ခံယူကြည့်ဖို့တောင် တစ်ခါမှ စိတ်မကူးကြပါဘူး။ ရဟန်းဘ၀ကို မျက်စလေးတစ်ချက်တောင် မပစ်ဖူးဘူး၊ မျက်စောင်းလေးတစ်ချက်တောင် မထိုးဖူးဘူး ဆိုပါတော့။

ပါရမီမျိုးစေ့ဆိုတဲ့နေရာမှာ မဂ်ဖိုလ်နိဗ္ဗာန် ရထိုက်တဲ့ ပါရမီမျိုးစေ့ကို မဆိုလိုပါဘူး။ ရဟန်းဘ၀ ရထိုက်တဲ့ ပါရမီမျိုးစေ့ကိုသာ ဆိုလိုပါတယ်။ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာကတော့ ရဟန်းဘ၀နဲ့ပဲဖြစ်ဖြစ်၊ လူ၀တ်ကြောင်ဘ၀နဲ့ပဲဖြစ်ဖြစ် သူနဲ့ သက်ဆိုင်တဲ့ ပါရမီမျိုးစေ့ပါရင် ရနိုင်တာပါပဲ။

ရဟန်းဘ၀ဆိုတာကတော့ ရဟန်းဘ၀နဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ပါရမီမျိုးစေ့ ထိုက်ထိုက်တန်တန် ပါလာမှ ရနိုင်တာပါ။ လူ၀တ်ကြောင်ဘ၀ထက် အဆပေါင်းများစွာ မနှိုင်းယှဉ်သာအောင် မြင့်မြတ်တဲ့ ရဟန်းဘ၀ဆိုတာ တော်ရုံတန်ရုံ ပါရမီမျိုးစေ့လောက်နဲ့တော့ လုံး၀မရနိုင်တာ သေချာပါတယ်။

မြတ်စွာဘုရားအလောင်းတော်တောင်မှ ပါရမီဖြည့်စဉ် ကမ္ဘာပေါင်း လေးအသင်္ချေနဲ့ တစ်သိန်းကာလမှာ ရဟန်းဘ၀ကို ကိုးကြိမ်ပဲ ရခဲ့ဖူးပါတယ်။ ဒီအချက်ကို သိထားတဲ့အတွက် တချို့က ကြုံတောင့်ကြုံခဲ သာသနာ့ဘောင်မှာ ရာသက်ပန် ရဟန်းဘ၀ကို ခံယူကြပါတယ်။ တချို့က ရာသက်ပန် မစွမ်းနိုင်တဲ့အတွက် အခြေအနေပေးရင်ပေးသလို ခေတ္တခဏ ရဟန်းဘ၀ကို ခံယူကြပါတယ်။

http://www.dhammadownload.com

အခိုက်အတန့် ရဟန်းပြုတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ အစဉ်အမြဲ ရဟန်းပြုတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် မိမိဘာကြောင့် ရဟန်းပြုသလဲ၊ ငါ ရဟန်းပြုရခြင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ၊ ရဟန်းဘဝအပေါ်မှာ ဘယ်လို သဘောထားသလဲ၊ အဲဒီလိုအားဖြင့် ရဟန်းဘဝနဲ့ပတ်သက်တဲ့ ခံယူချက်၊ ရည်ရွယ်ချက်၊ ဦးတည်ချက်၊ ပီပီပြင်ပြင်၊ ရှင်းရှင်းလင်းလင်း ဖြစ်နေဖို့ လိုအပ်ပါတယ်။

ရဟန်းဘာကြောင့်ပြုရတယ်ဆိုတဲ့ သဘောတရားဉာဏ်ထဲမှာ ထင်ထင်ရှားရှား ပီပီပြင်ပြင် ဖြစ်နေမှသာလျှင် မိမိခံယူထားတဲ့ရဟန်းဘဝကို လေးလေးနက်နက် တည်ဆောက်ဖြစ်ပါတယ်။

မိမိခံယူထားတဲ့ ရဟန်းဘဝကို လေးလေးနက်နက် တည်ဆောက်ဖြစ်မှလဲ ရခဲတဲ့ရဟန်းဘဝ၊ ရခဲတဲ့ရှင်ဘဝ ရကျိုးနပ်ပါလိမ့်မယ်၊ အဲဒါမှလည်း မိမိလိုလားတောင့်တတဲ့ လောကီအကျိုး၊ လောကုတ္တရာအကျိုး၊ မိမိအကျိုး၊ သူတစ်ပါးအကျိုး ကောင်းကျိုးချမ်းသာ အဖြာဖြာတို့နဲ့ ပြည့်စုံနိုင်ကြပါလိမ့်မယ်။

ဒါကြောင့် ရဟန်းပြုကြတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း အခိုက်အတန့်ပဲပြုပြု၊ အစဉ်အမြဲပဲပြုပြု၊ ငါ ဘာကြောင့်ရဟန်းပြုသလဲဆိုတာ အမြဲတမ်းမေးရမယ်၊ မေးလိုက်လို့ ထွက်လာတဲ့ ရည်ရွယ်ချက်၊ ဦးတည်ချက်၊ ခံယူချက်တွေကိုလည်းပဲ အမြဲတမ်း စိတ်ထဲမှာ သံမှိုစွဲသလို နှလုံးသွင်းပြီးတော့ ထားရပါမယ်။

ကိုယ် ရဟန်းပြုရခြင်းရဲ့ ရည်ရွယ်ချက်ကို မေ့နေတဲ့သူဟာ ပဲ့မပါတဲ့ လှေငယ်လေးနဲ့ မြစ်ပြင်ကျယ်ကြီးထဲမှာ ခရီးသွားနေတဲ့သူလို

http://www.dhammadownload.com

ရောက်ချင်ရာရောက်၊ မျှောချင်ရာမျှော ဖြစ်နေပါလိမ့်မယ်။ အကြောင်းမတော်ရင် တိမ်းမှောက်နစ်မြုပ်သွားနိုင်သလို ဝဲစုပ်ပြီး အထဲကုပ်ခေါ်သွားတာကိုလည်း ခံရချင်ခံရနိုင်ပါတယ်။

ကိုယ်ရဟန်းပြုရခြင်းရဲ့ ရည်ရွယ်ချက်ကို သတိမရတော့တာနဲ့ တစ်ပြိုင်နက် မလုပ်သင့်တဲ့အလုပ်တွေ လုပ်မိတတ်ပါတယ်။ လုပ်သင့်တဲ့ အလုပ်တွေ မလုပ်မိဘဲ လစ်ဟင်းတတ်ပါတယ်။ ဘဝနဲ့အလုပ်၊ အလုပ်နဲ့ဘဝ မဟပ်စပ်မိဘဲ အလွဲလွဲအချော်ချော် ဆန့်ကျင်သွားတတ်ပါတယ်။

ရည်ရွယ်ချက်ပျောက်နေလို့ အလုပ်နဲ့ဘဝ ထပ်တူမကျတဲ့ ရဟန်းတစ်ပါးဟာ 'သာသနာ့ဝန်ထမ်း' မဖြစ်တော့ဘဲ 'သာသနာ့ဝန်စီး' ဖြစ်သွားပါတယ်။ သာသနာ့ဝန်ဆိုတာက ကိုယ်က အောက်ကနေ ပင့်တင်ပြီး ထမ်းဆောင်ရမှာပါ။ ကိုယ်က အထက်ကနေ တက်ခွပြီး ခိုစီးရမှာ မဟုတ်ပါဘူး။

သာသနာကို ခိုစီးတဲ့ သာသနာ့ဝန်စီးတွေ များလာရင် သာသနာညွတ်ကျပြီး နိမ့်ဆင်းပျောက်ကွယ်သွားပါလိမ့်မယ်။ သာသနာကို ပခုံးပေါ် ပင့်တင်ပြီး ထမ်းရွက်ထားတဲ့ သာသနာ့ဝန်ထမ်းတွေ များလာမှသာ သာသနာမြင့်မောက်ပြီး တိုးတက်ထွန်းကားလာမှာပါ။

ရဟန်းဘဝမှာ လုပ်ရမယ့် သာသနာ့အလုပ်က နှစ်မျိုးပဲရှိပါတယ်။ တရားဓမ္မလေ့လာသင်ကြားတဲ့ ပရိယတ္တိအလုပ်နဲ့ တရားဓမ္မကျင့်ကြံအားထုတ်တဲ့ ပဋိပတ္တိအလုပ်တို့ပါပဲ။

ကိုယ်ရဟန်းပြုရခြင်းရဲ့ အစစ်အမှန်ရည်ရွယ်ချက်ကို ရိုးရိုးသားသား သတိရနေမယ်ဆိုရင် ပရိယတ္တိအလုပ်ကို အဓိကထား လုပ်သင့်တဲ့

http://www.dhammadownload.com

သူက ပရိယတ္တိအလုပ်ကို အဓိကထား လုပ်ဖြစ်သွားပါတယ်။ ပဋိပတ္တိအလုပ်ကို အဓိကထား လုပ်သင့်တဲ့သူက ပဋိပတ္တိအလုပ်ကို အဓိကထား လုပ်ဖြစ်သွားပါတယ်။ ပရိယတ္တိအလုပ်ရော၊ ပဋိပတ္တိအလုပ်ပါ ဟန်ချက်ညီညီ အားပြိုင်လုပ်သင့်တဲ့သူက ပရိယတ္တိအလုပ်ရော၊ ပဋိပတ္တိအလုပ်ပါ ဟန်ချက်ညီညီ အားပြိုင်လုပ်ဖြစ်သွားပါတယ်။

ပရိယတ္တိအလုပ် အဓိကလုပ်တဲ့သူကလည်း ပဋိပတ္တိအလုပ်ပါ တွဲဖက်လုပ်ရသလို ပဋိပတ္တိအလုပ် အဓိကလုပ်တဲ့သူကလည်း ပရိယတ္တိအလုပ်ပါ တွဲဖက်လုပ်ရပါတယ်။ အလုပ်တစ်မျိုးတည်းချည်းပဲ သီးသန့်ကွက်လုပ်လို့ မရပါဘူး။

ပရိယတ်ပါတဲ့ ပဋိပတ်၊ ပဋိပတ်ပါတဲ့ ပရိယတ်ကသာ အမှန်တရားကို သိမြင်စေမှာ ဖြစ်ပါတယ်။ တစ်ခုခု လိုအပ်သွားတာနဲ့ တစ်ပြိုင်နက် အမှန်တရားလမ်းကြောင်း တိမ်းစောင်းသွားနိုင်တာမို့ သာသနာ့ဝန်ထမ်း ရဟန်းကောင်း ရဟန်းမြတ်မှန်ရင် ပရိယတ်အလုပ်ရော၊ ပဋိပတ်အလုပ်ပါ အားထုတ်ကြရပါတယ်။

'ရဟန်း' လို့ပြောလိုက်ရင် 'ယောဂီ' လည်း အတူတူပါပဲ။ ရဟန်းတော်များ ပရိယတ်၊ ပဋိပတ် နှစ်မျိုးလုံး လုပ်ရသလို ယောဂီပုဂ္ဂိုလ်များလည်း ပရိယတ်၊ ပဋိပတ် နှစ်မျိုးလုံး လုပ်ရပါတယ်။ တရားနာတာ၊ တရားစာဖတ်တာ၊ တရားဆွေးနွေးတာတွေဟာ ပရိယတ်ပါပဲ။ တရားအားထုတ်တာကတော့ ပဋိပတ်ပေါ့။

ရဟန်းပြုရခြင်းရဲ့ ရည်ရွယ်ချက်ကို ရဟန်းတော်တွေသာ သိသင့်တာ မဟုတ်ပါဘူး။ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်လိုသူတိုင်း

သိသင့်ပါတယ်။ ဘာလိုလဲဆိုတော့ ရဟန်းပြုရခြင်းရဲ့ ရည်ရွယ်ချက်ဟာ ဘဝအပေါ် ဘယ်လို ရှုမြင်သလဲ၊ ခန္ဓာအပေါ် ဘယ်လို နားလည်သလဲ ဆိုတဲ့ အချက်အပေါ်မှာ လုံးလုံးလျားလျား မှီတည်နေလို့ပါပဲ။

ရဟန်းပြုရခြင်းရဲ့ ရည်ရွယ်ချက်ကို ပိုင်ပိုင်နိုင်နိုင် သိမြင်သွားပြီဆိုရင် ဘဝအပေါ် ဘယ်လို ရှုမြင်သင့်တယ်၊ ခန္ဓာအပေါ် ဘယ်လို နားလည်သင့်တယ်ဆိုတာ အပြည့်အဝ သဘောပေါက်သွားပါလိမ့်မယ်။ တကယ်ဆိုတော့ စိတ်ငြိမ်းချမ်းမှုနဲ့ ဘဝလွတ်မြောက်မှုကို တန်ဖိုးထား ရယူလိုသူတိုင်း ရဟန်းတွေချည်းပဲ မဟုတ်ပါလား။


■

လူသားအများစုက
လူ့ဝတ်ကြောင်တွေဖြစ်ပြီး
လူသားအနည်းစုကသာ
ရဟန်းတော်တွေဖြစ်ကြပါတယ်။
လောကမှာရတနာဆိုတာ
ရှားလည်းရှားပါးပါတယ်။
လူတိုင်းလည်းပိုင်ဆိုင်ခွင့်မရပါဘူး။
လူနည်းစုသာခံယူနိုင်တဲ့
ရဟန်းဘဝဆိုတာတကယ်တော့
ရတနာထိုက်တဲ့ဘဝပါပဲ။



http://www.dhammadownload.com

http://www.dhammadownload.com



## ရဟန်းဘဝကလူ့ဘဝထက်ကုသိုလ်အရပိုများတယ်

ဒီတော့ လူအမျိုးမျိုး စိတ်အထွေထွေ လို့ဆိုတဲ့အတိုင်း ရဟန်းဘာကြောင့်ပြုသလဲလို့ မေးလိုက်ရင်တော့ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ ခံစားချက်အားလျော်စွာ၊ အတွေ့အကြုံအားလျော်စွာ၊ သံဝေဂဉာဏ်အားလျော်စွာ၊ ဘဝအမြင်အားလျော်စွာ ရည်ရွယ်ချက်အမျိုးမျိုး ထွက်ပေါ်လာနိုင်ပါတယ်။ စကားလုံးအမျိုးမျိုး၊ ဝါကျအမျိုးမျိုး၊ စကားစုအမျိုးမျိုးနဲ့ ထွက်ပေါ်လာနိုင်တာပါပဲ။

ဘယ်လောက်ပဲ ရည်ရွယ်ချက်သဘောတရားတွေများများ၊ တူရာတူရာ စုပေါင်းလိုက်လို့ရှိရင်တော့ နှစ်ချက်ပဲရှိတယ်။

'ကုသိုလ်ရချင်လို့ ရဟန်းပြုပါတယ်'

'မဂ်ဖိုလ်နိဗ္ဗာန်ရချင်လို့ ရဟန်းပြုပါတယ်'

ရဟန်းပြုရခြင်းရဲ့ ရည်ရွယ်ချက် နှစ်ချက်ရှိတယ်။

၁။ ကုသိုလ်ရဖို့

http://www.dhammadownload.com

၂။ မဂ်ဖိုလ်ရဖို့

အဲဒီရည်ရွယ်ချက်နှစ်ခုနဲ့ ရဟန်းပြုကြတာပါပဲ။

အပ္ပေဝ နာမ ကုသလံ ဓမ္မံ အဓိဂစ္ဆေယျံ၊

အပ္ပေဝ နာမ ဥတ္တရိ မနုဿဓမ္မာ အလမရိယဉာဏဒဿန ဝိသေသံ သစ္ဆိကရေယျံ။ (သဥ္ဇာယတနဝဂ္ဂသံယုတ္တပါဠိ၊ ၅၁၈)

အဲဒီတော့ ပထမဆုံးအချက် ကုသိုလ်ရဖို့ ရဟန်းပြုတယ်ဆိုတာကတော့ စကားလုံးကျဉ်းအောင် ပြောထားတာပါပဲ။ ပြည့်ပြည့်စုံစုံ ပြောမယ်ဆိုရင် ကုသိုလ်တွေများများရဖို့ ရဟန်းပြုတယ်လို့ ပြောရမယ်။

ဦးပဥ္ဇင်းတို့ရဲ့ ကျေးဇူးတော်ရှင် ဦးပဥ္ဇင်းတို့ရဲ့ ဥပဇ္ဈာယ် ဆရာတော် ဒုတိယမြောက် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးရဲ့လေနဲ့ပြောရမယ်ဆိုရင်တော့ 'ကုသိုလ်တွေ အများ ....ကြီးရဖို့အတွက် ရဟန်းပြုပါတယ်။'

ဆရာတော်က မကြာခဏ အဲဒီလို ပြောလေ့ရှိတယ်။ အများကြီးဆိုတာကို ပေါ်လွင်အောင်ပေါ့လေ။ ကလေးတွေက မိဘတွေကို 'သား၊ အမေ့ကို ဘယ်လောက်ချစ်သလဲ' မေးတဲ့အခါ 'အများ ....ကြီး ချစ်တယ်' စသည်အားဖြင့် ပြောသလိုလေးပေါ့။

ကုသိုလ်တွေအများကြီးရချင်လို့ ရဟန်းပြုပါတယ်။ လူဝတ်နဲ့လဲ ကုသိုလ်က မရနိုင်ဘူးလား၊ ရနိုင်တာပါပဲ။

ကုသိုလ်ရချင်လို့ ရဟန်းပြုတယ်ဆိုရင် လူဝတ်နဲ့လဲ ဒါနပြု ကုသိုလ်ရတာပါပဲ၊ သီလဆောက်တည် ကုသိုလ်ရတာပါပဲ၊ ဥပုသ်စောင့် ကုသိုလ်ရတာပါပဲ၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတွေပွားများ

http://www.dhammadownload.com

ကုသိုလ်ရတာပါပဲ။

ဒါပေမဲ့ ရဟန်းပြုလိုက်လို့ရှိရင်တော့ လူဝတ်ကြောင်ဘဝနဲ့ ရနိုင်တဲ့ ကုသိုလ်တရားတွေထက် အများကြီးရရှိနိုင်ပါတယ်။

သမထ ဝိပဿနာဘာဝနာတွေ ပွားများတာတို့ ဆိုတာအသာ ထားလိုက်ဦးပေါ့၊ ရဟန်းဘဝ၊ ရှင်ဘဝရောက်ပြီဆိုရင် ကိုယ့်သင်္ကန်း လေးကိုယ်လျှော်တာကိုက ကုသိုလ်ရနေတယ်။

လူဝတ်ကြောင်ဘဝနဲ့ဆိုရင် ကိုယ့်အဝတ်ကိုယ်လျှော်တယ်၊ လျှော်ရုံသက်သက်နဲ့တော့ ဘာကုသိုလ်မှ မရပါဘူး။ ကိုယ်ဝတ်ထားတဲ့ အဝတ်ကလေး၊ ချေး(ချွေး)ပေနေတဲ့အဝတ်၊ အညစ်အကြေးတွေ စွန်း ထင်းနေတဲ့အဝတ်ကလေး သန့်စင်သွားအောင် ဆိုပြီးတော့ ကိုယ့်အဝတ် လှအောင် ကိုယ့်အဝတ်သန့်အောင် လျှော်နေတာ ဘာကုသိုလ်မှ မရ ဘူး။

ဒါပေမဲ့ အဝတ်လျှော်နေရင်းနဲ့ ဂုဏ်တော်လေးပွားရင်း လျှော် မယ်၊ မေတ္တာလေးပွားရင်း လျှော်မယ်၊ လျှော်နေတဲ့ အမူအရာလေးတွေ မှာ သတိပဋ္ဌာန်နည်းနဲ့ ဝိပဿနာရှုမှတ်ပြီးတော့ လျှော်မယ် ဆိုရင်တော့ ကုသိုလ်ရနိုင်တာပေါ့၊ စိတ်က ဘာဝနာ တစ်ခုခုထည့်ပြီး လျှော်မှ လူက ကိုယ့်အဝတ်ကိုယ်လျှော်တာ ကုသိုလ်ရတာပေါ့။

ရှင်သာမဏေများ၊ ရဟန်းတော်များကတော့ အဲဒီလို မဟုတ် ဘူး၊ ကိုယ်ဝတ်ထားတဲ့ သင်္ကန်း၊ ချေးတစိုစို ချေးတထပ်ထပ်နဲ့ ပေနေတဲ့ ကိုယ့်သင်္ကန်းလေးကို သန့်စင်သွားအောင် လျှော်နေတာကိုက မြတ်စွာ ဘုရားရဲ့ ဝိနည်းတော်နဲ့၊ မြတ်စွာဘုရား ပညတ်ထားတဲ့စည်းကမ်းချက်

http://www.dhammadownload.com

နဲ့အညီ လျှော်ဖွပ်မယ်ဆိုရင် ကိုယ့်သင်္ကန်း ကိုယ်လျှော်တာကိုက ကုသိုလ်တွေရနေတယ်။ ဝိနည်းနဲ့ညီအောင် လျှော်တတ်ဖို့တော့ လိုတာပေါ့။

ဆွမ်းစားလဲပဲ ဒီအတိုင်းပါပဲ၊ လူတွေမှာကိုယ့်ဖာသာကိုယ် ဗိုက်ဆာလို့ ထမင်းစားတာပဲ၊ ထမင်းစားရုံသက်သက်နဲ့ ဘာကုသိုလ်မှမရဘူး။ ရဟန်းသာမဏေများကျတော့ ကိုယ့်ဖာသာကိုယ် ဗိုက်ဆာလို့ ထမင်းစားတာကိုက ဆွမ်းစားတာကိုက ကုသိုလ်ရနေတယ်။ မြတ်စွာဘုရား ပညတ်ထားတဲ့ သိက္ခာပုဒ်တွေနဲ့ ညီအောင်စားမယ်ဆိုရင်ပေါ့လေ။

ဆွမ်းလုတ်ကို အကြီးကြီးမလုတ်ရဘူး၊ အသေးလေးလဲ မလုတ်ရဘူး၊ သင့်တော်ရုံလေးပဲ လုတ်ရတယ်။ ဒီတော့ ဆွမ်းလုတ်ကလေးကို အနေတော်လေး ဝန်းဝိုင်းအောင် ပြင်လိုက်တယ်ဆိုရင်ပဲ ဝိနည်းသိက္ခာပုဒ်ကို လိုက်နာရာရောက်နေတော့ ကုသိုလ်က ရနေပြန်ရော။

ဟင်းရည်တွေ ရှူးခနဲနေအောင် မသောက်ရဘူး။ ဒီတော့ ကိုယ်ဖာသာကိုယ် အာခေါင်ခြောက်လို့ ဟင်းရည်သောက်တာပဲ၊ မြတ်စွာဘုရား ပညတ်ထားတဲ့ သိက္ခာပုဒ်အတိုင်း ရှူးခနဲ ရှဲခနဲ မြည်အောင် မသောက်ဘဲ အသံမမြည်အောင် သတိလေးနဲ့ ထိန်းပြီးတော့ သောက်လိုက်မယ်ဆိုရင် မြတ်စွာဘုရား ပညတ်ထားတဲ့ သိက္ခာပုဒ်ကို လိုက်နာရာ ရောက်သွားတဲ့အတွက် ကုသိုလ်က ရနေပြန်တယ်။

ရှင်ရဟန်းဘဝဆိုတာ ကိုယ့်ထမင်း ကိုယ်စားလဲ ကုသိုလ်ရနေတယ်၊ ကိုယ့်အဝတ်ကိုယ်လျှော်လဲ ကုသိုလ်ရနေတယ်၊ ကိုယ့်ကျောင်းကြီး

http://www.dhammadownload.com


ကိုယ့်ကျင့်ငယ် စွန့်လဲ မြတ်စွာဘုရား ပညတ်ထားတဲ့ ဝိနည်းအတိုင်း စွန့်မယ်ဆိုရင် ကျင့်ကြီးစွန့်တိုင်း၊ ကျင့်ငယ်စွန့်တိုင်း ကုသိုလ်ရနေတယ်၊ ဘာဝနာတစ်ခုခုစိတ်ထဲမှာ ဘာမှ မထုံ့မွှမ်းလဲဘဲ ကုသိုလ်က အချိန်တိုင်း ရနေတာ။ သီလကုသိုလ်ရှုထောင့်က ပြောတာပေါ့နော်။

ဒါကြောင့်ကုသိုလ်တွေ အများကြီးလိုချင်လို့ ရဟန်းပြုပါတယ် ဆိုမှ အဖြေဟာမှန်မယ်၊ ကုသိုလ်ရချင်လို့ဆိုရင် လူဝတ်နဲ့လဲ ကုသိုလ် ရတာပဲ၊ ဘာလို့ရဟန်းဝတ်နေဦးမလဲ၊ ဒီလို စောဒကတက်လို့ ရပါတယ်။

■

သံသရာမှာချမ်းသာဖို့လည်း
ကုသိုလ်ရှိဖို့လိုပါတယ်။
သံသရာကလွတ်မြောက်ဖို့လည်း
ကုသိုလ်ရှိဖို့လိုပါတယ်။
ကုသိုလ်များများရှိလေ
ချမ်းသာများများခံစားရလေ
ကုသိုလ်မြင့်မြင့်ရှိလေ
နိဗ္ဗာန်မြန်မြန်ရောက်လေပါပဲ။
ကုသိုလ်အများဆုံးရချင်ရင်
ကုသိုလ်အမြင့်ဆုံးရောက်ချင်ရင်
ရဟန်းပြုတာအကောင်းဆုံးပါပဲ။

http://www.dhammadownload.com



## ရဟန်းဘဝကလူ့ဘဝထက် နိဗ္ဗာန်အရောက်ပိုမြန်တယ်

နောက်တစ်နည်းအားဖြင့်လည်း ကုသိုလ်တွေ များများရရုံတင် မကဘူး၊ ကုသိုလ်တွေ မြန်မြန်ရဖို့အတွက်လည်း ရဟန်းပြုရပါတယ်။

ကုသိုလ်ဆိုတဲ့နေရာမှာ အရဟတ္တမဂ်လို့ခေါ်တဲ့ ကုသိုလ်ထိ ရောက်မှ ကုသိုလ်လမ်းဆုံးပါတယ်။ အရဟတ္တမဂ်ကုသိုလ်ကို မရသေးမချင်း ကုသိုလ်လမ်းမဆုံးသေးဘူး၊ အဆင့်အမြင့်ဆုံးကုသိုလ် မဖြစ်သေးဘူး၊ ဒီတော့ အရဟတ္တမဂ်ကုသိုလ် ရပြီဆိုရင်တော့လည်း အရဟတ္တမဂ်ကုသိုလ်ရဲ့ အခြားမဲ့မှာ အရဟတ္တဖိုလ် ဖြစ်ပြီးတော့ ရဟန္တာဖြစ်သွားတာပဲ၊ နိဗ္ဗာန်ကို အပြီးတိုင် မျက်မှောက်ပြုသွားတာပါပဲ။

အဲဒီတော့ အရဟတ္တမဂ်ကုသိုလ်ဆီကို ရိုးရိုးလောကီ မဟာကုသိုလ်စိတ်တွေနဲ့ တစ်လှမ်းချင်းတစ်လှမ်းချင်း လျှောက်လှမ်းနေတဲ့နေရာမှာလဲ လူဝတ်ကြောင်ဘဝနဲ့ ကုသိုလ်တွေပြုပြီး လျှောက်လှမ်းတာထက် ရှင်ရဟန်းဘဝနဲ့ ကုသိုလ်တွေပြုပြီး လျှောက်လှမ်းတာက

http://www.dhammadownload.com

အရဟတ္တမဂ်ကုသိုလ်ကြီးဆီကို မြန်မြန်ရောက်နိုင်တယ်။

တစ်နည်းပြောရရင်တော့လည်း အရဟတ္တမဂ်ကုသိုလ်ဆိုတာ နိဗ္ဗာန်ကို အာရုံပြုဖို့အတွက်ပါပဲ၊ နိဗ္ဗာန်ကို ရရှိဖို့အတွက်ပါပဲ၊ အဲဒီတော့ နိဗ္ဗာန်ကို မြန်မြန်ရောက်စေနိုင်တဲ့ အရဟတ္တမဂ်ကုသိုလ်ကြီးရဖို့အတွက် ဆိုတာ ရှင်ရဟန်းဘဝက ပိုပြီး မြန်ပါတယ်။ ရှင်ရဟန်းဘဝနဲ့ ကုသိုလ်တရားတွေ ဖြည့်ဆည်းတာက အရဟတ္တမဂ်ကုသိုလ်ကြီးကို မြန်မြန် ပြည့်ဝစေနိုင်ပါတယ်။

မြတ်စွာဘုရားရှင်က လူဝတ်ကြောင်ဘဝဆိုတာ ဥဒေါင်းနဲ့တူ တယ်၊ ရှင်ရဟန်းဘဝဆိုတာက ဟင်္သာနဲ့တူတယ်တဲ့၊ စကားတန်ဆာ ပြည့်စုံအောင် ပြောမယ်ဆိုရင်တော့ လူဝတ်ကြောင်ဘဝဆိုတာ ရွှေဥ ဒေါင်းနဲ့တူတယ်၊ ရှင်ရဟန်းဘဝဆိုတာ ရွှေဟင်္သာနဲ့တူတယ်။ ရွှေလေး ထည့်ပြီး ပြောကြတာပေါ့။ ရွှေဥဒေါင်းနဲ့ ရွှေဟင်္သာ။

ရွှေဥဒေါင်းများကျတော့ အဆင်းသိပ်လှတာပဲ၊ ခေါင်းက လည်းပဲ အမောက်ကလေးနဲ့၊ လည်ပင်းကလည်းပဲ အရောင်စုံ အရစ် ကလေးနဲ့၊ တောင်ပံကလည်းအကွက်မျိုးစုံ၊ အဆင်မျိုးစုံ၊ အရောင်မျိုးစုံနဲ့၊ အမြီးလေးတွေကလည်း အကွက်မျိုးစုံ၊ အရောင်မျိုးစုံနဲ့၊ အမြီးကလေး များ ဖြန့်လိုက်ပြီဆိုရင် လှလှပပ အကွက်တွေပေါ်လို့၊ အင်မတန် အ ဆင်းလှတာပဲ။

ရွှေဟင်္သာများကျတော့ နှုတ်သီးကလည်း ပြားပြားနဲ့၊ ဘဲလိုပါ ပဲ။ လက်တွေခြေတွေကြည့်လိုက်ပြန်တော့လည်း လက်ချောင်းတွေ၊ ခြေချောင်းတွေကို သားရေပြားကြီးပတ်ထားသလို၊ အဆင်းအားဖြင့်

http://www.dhammadownload.com

ဘာမှ မတင့်တယ်ပါဘူး၊ ရွှေဥဒေါင်းလို ရောင်စုံ ကာလာစုံ မဟုတ်ပါဘူး။

ဒါပေမဲ့ အဆင်းလှတဲ့ ရွှေဥဒေါင်းနဲ့ အဆင်းမလှတဲ့ ရွှေဟင်္သာ ကောင်းကင်ပေါ်မှာ ပြိုင်ပြီးတော့ ပြေးကြပြီ၊ အပြေးပြိုင်ကြပြီဆိုရင် တော့ ရွှေဥဒေါင်းများက ယူဇနာဝက်ကလေးလောက်တောင်မှ ချွေး ဒီးဒီးကျ မောဟိုက်ပင်ပန်းပြီး ပျံသန်းရတယ်။

ဒီကြားထဲ အမောက်က ဟိုချုံငြိ၊ ဒီချုံငြိ၊ တောင်ပံက ဟိုငြိ၊ ဒီငြိ၊ အမြီးတံတွေကလည်း ဟိုခြုံငြိ၊ ဒီခြုံငြိ၊ ဟိုသစ်ပင်ငြိ၊ ဒီသစ်ပင်ငြိနဲ့ အဲဒီလို ငြိနေမယ်ဆိုရင်တော့ ခရီးတောင် မတွင်တော့ဘူး။

ဘာမှမငြိဘဲနဲ့ ခရီးသွားလို့ရတယ်ပဲထားဦး၊ သိပ်ခရီးရှည်ရှည် ဝေးဝေးမသွားနိုင်ဘူး။ ယူဇနာဝက်လောက်၊ တစ်ယူဇနာလောက်ဆိုရင်ပဲ မောဟိုက်ပြီးတော့ အောက်ကို ပြန်ကျလာတယ်။

ရွှေဟင်္သာများကျတော့ အဆင်းတော့ မလှပါဘူး၊ ဒါပေမဲ့ ကောင်းကင်ပေါ်ပြေးပြီဆိုရင်တော့ ယူဇနာတစ်ထောင်လောက်ကို မနား တမ်း၊ မမောမပန်းဘဲနဲ့ ပျံနိုင်ပါတယ်၊ အချိန်ကြာကြာလည်းပဲ ပျံနိုင် တယ်၊ အရှိန်အဟုန်ကောင်းကောင်းနဲ့လည်း ပျံနိုင်တယ်။

ရွှေဟင်္သာမှာကျတော့ ငြိစရာ အမောက်လည်းမရှိဘူး၊ ငြိစရာ တောင်ပံတွေလည်း မရှိဘူး၊ ငြိစရာ တွယ်စရာမရှိဘူးဆိုတော့ ပြေးတဲ့ တစ်လျှောက်မှာလည်း ဘယ်လိုအခက်အခဲနဲ့မှ မတွေ့ရတော့ဘူး။

လူဝတ်ကြောင်ဘဝဆိုတာ ရွှေဥဒေါင်းနဲ့တူတယ်၊ ကြည့်လိုက် မယ်ဆိုရင်တော့ အဆင်းသိပ်လှတာပေါ့၊ ခေါင်းကို ကြည့်လိုက်ပြန်တော့

http://www.dhammadownload.com

ဆံပင်ကလည်း ပုံစံမျိုးစုံ၊ ကေမျိုးစုံနဲ့၊ ဆင်ယင်ထုံးဖွဲ့ထားတဲ့ မျက်နှာမှာ ကြည့်လိုက်ပြန်တော့လည်း အရောင်မျိုးစုံ လိမ်းကျံခြယ်လှယ်လို့၊ ဝတ်ထားတဲ့ အင်္ကျီလုံချည်တွေကလည်း အရောင်အသွေးမျိုးစုံ၊ အဆင်မျိုးစုံ၊ အကွက်မျိုးစုံ၊ ဒီဇိုင်းမျိုးစုံ၊ ကြည့်လိုက်လို့ရှိရင် လူဝတ်ကြောင်ရဲ့အသွင်အပြင် အဆင်တန်ဆာဟာ အင်မတန် လှတာပဲ၊ အင်မတန် တင့်တယ်တာပဲ။

ရဟန်းသာမဏေများရဲ့ ဘဝ ကြည့်လိုက်တော့ ခေါင်းကလည်း ကတုံးတုံးထားတယ်၊ ဝတ်ထားတဲ့ အဝတ်ကလည်း သစ်ခေါက်ဆိုး၊ တစ်ရောင်ဆိုး၊ အဲဒီတစ်ရောင်ကလည်း ဘာမှမက်မောစရာမရှိဘူး၊ အညိုရင့်ရောင်ကြီး။ ချုပ်ထားလိုက်တာကလည်း အနည်းဆုံး ငါးစပ်လောက် ဖြတ်ပြီးတော့ ငါးစပ်လောက်တော့ ချုပ်ထားလိုက်တယ်၊ တစ်ပြင်တည်းတောင် မချုပ်သေးဘူး၊ ဖျက်လိုက် ချုပ်လိုက်၊ ဖျက်လိုက် ချုပ်လိုက်နဲ့ ရဟန်းတစ်ပါးရဲ့ အသွင်သဏ္ဌာန် အပေါ်ယံ အဆင်တန်ဆာ အသွင်သဏ္ဌာန်ကတော့ ဘာမှ မတင့်တယ်ပါဘူး။

လူဝတ်ကြောင်တွေလို မလှပါဘူး၊ ကာလာမျိုးစုံ ဝတ်ချင်လို့လည်း မရပါဘူး။ အညိုရောင် အညိုရောင်ပဲ၊ လူဝတ်ကြောင်တွေတော့ အရောင်မျိုးစုံ လှည့်ပတ်ပြီးတော့ တစ်နေ့တစ်မျိုး မရိုးရအောင် ဝတ်ဆင်လို့ရတယ်။ အဲဒီတော့ လူဝတ်ကြောင်တွေဟာ အဆင်းအားဖြင့်တော့ လှပါတယ်။ ရဟန်းသံဃာများဟာ၊ ရဟန်းသာမဏေများဟာ အဆင်းအားဖြင့်တော့ မလှဘူး။

ဒါပေမဲ့ လူဝတ်ကြောင်တစ်ယောက်နဲ့ ရဟန်းတစ်ပါးပြိုင်ပြီး

http://www.dhammadownload.com

တော့ တရားအားထုတ်ကြပြီဆိုရင်တော့ ရဟန်းသာမဏေတစ်ပါးရဲ့ ဝိပဿနာဉာဏ်အဟုန်ဟာ အင်မတန်ကောင်းတယ်၊ အချိန်ကြာကြာလည်းပဲ သွားနိုင်တယ်၊ ပြေးနိုင်တယ်၊ အရှိန်ပြင်းပြင်းနဲ့လည်းပဲ ပြေးနိုင်တယ်။

ရဟန်းသာမဏေများကျတော့ ငြိစရာ တွယ်စရာ သားသံယောဇဉ်၊ သမီးသံယောဇဉ်၊ ဆွေသံယောဇဉ်၊ မျိုးသံယောဇဉ်၊ ဟိုသံယောဇဉ်၊ ဒီသံယောဇဉ် အစရှိတဲ့ သံယောဇဉ်အနှောင်အဖွဲ့ အငြိအတွယ် အမြီးအမောက်တွေလည်း ဘာမှမရှိတော့ ဘာမှငြိတွယ်စရာ မလိုဘူး။ ပြေးရတာ၊ နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်ကြီးဆီကိုပြေးရတာ ခရီးအင်မတန်တွင်တယ်။

လူဝတ်ကြောင်များကျတော့ တရားအားထုတ်ပြီဆိုရင် သားသတိရ၊ သမီးသတိရ၊ ဆွေသတိရ၊ မျိုးသတိရ၊ ဟိုကိစ္စသတိရ၊ ဒီကိစ္စသတိရနဲ့ ငြိစရာ တွယ်စရာတွေက သိပ်ပြီးတော့ များတယ်။ သူ့ရဲ့ ဝိပဿနာဉာဏ်အဟုန်ဟာ အင်မတန်နှေးကွေးပါတယ်။ ရဟန်းသာမဏေများလောက် ဝိပဿနာဉာဏ်အဟုန် မကောင်းပါဘူး။

ဒါကြောင့် နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်ကြီးဆီကို လူဝတ်ကြောင်တစ်ယောက်နဲ့ ရဟန်းသာမဏေတစ်ပါးနဲ့ ပြိုင်ပြီးတော့ ပြေးကြပြီဆိုရင် ရဟန်း သာမဏေက ရှေ့ကနေ မြန်မြန်ရောက်ပါတယ်။ နောက်ကလူဝတ်ကြောင် ဘယ်လိုမှ လိုက်မမီနိုင်ပါဘူး။

ဝိပဿနာဉာဏ်အဟုန်ဆိုတာက လက်တွေ့အားမထုတ်ဖူးတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ဆိုရင်တော့ ကိုယ်နဲ့ မဆိုင်သလို သိပ်သဘော

http://www.dhammadownload.com

မပေါက်သလိုဖြစ်နေမယ်။ ဝိပဿနာဉာဏ်အဟုန်ဆိုတာ အသာထား လိုက်၊ သီလအဟုန်, သီလအားတစ်ခုကြည့်မယ်ဆိုရင်ပဲ ကွာချင်တိုင်း ကွာနေပြီ။

နိဗ္ဗာန်ခရီး ပျံသန်းတယ်ဆိုတာ ဝိပဿနာတစ်ခုတည်းမရဘူး၊ သီလသမာဓိပညာ သိက္ခာသုံးပါးနဲ့ ဖြည့်ကျင့်ပြီးတော့ သွားကြရတာ၊ အဲဒီတော့ သီလအနေနဲ့ကြည့်မယ်ဆိုရင် လူဝတ်ကြောင်တစ်ယောက် ဟာ ငါးပါးသီလလောက်ပဲ ရှိတယ်။ ဥပုသ်သီလတွေကို အမြဲတမ်း ဆောက်တည်နေတယ်ဆိုမှ ရှစ်ပါးသီလ၊ ဆယ်ပါးကတော့ အလွန်ဆုံး ပါပဲ။ ဆယ်ပါးကတော့ ဂိတ်ကုန်ပဲ။ ဒီထက်ပိုပြီး လူဝတ်ကြောင်နဲ့ ဆယ်ပါးထက် ပိုပြီး ဆောက်တည်ချင်ပါတယ်ဆိုလို့ မရတော့ဘူး။ စောင့်ထိန်းချင်ပါတယ်ဆိုလို့ မရတော့ဘူး။

အဲဒီတော့ လူဝတ်ကြောင်တစ်ယောက်ရဲ့ သီလအား၊ တစ် နည်းအားဖြင့် ပြောရင်တော့လည်း ခုနက ငှက်ဆိုတာ အသာထားလိုက် ပြီးတော့ ကားတွေရဲ့သဘော၊ စက်ကိရိယာ, စက်တပ်ယာဉ်တွေရဲ့ သဘောနဲ့ ပြောရမယ်ဆိုရင်တော့ လူဝတ်ကြောင်များရဲ့ အင်ဂျင်စက် က မြင်းကောင်ရေ ငါးကောင်အား၊ ရှစ်ကောင်အား၊ ဆယ်ကောင်အား ထိပဲ ရှိတယ်၊ အလွန်ဆုံး ဆယ်ကောင်အားလောက်ပဲ ရှိတယ်။

ကိုရင်ဆိုလို့ရှိရင်ပဲ ရှင်သာမဏေတစ်ပါးရဲ့ သီလတည်းဟူ သော မြင်းကောင်ရေအားက တစ်ရာ့နှစ်ဆယ်အားရှိတယ်၊ မြင်းကောင် ရေ တစ်ရာ့နှစ်ဆယ်အားရှိတယ်၊ အတိအကျဆိုရင်တော့ တစ်ရာ့တစ် ဆယ့်ကိုးပေါ့လေ။ အဲဒီတော့ ကိုရင်ဆိုရင်ပဲ သူ့ရဲ့သီလအင်ဂျင်စက်က

http://www.dhammadownload.com

တော်တော်လေး ပါဝါအားကောင်းနေပြီ။

ရဟန်းတော်ဆိုရင်တော့ မပြောနဲ့တော့၊ အကျဉ်းချုပ်အားဖြင့်ကိုပဲ နှစ်ရာ့နှစ်ဆယ့်ခုနစ်ပါးရှိတယ်။ မြင်းကောင်ရေ နှစ်ရာ့နှစ်ဆယ့်ခုနစ်ကောင်အား၊ အကျယ်အားဖြင့်ဆိုရင်တော့ ကုဋေကိုးထောင်ကျော်၊ မြင်းကောင်ရေ ကုဋေကိုးထောင်ကျော်ဆိုတော့ စဉ်းစားကြည့်တော့၊ အတိအကျပြောရင်တော့ ကုဋေပေါင်း ကိုးထောင်တစ်ရာ့ရှစ်ဆယ်နဲ့ အစွန်းထွက်က ငါးသန်းသုံးသောင်းခြောက်ထောင်၊ ရဟန်းတစ်ပါးရဲ့ သိက္ခာပုဒ်တွေဟာ အဲဒီလောက် များပါတယ်။

ဒါကြောင့် ရဟန်းတစ်ပါးရဲ့ နိဗ္ဗာန်ခရီးကိုသွားတဲ့ မဂ္ဂင်ယာဉ်ကြီးမှာ တပ်ထားတဲ့ သီလအင်ဂျင်ဟာ မြင်းကောင်ရေ ကုဋေကိုးထောင်ကျော်အား ရှိပါတယ်။ ဒီတော့ မြင်းကောင်ရေ ငါးကောင်အား၊ ရှစ်ကောင်အား၊ ဆယ်ကောင်အားနဲ့ ပြေးတဲ့သူထက် မြင်းကောင်ရေ နှစ်ရာ့နှစ်ဆယ့်ခုနစ်ကောင်အား၊ မြင်းကောင်ရေကုဋေကိုးထောင်ကျော်အားနဲ့ ပြေးတဲ့သူ ဘယ်သူက မြန်မြန်ရောက်မလဲ၊ မြင်းကောင်ရေ အားများတဲ့သူက ပိုရောက်မှာပေါ့။

ဒါကြောင့် လူဝတ်ကြောင်တစ်ယောက်နဲ့ ရဟန်းသာမဏေတစ်ပါးနဲ့ သီလဆိုတဲ့ အင်ဂျင်စက်အားကိုက အများကြီး ကွာနေပြီ၊ သမာဓိနဲ့ပညာမှာလည်းပဲ သံယောဇဉ် အနှောင်အဖွဲ့တွေ ကင်းရှင်းနေတဲ့ အတွက်ကြောင့် ပိုပြီးတော့ အားကောင်းပါတယ်။

ဒါကြောင့် ရဟန်းသာမဏေဘဝသည် ကုသိုလ်တွေများများလည်းရတယ်၊ မြန်မြန်လည်းရပါတယ်။ ဒါကြောင့် ရဟန်းသာမဏေ

http://www.dhammadownload.com

တစ်ပါးပါးက ကိုယ့်ကို တစ်စုံတစ်ယောက်က မင်း ဘာလို့ ရဟန်းပြု တာလဲ မေးရင် ငါ ကုသိုလ်တွေ အများဆုံးရချင်လို့၊ ကုသိုလ်တွေ အမြန်ဆုံး ပြည့်ဝချင်လို့ ငါ ရဟန်းပြုတာပါ၊ ကုသိုလ်တွေများများနဲ့ မြန်မြန်ရချင်လို့ ရဟန်းပြုတာပါလို့ ပြောလိုက်ရင် ဘုရားအလိုတော်ကျ ဖြေရာ ရောက်သွားပါတယ်။

အဲဒါလေးကို ဆိုလိုက်ကြရအောင်။


'များများမြန်မြန်၊ ကုသိုလ်လျှံ၊ ရရန်ရဟန်းပြု။'

ကုသိုလ်လျှံဆိုတာက ကုသိုလ်တွေ လျှံထွက်သွားလောက် အောင် များတယ်ပေါ့နော်။

■

လူဝတ်ကြောင်တစ်ယောက်အနေနဲ့
ရဟန်းတစ်ပါးရဲ့သီလကုသိုလ်ကို
ဘယ်လိုနည်းနဲ့မှလိုက်မမီနိုင်ပါဘူး။
သီလကုသိုလ်ဆိုတာ
ကုသိုလ်အားလုံးရဲ့အမာခံ
မြေကြီးနဲ့တူတဲ့အတွက်
ကြီးကျယ်တဲ့သီလမြေပေါ်မှာ
ရပ်တည်ပြီးပြုလိုက်တဲ့
ဒါနကုသိုလ်ကလည်း
ပိုပြီးအရည်အသွေးပြည့်ဝပါတယ်။
ဘာဝနာကုသိုလ်ကလည်း
ပိုပြီးအဆင့်အတန်းမြင့်ပါတယ်။

http://www.dhammadownload.com



## ရဟန်းမပြုရရင်အသက်အသေခံလိုက်မယ်

နောက်ရဟန်းပြုခြင်းရဲ့ ရည်ရွယ်ချက်တစ်ခုက ဘာတဲ့လဲ၊ မဂ်ဖိုလ်ရဖို့။ ဘာကြောင့် မဂ်ဖိုလ်ရဖို့ ရဟန်းပြုရတာလည်းဆိုတော့ မဂ်ဖိုလ်မှ မရဘူးဆိုရင် ဘဝခန္ဓာအသစ်တွေ ထပ်ထပ်ပြီးတော့ ဖြစ်ရမယ်၊ ဘဝခန္ဓာအသစ်တွေ ထပ်ထပ်ပြီးတော့ ဖြစ်ရင် ပဋိသန္ဓေနေရတဲ့ ဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲ၊ စိုးရိမ်ပူဆွေးရ ခြင်းဆင်းရဲ၊ ငိုကြွေးရခြင်းဆင်းရဲ၊ ကိုယ်ဆင်းရဲရခြင်းဆင်းရဲ၊ စိတ်ဆင်းရဲ ရခြင်းဆင်းရဲ၊ အပြင်းအထန်ပူပန်ရခြင်းဆင်းရဲ၊ ချစ်တဲ့သူတွေနဲ့ကွဲကွာရ ခြင်းဆင်းရဲ၊ မချစ်တဲ့သူတွေနဲ့ တွဲရခြင်းဆင်းရဲ အစရှိတဲ့ ဆင်းရဲဒုက္ခမျိုးစုံနဲ့ ကြုံတွေ့ရလိမ့်မယ်။

အဲဒီတော့ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ဖို့ဆိုတာက မဂ်ဖိုလ်ရမှဖြစ်တယ်၊ မဂ်ဖိုလ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှ ဖြစ်ပါတယ်။ ဒါကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး

http://www.dhammadownload.com

တော့ သံသရာဝဋ်ဆင်းရဲ အဆုံးသတ်နိုင်ဖို့အတွက် ရဟန်းပြုရပါတယ်။

ဒီလိုဆိုတော့ အလှမ်းကွာနေသလိုလို၊ ကိုယ်နဲ့ မဆိုင်သလိုလို ထင်နေရသေးတယ်။ ဒီတော့ ကိုယ့်ရဲ့ လက်တွေ့ဘဝနဲ့ နီးစပ်အောင် မဂ်ဖိုလ်ရဖို့ ဆိုတဲ့ ရည်ရွယ်ချက်ကလေးကို တခြားစကားလုံးနဲ့၊ မိမိရဲ့ ဘဝခံစားချက်၊ ဘဝအတွေ့အကြုံနဲ့ နှိုင်းယှဉ်ပြီးတော့ စကားလုံး အစား ထိုးပြီး နှလုံးသွင်းလို့ ရပါတယ်။

ဒီနေရာမှာ မဂ်ဖိုလ်ရဖို့ဆိုတဲ့ ရည်ရွယ်ချက်ကလေးကို လက် တွေ့ဘဝနဲ့ နီးစပ်တဲ့စကားလုံးတွေနဲ့ နှလုံးသွင်းဖို့အတွက် အရှင်ရဋ္ဌပါလ ပြောကြားသွားတဲ့ စကားလုံးလေးတွေနဲ့ အစားထိုးပြီးတော့ နှလုံးသွင်း ကြည့်ကြရအောင်။

အရှင်ရဋ္ဌပါလ ဆိုတာ ရှင်ပြုသူတိုင်း ရဟန်းပြုသူတိုင်း အမြဲ တမ်း သတိတရရှိသင့်တဲ့ မထေရ်မြတ်ဖြစ်ပါတယ်။ သာသနာ့ဘောင်ကို သဒ္ဓါတရားနဲ့ ဝင်လာတဲ့ ပုဂ္ဂိုလ်တွေထဲမှာ အမြတ်ဆုံး အသာဆုံးဆို ပြီးတော့ မြတ်စွာဘုရားရှင်ကိုယ်တိုင် ဘွဲ့အပ်နှင်းချီးမြှင့်ခံရတဲ့ မထေရ် မြတ်ဖြစ်ပါတယ်။

သာသနာ့ဘောင် ဝင်ရောက်ချင်တဲ့ ဆန္ဒ၊ ရဟန်းပြုချင်တဲ့ ဆန္ဒ ဘယ်လောက်တောင် ပြင်းပြသလဲဆိုရင် ရဟန်းပြုနိုင်ဖို့အတွက် မိဘနှစ်ပါးကို ခုနစ်ရက်တိုင်တိုင် အစာငတ်ခံဆန္ဒပြပြီးတော့မှ ရဟန်းပြုခွင့် ရတဲ့ မထေရ်မြတ်ဖြစ်ပါတယ်။

သူနေတဲ့ ထုလ္လကောဋ္ဌိကလို့ခေါ်တဲ့ နိဂုံးကို မြတ်စွာဘုရား ကြွလာတယ်၊ ကြွလာပြီးတော့ တရားဒေသနာတွေ ဟောကြားတယ်၊

http://www.dhammadownload.com

မြတ်စွာဘုရား ဟောတဲ့ တရားကို နာကြားပြီးတော့ သဒ္ဒါတရားတွေ ဖြစ်လာတယ်၊ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေလို့ရှိရင်တော့ ဒီမြတ်သောအကျင့်လို့ခေါ်တဲ့ အကျင့်ထူး အကျင့်မြတ်ကို ပြည့်ပြည့်စုံစုံ ဖြည့်ကျင့်နိုင်မှာမဟုတ်ဘူး။ ဖြူဖြူစင်စင် ဖြည့်ကျင့်နိုင်မှာမဟုတ်ဘူး၊ အထွတ်အထိပ်ရောက်အောင် ဖြည့်ကျင့်နိုင်မှာမဟုတ်ဘူး။

ဒီတော့ ငါရဟန်းပြုပြီးတော့ပဲ မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို လိုက်နာကျင့်ကြံအားထုတ်မယ်၊ မြတ်စွာဘုရားဟောလိုက်တဲ့ တရားလေးကို တစ်ပုဒ်နာလိုက်ရုံနဲ့ သဒ္ဒါတရားတွေဖြစ်ပြီး ရဟန်းပြုချင်တဲ့ ဆန္ဒတွေ တဖွားဖွားပေါ်လာတယ်။

ပေါ်လာပြီးတော့ တရားပွဲပြီးတာနဲ့ မြတ်စွာဘုရားကို ရဟန်းပြုဖို့ ခွင့်တောင်းတယ်၊ မြတ်စွာဘုရားက မိဘဆီခွင့်တောင်းပါဦးလို့ ပြောတဲ့အတွက်ကြောင့် မိဘနှစ်ပါးမှာ ခွင့်ပန်ပါတယ်၊ မိဘနှစ်ပါးကလဲ တစ်ဦးတည်းသောသားဖြစ်တဲ့အတွက်ကြောင့် လုံးဝခွင့်မပြုပါဘူး။

"ချစ်သား .... သင်ဟာ အဖေတို့ အမေတို့ရဲ့ တစ်ဦးတည်းသောသားဖြစ်ပါတယ်၊ အဖေတို့ အမေတို့ အရမ်းကိုချစ်ရတဲ့၊ သိပ်ကိုချစ်ရတဲ့၊ သိပ်ကိုနှစ်သက်မြတ်နိုးရတဲ့ သားလေးဖြစ်ပါတယ်၊ တကယ်လို့ သားလေးသေသွားခဲ့ရင်တောင် အဖေတို့ အမေတို့က မခွဲမခွာချင်ဘဲနဲ့ ခွဲခွာရမှာပါ၊ အခုလို သက်ရှိထင်ရှားရှိနေရက်နဲ့တော့ အဖေတို့ အမေတို့ ဘယ်လိုမှ မခွဲခွါနိုင်ပါဘူးသား။

"ပြီးတော့ သားက အင်မတန်သိမ်မွေ့လွန်းတယ်၊ အင်မတန်နူးညံ့လွန်းတယ်၊ မွေးဖွားကတည်းက မမွေးခင်ကတည်းက ချမ်းချမ်းသာ

http://www.dhammadownload.com

သာနဲ့ စောင့်ရှောက်ပြီးတော့ ကြီးပြင်းလာခဲ့ရတဲ့ သားလေးဖြစ်တယ်။

"ဆင်းရဲဒုက္ခဆိုတာ နာမည်လေးတောင်မှ သားကကြားဖူးတာ မဟုတ်ဘူး၊ ရှင့်ဘဝ ရဟန်းဘဝဆိုတာ အင်မတန်ဒုက္ခများတယ်၊ အပူ လိုချင်ပေမယ့် အအေး ရချင်ရတယ်၊ အအေး လိုချင်ပေမယ့် အပူ ရချင်ရတယ်၊ ကိုယ်ဖြစ်ချင်တာက တစ်မျိုး၊ ကိုယ်ဖြစ်လာတာက တစ်မျိုး။ သူတပါးပေးစာကမ်းစာကို မှီခိုပြီးတော့ နေရတဲ့အတွက်ကြောင့် ကိုယ့်ဆန္ဒအတိုင်း ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ငါ့သားလည်း သာသနာ့ဘောင်မှာ ကြာရှည်နေနိုင်မှာ မဟုတ်ပါဘူး။

"ဒီတော့ အဖေတို့ အမေတို့ကို မနှိပ်စက်ပါနဲ့၊ ရှင်ကွဲကွဲအောင် တော့ မလုပ်ပါနဲ့"။ ခွင့်မပြုပါဘူး။ သုံးကြိမ်တိုင်တိုင်တောင်းပန်ပါတယ်၊ မိဘက သုံးကြိမ်တိုင်တိုင် ပယ်ဖျက်ပါတယ်။

အဲဒီတော့ မိဘက ခွင့်မပြုတဲ့အတွက်ကြောင့် ကဲလေ အဖေ အမေစိတ်ချမ်းသာအောင် မဝတ်တော့ပါဘူး။ ဒီလိုမရှိပါဘူး။

အခင်းမရှိတဲ့ မြေကြီးပေါ်မှာ ပက်လက်လှန်အိပ်လိုက်ပြီးတော့ သန္နိဋ္ဌာန်ချလိုက်တယ်၊ ရဟန်းပြုခွင့် မရမချင်း ဒီနေရာက မထတော့ဘူး၊ ဒီနေရာမှာပဲ သေပစေတော့၊ 'သေရင်သေ၊ မသေရင် ရဟန်းပြု' ဆိုတဲ့ ခံယူချက်နဲ့ အခင်းမရှိတဲ့ မြေကြီးပေါ်မှာ ပက်လက်လှန်အိပ်ပြီးတော့ အစာလည်း လုံးဝ မစားတော့ဘဲ ဆန္ဒပြပါတော့တယ်။

ဒီတော့ မိဘနှစ်ပါးက သားလေးကို အတင်းဖျောင်းဖျပါတယ်၊ ဘယ်လိုမှ ထပြီးတော့ အစာမစားပါဘူး၊ ခုနစ်ရက်လုံးလုံး ထမင်း တစ်ဆယ့်လေးနပ် လုံးဝ မစားတော့ဘူး။

http://www.dhammadownload.com


ဒီတော့ အမျိုးကောင်းသားရဲ့ သူငယ်ချင်းတွေကလည်းပဲ၊ သူ့အင်မတန်ချစ်တဲ့၊ သူကလည်း စကားလေးစားတဲ့ စကားနားထောင်တဲ့ သူငယ်ချင်းတွေကလည်း လာပြီးတော့ ဖျောင်းဖျတယ်။

'သူငယ်ချင်း .... ၊ ဒီလိုမလုပ်ပါနဲ့၊ မင်း အဖေအမေမှာ မင်း တစ်ယောက်ပဲရှိတာ၊ သားဆိုလို့ ဒီတစ်ယောက်ပဲ ရှိတာ၊ မင်းသာ တကယ်လို့ ရဟန်းပြုသွားရင် အဖေအမေ ရင်ကွဲပြီး သေလိမ့်မယ်၊ ဒီတော့ ထပြီးတော့ အစာစားပါ၊ မိဘနှစ်ပါးမရှိတဲ့ အချိန်မှ ရဟန်းပြုချင်ပြုပေါ့' စသည်အားဖြင့် သူငယ်ချင်းတွေကလည်း အမျိုးမျိုး ဖျောင်းဖျပါတယ်။ ဒါပေမဲ့ အမျိုးကောင်းသားကတော့ သူ့ရဲ့ဆုံးဖြတ်ချက်ကို မပြင်တော့ပါဘူး၊ ရဟန်းပြုခွင့်ရရင်ရ၊ မရရင် ဒီနေရာမှာပဲ သေတာကောင်းပါတယ်။ ဘယ်လိုမှ ပြောမရတဲ့အတွက်ကြောင့် အမျိုးကောင်းသားရဲ့ သူငယ်ချင်းတွေက မိဘကို ရဟန်းပြုခွင့်ပေးလိုက်ဖို့ ဝိုင်းဝန်းပြီး ပြောကြတယ်။

'တကယ်လို့သာ ဦးတို့ အဒေါ်တို့က ရဟန်းပြုခွင့် မပေးဘူးဆိုရင် ဒီနေရာမှာပဲ သူသေသွားလိမ့်မယ်၊ သေသွားရင် တွေ့ချင်ပါတယ်ဆိုရင်တောင် တွေ့ရတော့မှာမဟုတ်ဘူး၊ ရဟန်းပြုပြီးတော့ နေတာကမှ ရဟန်းဝတ်ကလေးနဲ့ ကိုရင်ဝတ်ကလေးနဲ့ ဦးပဥ္စင်းဝတ်ကလေးနဲ့ တွေ့ရလိမ့်ဦးမယ်၊ ဒီတော့ ရဟန်းပြုခွင့်ပေးလိုက်ပါ၊ ကျွန်တော်တို့ သူငယ်ချင်းကတော့ ဆုံးဖြတ်ချက်ကို လုံးဝ ပြင်မှာ မဟုတ်တော့ဘူး။'

အဲဒီလို ဝိုင်းဝန်းဖျောင်းဖျတော့ မိဘနှစ်ပါးကလည်း သဘောပေါက်သွားတာနဲ့ ရဟန်းပြုခွင့်ပေးလိုက်ပါတယ်။

http://www.dhammadownload.com



# အဆင့်မြင့်ချမ်းသာခံစားနေရမှတော့ အဆင့်နိမ့်ချမ်းသာတပ်မက်ပါဦးမလား

နိဂုံးမှာ မြတ်စွာဘုရားက တစ်ဆယ့်ငါးရက်ပဲ သီတင်းသုံးတာဆိုတော့ တစ်ဆယ့်ငါးရက် အဲဒီမှာနေပြီးတော့ မြတ်စွာဘုရားနဲ့ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းကို လိုက်သွားတယ်၊ ဇေတဝန်ကျောင်း ရောက်တော့ မြတ်စွာဘုရားညွှန်ကြားတဲ့ သမထ၊ ဝိပဿနာကမ္မဋ္ဌာန်း တရားတွေကို ပွားများအားထုတ်လိုက်တဲ့အတွက်ကြောင့် မကြာခင် အချိန်ပိုင်းကလေးမှာပဲ ရဟန္တာဖြစ်သွားပါတယ်။

ရဟန္တာဖြစ်ပြီးတဲ့နောက် မိဘကျေးဇူးဆပ်မယ်၊ မိဘကျေးဇူးကို တရားဓမ္မနဲ့ ကျေးဇူးဆပ်မယ်ဆိုပြီးတော့ နိဂုံးကိုပြန်လာပါတယ်။ အဲဒီလို ပြန်လာတော့ ဆွမ်းခံထွက်တဲ့အချိန်မှာ မိဘနှစ်ပါးရဲ့ အိမ်မှာ သွားပြီးတော့ ဆွမ်းခံရပ်တယ်။

ဒီအချိန်မှာ ဖခင်ဖြစ်တဲ့ပုဂ္ဂိုလ်က ပြတင်းပေါက်တစ်ပေါက်ကနေ ဆံပင်ဖြီးပြီးတော့နေတယ်၊ ဆံပင်ဖြီး ခေါင်းဖြီးပြီးတော့ နေနေတဲ့

http://www.dhammadownload.com

အချိန်မှာ ရဟန်းတော်တစ်ပါးကို တွေ့လိုက်တော့ လှမ်းပြီးတော့ အော်ဆဲတော့တာပဲ။

သူက သူ့သားရဟန်းပြုသွားတဲ့အချိန်ကစပြီး ဘုန်းကြီးမြင်ရင် ဆဲတော့တာပါပဲ၊ စာအတိုင်း အတိအကျပြောရမယ်ဆိုရင်တော့ ဒီကတုံးစုတ်တွေ ဒီရဟန်းယုတ်တွေ ငါ့ရဲ့တစ်ဦးတည်းသောသား၊ ငါတို့ရဲ့ အင်မတန်ချစ်ရတဲ့သားလေးကို ရဟန်းပြုခေါ်သွားကြတယ်။ ငါတို့ရဲ့ သားကို ငါတို့ရဲ့ ရင်ခွင်ကနေ ဆွဲထုတ်ပြီး သွားကြတယ်။

'ကတုံးစုတ်တွေ၊ ရဟန်းယုတ်တွေ' ဆိုပြီးတော့ သူကဒီလိုပဲ အမြဲဆဲဆိုနေတယ်၊ အဲဒီတော့ သူ့သား အရှင်ရဋ္ဌပါလ ပြန်လာတာကိုလဲ သူ့သားမှန်းမသိတော့ သူက ထုံးစံအတိုင်း ဆဲတော့တာပါပဲ။ ဒီကတုံးစုတ်တွေက ငါ့သားကို ငါတို့ရင်ခွင်က ဆွဲထုတ်သွားတယ်။ မကျေနပ်ဘူး။ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ အမျိုးမျိုးဆဲဆိုပြီးတော့နေတယ်။ အဲဒီတော့ အရှင်ရဋ္ဌပါလလည်း ဆဲသံဆိုသံပဲရတယ်။ ကန်တော့ ဆွမ်းဆိုတဲ့ စကားလေးတောင်မရတော့ ဒီအတိုင်းပဲ ပြန်လာခဲ့ရတယ်။ မြင်တာနဲ့တောင် လှမ်းဆဲနေမှတော့ အိမ်ပေါ်တက်ရင်တော့ ရိုက်မလား၊ နှက်မလား မသိဘူးပေါ့လေ၊ အဲဒါနဲ့ ဒီအတိုင်းပဲ ပြန်လာတယ်။

အဲဒီအချိန်မှာပဲ သူတို့ အိမ်က အိမ်ဖော်မလေးပေါ့လေ၊ သူနဲ့ ဆွေမျိုးရင်းချာလိုဖြစ်နေတဲ့ အိမ်ဖော်မလေးကလည်း သိုးပုပ်နေတဲ့ မုန့်ကလေးတွေ အမှိုက်ပုံမှာ သွားပစ်ဖို့ဆိုပြီး ခြံအပြင်ကို ယူထုတ်ပြီးတော့ လာတယ်။

အဲဒါကို အရှင်ရဋ္ဌပါလက တွေ့တော့ နှမ ဒီမုန့်က လွှင့်ပစ်

http://www.dhammadownload.com

မလို့လား၊ ဟုတ်ပါ့ဘယ်၊ ပုပ်သိုးနေလို့ ဘယ်လိုမှ စားလို့မရတော့လို့ လွှင့်ပစ်မလို့ပါ၊ လွှင့်ပစ်မယ့်အတူတူတော့ ဒီသပိတ်ထဲပဲ လောင်းထည့်လိုက်ပါတော့ဆိုတော့ အိမ်ဖော်မလေးကလည်း လောင်းထည့်လိုက်ပါတယ်။

လောင်းထည့်ရင်းနဲ့ ရဟန်းတော်ရဲ့ စကားသံတွေ၊ မျက်နှာအသွင်အပြင်၊ အမူအရာတွေ၊ လက်ဆံခြေဆံတွေ၊ လက်အမူအရာ ခြေအမူအရာတွေ သေချာ အကဲခတ်ပြီး ကြည့်လိုက်တော့ အော် လက်စသတ်တော့ ငါတို့ရဲ့ အရှင်သခင် အရှင်ရဋ္ဌပါလဆိုတာသိသွားတယ်၊ သိသွားတော့ အရှင်ရဋ္ဌပါလရဲ့ မိဘနှစ်ပါးဆီကို ပြေးပြီးတော့ သတင်းပို့တယ်၊ မိဘနှစ်ပါးကလဲ သိတာနဲ့ တစ်ပြိုင်နက် လိုက်လာတယ်။

အရှင်ရဋ္ဌပါလကလည်း ခုနသိုးပုပ်နေတဲ့ မုန့်လေးကို အလှူခံသွားပြီးတော့ နံရံတစ်ခုမှာ၊ နံရံခြေတစ်ခုမှာ ထိုင်ပြီးတော့ ဒီမုန့်လေးကိုပဲ မြိန်ရေရှက်ရေနဲ့ ဘုဉ်းပေးနေတယ်။

မိဘနှစ်ပါးက လိုက်လည်းသွားရော အမှိုက်ပုံမှာ လွှင့်ပစ်တဲ့ အသိုးအပုပ် မုန့်လေးကို မြိန်မြိန်ရှက်ရှက် ဘုဉ်းပေးနေတာလည်း တွေ့ရော၊ ရင်ပတ်စည်တီး မျက်ရည်ကြီးငယ် ကျပြီးတော့ ဖြစ်မှဖြစ်ရလေသားရယ်၊ အဖေအမေ အိမ်ရှိနေတာပဲ။ အဖေအမေအိမ်မှာ လာပြီးဆွမ်းဘုဉ်းပေးပါတော့လား၊ အခုတော့ အမှိုက်ပုံလွှင့်ပစ်ရမယ့်မုန့်ကိုမှ စားရလေခြင်း၊ မျက်ရည်မဆည်နိုင်အောင်ဖြစ်ပြီး အိမ်ကြွပါ၊ အိမ်မှာ ဆွမ်းဘုဉ်းပေးပါ၊ ဒကာကြီး ဒီနေ့တော့ ဆွမ်းကိစ္စ ဒီမုန့်နဲ့ပဲပြီးသွားပါပြီ၊ ဒါဖြင့် နက်ဖြန်ကြွပါဆိုပြီးတော့ နောက်တစ်နေ့ဆွမ်းစားပင့်လိုက်တယ်။

http://www.dhammadownload.com

ဆွမ်းစားမကြွခင်မှာ မိဘနှစ်ပါးက မိမိရဲ့သားကို လူပြန်ထွက်လာအောင် အစီအစဉ်တွေချတယ်၊ သားလေး ရဟန်းပြုပြီးတော့ ဒီမြို့ ပြန်လာတာကတော့ ကေန္တ သာသနာ့ဘောင် မပျော်လို့ထင်တယ်၊ လူထွက်ချင်လို့ထင်တယ်၊ သာသနာ့ဘောင်မှာ ပျင်းနေလို့ ထင်တယ်၊ ဒါဆိုရင်တော့ ငါတို့ ဆန္ဒပြည့်ဝတော့မှာပဲ။

ဒီတော့ လူဝတ်လဲအောင် ပြန်လာတဲ့၊ လူထွက်ချင်တဲ့စိတ်နဲ့ပြန်လာတဲ့ သားကို ငါတို့ကပဲ ရေလာမြောင်းပေးစပြီးတော့ လုပ်မယ်၊ လူထွက်ချင်တဲ့စိတ်လည်း ပိုပြီးတော့ နှိုးဆွပေးမယ်ဆိုပြီးတော့ နောက်တစ်နေ့ သားရဟန်း ဆွမ်းစားကြွမလာခင်မှာ အိမ်မှာရှိတဲ့ ရွှေငွေကျောက်သံပတ္တမြားတွေကို အပုံကြီးပုံ၊ အရှင်ရဋ္ဌပါလကလည်း လူပျိုဘဝနဲ့ ရဟန်းပြုသွားတာတော့ မဟုတ်ပါဘူးနော်၊ သူ့ရဲ့ဇနီးဟောင်းတွေလဲရှိတယ်။

အဲဒီသူ့ရဲ့ ဇနီးဟောင်းတွေကိုလည်းပဲ အရင် လူဝတ်ကြောင်နဲ့တုန်းက အရှင်ရဋ္ဌပါလ သဘောကျတဲ့ အရောင်အသွေး အဝတ်အဆင်ဒီဇိုင်းလေးတွေနဲ့ ဝတ်ပြီးတော့ အစွမ်းကုန် အလှပြင်ထားကြဆိုပြီးတော့ သူ့ရဲ့ ဇနီးဟောင်းတွေကိုလည်း အစွမ်းကုန် အလှပြင်ဆင်ယင်ထားတယ်၊ သင်တို့ရဲ့ မာယာအတတ်နဲ့ ငါ့ရဲ့သားကို ပြန်ပြီးတော့ လူထွက်အောင် ဖြားယောင်းကြပေတော့။

ဒါနဲ့ နောက်တစ်နေ့ အရှင်ရဋ္ဌပါလ ဆွမ်းစားလည်းကြွလာရော ရွှေပုံကြီးဖွင့်ပြပြီးတော့ ဒီမယ်သား ဒီပစ္စည်းတွေဟာ သားရဲ့ အမေဘက်က ပါလာတဲ့ ပစ္စည်းတွေပဲ ရှိသေးတယ်၊ အဖေ့ဘက်က ပါလာ

http://www.dhammadownload.com


တဲ့ပစ္စည်းတွေ ဘိုးဘွားတွေဘက်က ပါလာတဲ့ ပစ္စည်းတွေကတော့ မရေမတွက်နိုင်အောင် ကျန်ပါသေးတယ်။

ဒီတော့ သား လူထွက်ပြီးတော့ ဒီပစ္စည်းဥစ္စာတွေနဲ့ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေကို သုံးဆောင်ခံစားပါ၊ ဒါနသီလစတဲ့ ကုသိုလ်ကောင်းမှုတွေကိုလည်း ပြုပါ၊ ရခဲတဲ့ လူဘဝလေး ရခိုက်မှာ ပျော်ပျော်ပါးပါးလေးနေစမ်းပါသားရယ်။မိဘနှစ်ပါးကလည်း လူထွက်ဖို့ပြောတယ်၊ မလိုချင်ပါဘူး၊ လုံးဝငြင်းပယ်ပါတယ်။

တစ်ခါ သူ့ရဲ့ဇနီးဟောင်းတွေကလည်း သူတို့ရဲ့ မာယာတွေနဲ့ အမျိုးမျိုးပဲ ဖြားယောင်းကြတယ်၊ ဖြားယောင်းပေမယ့် အရှင်ရဋ္ဌပါလက လုံးဝ လက်မခံပါဘူး၊ နှမတို့ ငါ့ကို ဒီလို မဖြားယောင်းကြပါနဲ့၊ သူ့ရဲ့မယားဟောင်းတွေကလည်း ဇနီးဟောင်းတွေကလည်း နှမဆိုတဲ့ စကားလုံး သုံးနှုန်းလိုက်တာနဲ့ တစ်ပြိုင်နက် မေ့မြောပြီးတော့ သွားကြတယ်။ ဟိုတုန်းကလို ခေါ်ဝေါ်တာမှမဟုတ်တော့တဲ့၊ မောင်နှမအရင်းလိုပဲ စိတ်ထားပြီးတော့ အသုံးအနှုန်းကအစ မောင်နှမအရင်းအချာမှာ သုံးတဲ့ အသုံးအနှုန်းမျိုးသုံးလိုက်တော့ အကုန်လုံးမေ့မြောကုန်ကြတယ်။

အဲဒီတော့ အရှင်ရဋ္ဌပါလက ခမည်းတော်တို့ မယ်တော်တို့ သားရဟန်းကို ဒီလို ပစ္စည်းဥစ္စာတွေပြ၊ အမျိုးသမီးတွေ ပြပြီးတော့ မနှိပ်စက်ပါနဲ့၊ ဆွမ်းကပ်မှာဖြင့် မြန်မြန်ဆွမ်းကပ်ပါ၊ ဒီတော့ မိဘနှစ်ပါးကလည်း ဘယ်လိုမှ ဖြားယောင်းလို့မရတော့ ဆွမ်းကပ်လိုက်ကြပါတယ်၊ ဆွမ်းကပ်ပြီးတော့ မင်းဥယျာဉ်ကြီးထဲကို သွားပြီးတော့ အရှင်ရဋ္ဌပါလက သီတင်းသုံးနေပါတယ်။

http://www.dhammadownload.com



## ရဟန်းလောကဆိုတာ
## ဒုက္ခသည်တွေရဲ့စုဝေးပေါင်းဆုံရာတဲ့လား

အဲဒီအချိန်မှာ ကောရဗျမင်းကြီးကလည်းပဲ အရှင်ရဋ္ဌပါလ သင်္ကန်းဝတ်သွားတယ်ဆိုကတည်းက သူကလည်း စိတ်ဝင်စားနေတယ်၊ ဒီလောက်ချမ်းသာတဲ့ သူဌေးသား၊ ဒီလောက်ရုပ်ချောတဲ့ သူဌေးသား၊ ဒီလောက် ဆွေဂုဏ်မျိုးဂုဏ်တင့်တယ်တဲ့ သူဌေးသား၊ မိတ်ဆွေအပေါင်းအသင်း ဒီလောက်များတဲ့သူဌေးသား၊ မြို့မျက်နှာဖုံးသူဌေးသား၊ ဘာလို့များ ဒီ စည်းစိမ်တွေ စွန့်ပြီးတော့ ရဟန်းပြုသွားရတာပါလိမ့်။

ရဋ္ဌပါလသတို့သား ရဟန်းပြုသွားတဲ့အချိန်က စပြီးတော့ မင်းကြီးကလည်း ရဋ္ဌပါလအကြောင်းတဖွဖွပြောနေတယ်၊ သူ ဘာလို့များ ရဟန်းပြုပါလိမ့်၊ ဆင်းရဲဒုက္ခတွေရောက်လို့ ရဟန်းပြုတယ်ဆိုရင်တော့ သူအံ့သြမှာ မဟုတ်ဘူး။

အစစအရာရာ ပြည့်စုံနေပါလျက်နဲ့၊ အစစအရာရာ အဆင့်

http://www.dhammadownload.com

အတန်းမြင့်တဲ့ ဘ၀အနေအထားမှာ ရောက်နေပါလျက်နဲ့ ရဟန်းပြုသွားတာ သူ သိပ်အံ့သြတယ်၊ အံ့သြတော့ ရဋ္ဌပါလဆိုတဲ့စကားလုံးက နှုတ်က မချတော့ဘူး၊ တိုင်းသူပြည်သားအားလုံးကလည်းပဲ ရှင်ဘုရင်ကြီး မကြာခဏပြောတဲ့ စကားဆိုတော့ နားရည်ဝနေတယ်။

ဒါနဲ့ မင်းရဲ့ ဥယျာဉ်စောင့်ကလည်း ရဋ္ဌပါလ ဥယျာဉ်ထဲမှာ လာသီတင်းသုံးတာလည်း တွေ့ရော၊ ဧကန္တ ဒါ ဒို့ ရှင်ဘုရင်ကြီးပြောတဲ့ အရှင်ရဋ္ဌပါလ ဆိုတာပဲဖြစ်ရမယ်ဆိုပြီးတော့ ဘုရင်ကြီးကို သတင်းပို့ပါတယ်၊ အရှင်မင်းကြီးရဲ့ ဥယျာဉ်မှာ အရှင်ရဋ္ဌပါလမထေရ် ရောက်နေပါပြီ။

အဲဒီတော့ မင်းကြီးလည်း ချက်ချင်းပဲ ရောက်လာတယ်၊ ရောက်ပြီးတော့ သူသိချင်တာကို ချက်ချင်းပဲ မေးလိုက်ပါတယ်။

အရှင်ဘုရား လောကမှာ ရဟန်းပြုကြတယ်ဆိုတာ တပည့်တော်ရဲ့ အတွေ့အကြုံအရ၊ တပည့်တော်ရဲ့ အယူအဆအရတော့ အယူအဆဆိုတာထက် တပည့်တော် ကိုယ်တိုင်တွေ့နေရတဲ့အတွေ့အကြုံအရတော့ ရဟန်းပြုကြတယ်ဆိုတာ အကြောင်းလေးပါးကြောင့် ပြုကြတာပါ။

တချို့တချို့ ပုဂ္ဂိုလ်တွေဟာ 'ဇရာ' အိုမင်းရင့်ရော်သွားပြီ၊ အသက်ကြီးသွားပြီ၊ လူ့လောကမှာ လူ့အသိုင်းအဝိုင်းမှာ ဘာမှ သုံးလို့ မရတော့ဘူး၊ အဲဒီလို အသက်ကြီးသွားလို့ အိုမင်းသွားတော့မှ လူ့ဘ၀ လူ့လောကမှာ လူ့အသိုင်းအဝိုင်းမှာ ဘာမှသုံးမရတော့မှ၊

အိုမင်းရင့်ရော် သွားတော့ မရသေးတဲ့ စည်းစိမ်ဥစ္စာတွေလည်း

http://www.dhammadownload.com

ရအောင်မလုပ်နိုင်တော့ဘူး၊ ရပြီးသား စည်းစိမ်ဥစ္စာတွေကိုလည်း တည်မြဲအောင် မကြိုးစားနိုင်တော့ဘူး။ ဒါကြောင့် ရဟန်းပြုတာပဲ ကောင်းပါတယ်၊ ဘုန်းကြီးဝတ်တာပဲ ကောင်းပါတယ် ဆိုပြီးတော့ အသက်ကြီးမှပဲ အိုခြင်းဆိုတဲ့ သဘောတရားနှိပ်စက်လို့ ရဟန်းပြုကြတာတပည့်တော်တွေ့ဖူးပါတယ်။ အိုမှပဲ ရဟန်းပြုကြရတာဖြစ်ပါတယ်။

အခု အရှင်ဘုရားက အသက်ကလေးက ငယ်ငယ်လေးရှိသေးတယ်၊ အရွယ်ကလည်း နုနယ်သေးတယ်၊ ရုပ်ဆင်းကလည်း အင်မတန် ပျိုမျစ်ပါတယ်၊ ဆံပင်ကလေးကလည်း မည်းနက်နေတုန်းပဲ ရှိသေးတယ်။ အခုလို ငယ်တုန်းရွယ်တုန်း နုပျိုတုန်းမှာ ဘာဖြစ်လို့ အရှင်ဘုရားက ရဟန်းပြုရတာလဲ။

နောက်တစ်ချက်ကတော့ "ဗျာဓိ" လောကမှာ တချို့ပုဂ္ဂိုလ်တွေဟာ အနာရောဂါတွေ နှိပ်စက်လို့၊ ကုမရတဲ့ ရောဂါတွေဖြစ်လို့ ဒီရောဂါနဲ့သေရမယ့်အတူတူ မထူးပါဘူး၊ ဘုန်းကြီးဝတ်နဲ့သေရတာကောင်းပါတယ်ဆိုပြီးတော့ အနာရောဂါတွေ နှိပ်စက်လာတဲ့အခါ ရဟန်းပြုလိုက်ကြပါတယ်။

ရောဂါသည်ဘဝနဲ့ ကျန်းမာရေး မကောင်းတဲ့ဘဝနဲ့တော့ လူဝတ်ကြောင်ဘဝနဲ့နေလည်း စီးပွားတိုးအောင် လူ့လောကမှာ အထက်တန်းကျအောင် ဘာမှကြိုးစားနိုင်မှာမှ မဟုတ်တော့ဘဲ၊ ရဟန်းဝတ်တာပဲ ကောင်းတယ်၊ ဘုန်းကြီးဝတ်ပြီး အေးအေးနေတာပဲ ကောင်းတယ် ဆိုပြီးတော့ အနာရောဂါနှိပ်စက်တဲ့ ပုဂ္ဂိုလ်တွေကလည်း ရဟန်းပြုကြပါတယ်။

http://www.dhammadownload.com

အခုအရှင်ဘုရားက ကျန်းမာရေးက အင်မတန်ကောင်းနေတဲ့ ပုဂ္ဂိုလ်ပဲ၊ သွေးသားတွေကလည်း အင်မတန်တက်ကြွနေတဲ့ အရွယ်ပဲ၊ ကျန်းမာရေးဒီလောက်ကောင်းနေတဲ့အချိန်မှာ၊ အနာရောဂါဘာမှ နှိပ်စက်ခြင်းမရှိတဲ့ အချိန်မှာ အရှင်ဘုရားက ဘာဖြစ်လို့ ရဟန်းပြုရတာလဲ။

နောက်တစ်ခုက "ဘောဂ" လောကမှာ တချို့ပုဂ္ဂိုလ်တွေဟာ စီးပွားတွေ ပျက်သွားတယ်၊ စည်းစိမ်ဥစ္စာတွေ ဆုံးရှုံးသွားတယ်၊ ဒီတော့ ချမ်းသာနေတဲ့ဘဝ၊ ပြည့်စုံနေတဲ့ဘဝကနေ ဆင်းရဲပြီးတော့သွားတယ်၊ ချို့တဲ့ပြီးတော့သွားတဲ့အခါမှာ စိတ်ဓာတ်တွေကျသွားတယ်၊ ငါတော့ စီးပွားရေး နလန်ထူအောင်လည်း ဘယ်လိုမှ မလုပ်နိုင်တော့ပါဘူး၊ အထည်ကြီးပျက်ဆိုတော့ သိက္ခာကလည်း အကျမခံချင်၊ ဒီတော့ လူ့ဘဝမှာနေပြီး စီးပွားတွေအရင်လို တက်အောင် မလုပ်နိုင်တော့မယ့် အတူတူတော့ မထူးတော့ပါဘူးဆိုပြီးတော့ ရဟန်းပြုလိုက်ကြတယ်။ ဒါက စီးပွားတက်ပြီးမှ ကျသွားတဲ့ ပုဂ္ဂိုလ်တွေပေါ့လေ။

နဂိုကတည်းကိုကလည်း စီးပွားဥစ္စာချို့တဲ့တဲ့ပုဂ္ဂိုလ်၊ ဘဝမှာ အစစအရာရာ ချို့ချို့တဲ့တဲ့နဲ့ မပြည့်စုံတဲ့ ပုဂ္ဂိုလ်ကလည်းပဲ ငါ လူ့ဘဝမှာ နေလည်း ဘယ်လိုမှ ချမ်းသာအောင် လုပ်လို့မှ မရတာ၊ စီးပွားတက်အောင် ရာထူးတိုးအောင် အခြွေအရံတွေပြည့်စုံအောင် ဘာမှ မလုပ်နိုင်တော့ဘူး၊ လူ့ဘဝမှာနေလည်းပဲ မထင်မရှားလေးနဲ့ပဲ နေရမှာ မထူးပါဘူး၊ ရဟန်းပြုတာပဲကောင်းပါတယ်ဆိုပြီးတော့ မိမိရဲ့ စီးပွားဥစ္စာ ချို့တဲ့ခြင်းကို အကြောင်းပြုပြီးတော့ ရဟန်းပြုကြတဲ့ပုဂ္ဂိုလ်တွေ လောကမှာရှိပါတယ်။

http://www.dhammadownload.com

အရှင်ဘုရားက စီးပွားဥစ္စာတွေ အင်မတန်ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ပဲ၊ မိဘကိဖဘကိစည်းစိမ်ဥစ္စာတွေ အများကြီး၊ ဆွေမျိုးအသိုင်းအဝိုင်းကလည်း ချမ်းသာတဲ့အမျိုးတွေချည်းပဲ၊ အရှင်ဘုရားကိုယ်တိုင်ကလည်း စီးပွားရေးကို ဦးဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ပဲ၊ ဒီလောက်စီးပွားဥစ္စာတွေ ပြည့်စုံနေလျက်သားနဲ့ ဘာဖြစ်လို့ အရှင်ဘုရားက ရဟန်းပြုရတာလဲ။

နောက်တစ်ချက်ကတော့ "ဉာတိ" လောကမှာ တချို့ပုဂ္ဂိုလ်တွေဟာ ဆွေမျိုးတွေ ပျက်သွားလို့ အမေသေသွားလို့ အဖေသေသွားလို့ အစ်ကို သေသွားလို့ အစ်မ သေသွားလို့ အဲဒီလို မိမိရဲ့ ချစ်ခင်နှစ်သက်မြတ်နိုးရတဲ့ ဆွေတွေမျိုးတွေ သေဆုံးသွားတဲ့အခါမှာ အော် လောကကြီးမှာ တစ်ကောင်ကြွက်၊ တစ်မျက်နှာပဲ ဖြစ်နေပြီ၊ အားကိုးစရာလည်းမရှိတော့ဘူး၊ အသိုင်းအဝိုင်းလည်း ဘာမှမရှိတော့ဘူး၊ တစ်ကောင်ကြွက်တစ်မျက်နှာနဲ့ လူ့လောက အလယ်မှာ နေရမယ့် အတူတူတော့ ဘုန်းကြီးဝတ်တာပဲ ကောင်းပါတယ်လေဆိုပြီးတော့ ဆွေပျက်မျိုးပျက်တဲ့ ပုဂ္ဂိုလ်တွေကလည်း သာသနာ့ဘောင်ဝင်ပြီးတော့ ရဟန်းပြုကြပါတယ်။

အခု အရှင်ဘုရားကတော့ အမိအဖကလည်းပြည့်ပြည့်စုံစုံ၊ အဆွေအမျိုးလည်း ပြည့်ပြည့်စုံစုံ၊ မိတ်ဆွေအပေါင်းအသင်းကလည်း ပြည့်ပြည့်စုံစုံ၊ အခြွေအရံတွေကလည်း ပေါများလိုက်တာ၊ အဲဒီလို ဆွေမျိုးအသိုင်းအဝိုင်း အခြွေအရံပြည့်စုံနေပါလျက်နဲ့ အရှင်ဘုရားက ဘာဖြစ်လို့ ရဟန်းပြုရတာလဲ။

ဒီတော့ ကောရဗျမင်းရဲ့အမြင်မှာ ရဟန်းပြုတယ်ဆိုတာ အိုခြင်း နှိပ်စက်လို့၊ နာခြင်းနှိပ်စက်လို့၊ စီးပွားဥစ္စာချို့တဲ့လို့၊ ဆွေမျိုး

http://www.dhammadownload.com

ပျက်လို့၊ ဒီလေးချက်ကြောင့်သာ ရဟန်းပြုရတယ်လို့ ယူဆနေပါတယ်။


သူ ပြောတဲ့ အချက်လေးချက်နဲ့ ကြည့်မယ်ဆိုရင် အိုလို့ဝတ်လာတဲ့ ရဟန်းကတော့ 'အိုပယ်ရဟန်း'ပေါ့၊ အိုလို့ လူ့အသိုင်းအဝိုင်းမှာ သုံးလို့ မရတော့လို့ ပယ်လိုက်တာမို့လို့ ဘာရဟန်းလို့ ခေါ်မယ်၊ အိုပယ်ရဟန်း။ အိုပြီ၊ ဘာမှသုံးလို့မရတော့ဘူး၊ သွားတော့ ကျောင်းတော့ ဆိုပြီးတော့ ပယ်ထုတ်လိုက်တဲ့ရဟန်း၊ အဲဒါ အိုပယ်ရဟန်း။

နာလို့ဝတ်လာတဲ့ရဟန်းကတော့ 'နာပယ်ရဟန်း'ပေါ့၊ နာလို့ လောကမှာ ဘာမှ သုံးလို့မရတော့လို့ ပယ်လိုက်တာမို့လို့ နာပယ်ရဟန်းပေါ့။ စီးပွားတွေပျက်လို့ ဝတ်တဲ့ ရဟန်းကတော့ စီးပွားပျက်ရဟန်းပေါ့၊ တစ်နည်းအားဖြင့် 'ငွေပယ်ရဟန်း' ပေါ့။ ဆွေမျိုးတွေပျက်လို့ ဝတ်တဲ့ ရဟန်းကတော့ ဆွေပျက်ရဟန်းပေါ့။ တစ်နည်းအားဖြင့် 'ဆွေပယ်ရဟန်း'ပေါ့။ အိုပယ်ရဟန်း၊ နာပယ်ရဟန်း၊ ငွေပယ်ရဟန်း၊ ဆွေပယ်ရဟန်းဆိုပြီးတော့ ရဟန်းလေးမျိုးပေါ့။ ပယ်လေးပါးပေါ့နော်။

အဲဒီတော့ လောကမှာ ဒီလို ရဟန်းလေးမျိုးပဲရှိပါတယ်၊ အရှင်ဘုရားက ဒီလေးချက်နဲ့ တစ်ချက်မှ မကိုက်ညီပါဘူး၊ ဘာလို့များ ရဟန်းပြုတာလဲ၊ အဲဒီလို မေးတော့ အရှင်ရဋ္ဌပါလက ပြန်ပြီးတော့ ဖြေပါတယ်။

■

http://www.dhammadownload.com



# မတည်မြဲတဲ့ငါ့ဘဝ
# သေမင်းဆီသွားနေရပါလား

မြတ်စွာဘုရားဟောကြားထားတဲ့ တရားအကျဉ်းချုပ်လေးပုဒ်ကို သဘောကျလွန်းလို့ ငါ ရဟန်းပြုရခြင်းဖြစ်ပါတယ်။ ပထမအကျဉ်းချုပ်တရားလေးကတော့ ....

ဥပနီယတိ လောကော အဒ္ဓုဝေါ။

'သတ္တဝါတွေဟာ မတည်မြဲကြဘူး၊ မခိုင်မြဲကြဘူး။ သတ္တဝါတွေဟာ အိုနာသေဆိုတဲ့ စားကျက်တွေဆီကို အမြဲတမ်းမောင်းနှင်ပို့ဆောင်ခြင်း ခံနေရပါတယ်။'

အဲဒီလိုဟောထားတဲ့ မြတ်စွာဘုရားရဲ့အကျဉ်းချုပ်တရားလေးကို နက်နက်နဲနဲ ကျယ်ကျယ်ပြန့်ပြန့် ထိုးထိုးထွင်းထွင်း သိမြင်တဲ့အတွက်ကြောင့် ငါရဟန်းပြုရခြင်းဖြစ်ပါတယ်။

သတ္တဝါတွေဟာ မတည်မြဲကြဘူး၊ အိုနာသေသို့ ဆောင်ပို့ခြင်း ခံနေရတယ်ဆိုတာ ဘယ်လိုသဘောပါလဲ။ တပည့်တော်နားမ

http://www.dhammadownload.com

လည်ဘူး၊ ထပ်ရှင်းပြပါဦး။

မင်းကြီး အသက်နှစ်ဆယ်၊ အစိတ်အရွယ်တုန်းက ဆင်အတတ်၊ မြင်းအတတ်၊ ရထားအတတ်၊ ဓားခုတ်လှံထိုးအတတ်စတဲ့ အတတ်ပညာမျိုးစုံကို မင်းကြီးတတ်ကျွမ်းခဲ့ပါတယ်။

အဲဒီလို အတတ်ပညာမျိုးစုံတွေနဲ့ ပေါင်အား၊ လက်ရုံးအားတွေနဲ့ စစ်မြေပြင်မှာ စိတ်ရှိတိုင်း လှည့်လည်ကျက်စားနိုင်တဲ့ စွမ်းအားတွေလည်း အသင်မင်းကြီး ပြည့်စုံခဲ့တယ်မဟုတ်လား။

ပြည့်စုံခဲ့တာပေါ့ဘုရား။ အသက်နှစ်ဆယ်၊ အစိတ်အရွယ်တုန်းကများ လောကကြီးမှာ ငါ တန်ခိုးအကြီးဆုံးလို့ထင်ခဲ့တာ၊ လောကမှာ ငါ့လောက် တန်ခိုးကြီးတဲ့ပုဂ္ဂိုလ် မရှိတော့ဘူးလို့ တပည့်တော်က ထင်ခဲ့တာပါဘုရား။

အခုတော့ ဒကာတော်မင်းကြီး အဲဒီတုန်းကလိုပဲ စစ်မြေပြင်မှာ စိတ်တိုင်းကျ စိတ်ရှိလက်ရှိကျင်လည်နိုင်တဲ့ စွမ်းအားတွေ လက်ရုံးအားတွေရှိပါသေးရဲ့လား။

ဘယ်ရှိတော့မလဲဘုရား၊ တပည့်တော် အခု အသက်ရှစ်ဆယ်ကျော်နေပြီ။ အဲဒီလို ငယ်ငယ်တုန်းကလို စွမ်းအားတွေ ပြနိုင်ဖို့ဆိုတာ အသာထားလိုက်ပါဦး။ ဒီနေရာမှာ ခြေထောက်ချမယ်ဆိုပြီးတော့ ခြေထောက်ကို ချလိုက်တာ ဟိုနေရာမှာ သွားပြီးတော့ ချမိလျက်သား ဖြစ်နေတယ်၊ ကိုယ်ခြေထောက်ချချင်တဲ့နေရာကိုတောင် တည့်တည့်မတ်မတ် မချနိုင်တော့ဘူး၊ အိုမင်းသွားတဲ့အတွက်ကြောင့်။

အဲဒီသဘောကိုရည်ရွယ်ပြီးတော့ မြတ်စွာဘုရားရှင်က

http://www.dhammadownload.com

သတ္တဝါတွေဟာ မခိုင်မြဲကြဘူး၊ အိုနာသေသို့ ဆောင်ပို့ခြင်း ခံနေရတယ်လို့ ဟောကြားတော်မူတာဖြစ်ပါတယ်။

အဲဒီတရားကို သဘောကျတဲ့အတွက်ကြောင့် ရဟန်းပြုပါတယ်။ တစ်နည်းပြောရလို့ရှိရင်တော့ အိုနာသေသို့ ဆောင်ပို့ခြင်း ခံနေရတဲ့ ဘဝကနေ လွတ်မြောက်ချင်လို့ ရဟန်းပြုပါတယ်၊ ဒါဟာ ခုနက ပြောခဲ့တဲ့ မဂ်ဖိုလ်ရဖို့ဆိုတဲ့အဓိပ္ပာယ်နဲ့ သဘောတရားအားဖြင့် အတူတူပါပဲ။

အဲဒီတော့ ဒီနေ့ရဟန်းပြုကြတဲ့ပုဂ္ဂိုလ်တွေရော၊ တရားနာပရိသတ်များပါ မြတ်စွာဘုရားရဲ့ ဒီအကျဉ်းချုပ်ဒေသနာလေးကို ကိုယ်ဉာဏ်မီသလို ဆင်ခြင်လို့ရပါတယ်။ သတ္တဝါတွေရဲ့ဘဝဟာ၊ ဦးဇင်းတို့တတွေရဲ့ဘဝဟာ အမြဲတမ်း အိုနာသေဆိုတဲ့ သဘောတရားသုံးမျိုးဆီကို အမြဲတမ်း မောင်းပို့ခံနေရတဲ့ ဘဝဖြစ်ပါတယ်။

တစ်နည်းပြောရလို့ရှိရင်တော့ ရှင်းရှင်းလေးပြောရမယ်ဆိုရင်တော့ပေါ့လေ၊ သတ္တဝါအားလုံးဟာ သေမင်းဆီကို အမြဲတမ်းသွားနေရတဲ့ သတ္တဝါတွေချည်းပဲ ဖြစ်ပါတယ်။ အချိန်နဲ့အမျှ သေမင်းဆီကို သွားနေကြတာ၊ ယခုတရားဟောနေတဲ့ပုဂ္ဂိုလ်ကလည်း တရားဟောရင်းနဲ့ သေမင်းဆီသွားနေတာ၊ တရားနာနေတဲ့ပုဂ္ဂိုလ်တွေကလည်း တရားနာရင်းနဲ့ သေမင်းဆီသွားနေကြတာ။

လောကမှာတော့ ပြောကြမယ်ပေါ့လေ၊ ရုံးသွားတယ်ဆိုလို့ရှိရင်လည်း ဘယ်သွားမလို့လဲ၊ ရုံးသွားမလို့၊ ဘယ်သွားမလို့လဲ၊ ဈေးသွားမလို့၊ ဘယ်သွားမလို့လဲ၊ ကျောင်းသွားမလို့၊ ဟိုနားလေး သွားမလို့

http://www.dhammadownload.com

ဒီနားလေးသွားမလို့ ဘယ်သွားမလို့ ညာသွားမလို့နဲ့ အမျိုးမျိုးပြောကြပေမယ့် ဓမ္မရှုထောင့်က ကြည့်လိုက်တဲ့အခါကျတော့ သေမင်းဆီပဲသွားနေကြတာပါ။ ရုံးသွားတဲ့လူလည်း သေမင်းဆီ သွားနေတာ၊ ဈေးသွားတဲ့လူလည်း သေမင်းဆီ သွားနေတာ၊ ကျောင်းသွားတဲ့လူလည်း သေမင်းဆီသွားနေတာ၊ လောကမျက်မြင်အရ ဘယ်ကိုပဲ သွားသွား၊ တရားသဘောအရကတော့ အားလုံး သေမင်းဆီ သွားနေကြတာပါ။

လမ်းလျှောက်ပြီးသွားမှ မဟုတ်ဘူး၊ ထိုင်နေရင်းနဲ့လည်း သေမင်းဆီသွားနေတာ၊ အိပ်နေရင်းနဲ့လည်း သေမင်းဆီသွားနေတာပဲ၊ မတ်တတ်ရပ်နေရင်းနဲ့လည်း သေမင်းဆီသွားနေတာပဲ၊ လမ်းလျှောက်တဲ့အချိန်ကတော့ အထူးပြောစရာမလိုတော့ဘူး၊ ဣရိယာပုထ်လေးခုလုံးမှာ သတ္တဝါတွေဟာ သေမင်းဆီကိုပဲ တရွေ့ရွေ့ ချီတက်နေကြတာပါ။

'တစ်နေကွယ်၊ သေနယ်သို့ တစ်ရက်ကူး'လို့ ဆိုတဲ့အတိုင်းပဲ၊ ဆောင်ပုဒ်ကတော့ သေနယ်သို့ တစ်ခါကူးလို့ ရှိပါတယ်၊ တစ်ခါဆိုတော့ သိပ်မပေါ်လွင်ဘူး၊ တစ်ရက်ကူးဆိုတော့ ရက်နဲ့ပိုပြီးတော့ သဘာဝကျသွားတယ်၊ ဒါကြောင့် 'တစ်နေကွယ်၊ သေနယ်သို့ တစ်ရက်ကူး' တစ်နေကွယ်တိုင်း တစ်နေကွယ်တိုင်း၊ တစ်နေဝင်တိုင်း တစ်နေဝင်တိုင်း သေဖို့ တစ်ရက်တစ်ရက် နီးလာတယ်။ တစ်နေကွယ်လို့ တစ်ရက်ကုန်လေ၊ သေဖို့ တစ်ရက်နီးလေပဲ။

တစ်လကုန်တိုင်း တစ်လကုန်တိုင်း သေဖို့ တစ်လနီးလာတယ်၊ တစ်နှစ်ကုန်တိုင်း တစ်နှစ်ကုန်တိုင်း သေဖို့ တစ်နှစ်နီးလာတယ်၊ နာရီတိုင်း မိနစ်တိုင်း စက္ကန့်တိုင်း သေမင်းဆီကိုပဲ တရွေ့ရွေ့ချီတက်နေရခြင်းဖြစ်

http://www.dhammadownload.com

ပါတယ်။ သေမင်းဆီသွားနေတော့လည်း ပျော်ပျော်ရွှင်ရွှင် ကြည်ကြည် နူးနူး ချမ်းချမ်းသာသာနဲ့ သွားနေရသလားဆိုတော့ မဟုတ်ဘူး။

အိုရင်းနဲ့သွားနေရတယ်၊ နာရင်းနဲ့သွားနေရတယ်၊ တစ်နေ့ထက် တစ်နေ့ ကိုယ့်ခန္ဓာကို၊ ကိုယ့်ရုပ်ကို ပြန်ကြည့်လိုက်လို့ရှိရင် 'အဖြစ်ကတော့ မနှစ်ကနဲ့မတူ'ဆိုတဲ့အတိုင်းပါပဲ၊ မနေ့ကနဲ့လည်းမတူ၊ မနှစ်ကနဲ့လည်းမတူ၊ ငယ်ငယ်တုန်းကနဲ့ဆိုရင်တော့ ပိုပြီးတော့တောင် မတူတော့ပါဘူး။ အိုအိုလာတယ်၊ အချိန်တိုင်း အိုနေတာပါပဲ။

ကိုယ့်ရဲ့ခန္ဓာကိုယ်ကို အခုလောလောဆယ် လက်ကောက်ဝတ်ကလေးဖြစ်ဖြစ်၊ လက်မောင်းကလေးဖြစ်ဖြစ် ကိုင်ကြည့်လိုက်ပေါ့၊ ကိုယ်ငွေ့လေးတွေ တွေ့လိမ့်မယ်၊ အဲဒီ ကိုယ်ငွေ့လေးဟာ ဇရာမီးပါပဲ။

ဇီရဏတေဇောလို့ခေါ်ပါတယ်၊ ခန္ဓာကိုယ်ကို အိုမင်းရင့်ရော်စေတဲ့အပူဓါတ်ဖြစ်ပါတယ်။ ဇရာမီး ဇရာမီးဆိုလို့ အဝေးကြီးသွားမကြည့်နဲ့၊ ကိုယ့်ကိုယ်ကို စမ်းကြည့်လိုက်လို့ တွေ့တဲ့ ကိုယ်ငွေ့လေးဟာ ဇရာမီးပဲ ၊ အချိန်တိုင်း လောင်မြိုက်နေတယ်။

တစ်စက္ကန့်ထက် တစ်စက္ကန့် ပိုပိုပြီးတော့ အိုမင်းရင့်ရော်ပြီးတော့ လာပါတယ်၊ အချိန်တိုင်း အိုနေပေမယ့် သိပ်တော့ မထင်ရှားဘူးပေါ့၊ အသက်လေးဆယ်ကျော်ပြီဆိုရင်တော့ ပိုထင်ရှားလာပြီ၊ ငါးဆယ်ကျော်ပြီဆိုရင်တော့ ပိုပြီးတော့ကို ထင်ရှားလာပြီပေါ့၊ ခြောက်ဆယ်ကျော်ပြီဆိုရင်တော့ သွားပြီ၊ ဘယ်လိုမှကို ဖုံးလို့ဖိလို့ မရတော့ဘူး၊ ဖုံးထားဖိထားလည်း ဖုံးထားဖိထားမှန်း သိသာသွားပါပြီ။

အိုခြင်းဆိုတဲ့ ဇရာကလည်း ပဋိသန္ဓေနေခြင်းဆိုတဲ့ ဇာတိက

http://www.dhammadownload.com

စလိုက်တာပါပဲ။ ပဋိသန္ဓေနေခြင်းကနေ အိုခြင်းဆီကို မောင်းပို့လိုက်တယ်၊ နွားကျောင်းသားက နွားတွေကို စားကျက်ထဲမောင်းပို့လိုက်သလိုပါပဲ။ တစ်နည်းပြောရင်တော့လည်းပဲ ဦးဇင်းတို့ သတ္တဝါတွေဆိုတာ သားသတ်ရုံကို အပို့ခံလိုက်ရတဲ့ နွားတွေလိုပါပဲ။

သားသတ်ရုံကို အပို့ခံလိုက်ရတဲ့ နွားဟာ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း အသတ်ခံရဖို့ နီးနီးလာတယ်၊ ဦးဇင်းတို့ဟာလည်းပဲ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၊ စက္ကန့်တိုင်း စက္ကန့်တိုင်း အသတ်ခံရဖို့၊ သေဖို့နီးနီးလာကြပါတယ်။


ဦးဇင်းတို့တစ်တွေဟာ ပဋိသန္ဓေနေခြင်းကနေ အိုခြင်းဆီ၊ အိုခြင်းကနေ နာခြင်းဆီ၊ နာခြင်းကနေ သေခြင်းဆီ အဆင့်ဆင့် မောင်းပို့ခံနေရပါတယ်။ တချို့ဆိုရင် ထင်ထင်ရှားရှားတောင် မအိုလိုက်ရဘူး၊ သေသွားရတယ်။ ထင်ထင်ရှားရှားတောင် မနာလိုက်ရဘူး၊ သေသွားရတယ်။ အဲဒီတော့ မိမိအပါအဝင် သတ္တဝါအားလုံးကို ဉာဏ်နဲ့ ကြည့်လိုက်တော့ သေမင်းဆီကို အချိန်တိုင်းသွားနေရပါလားလို့ မြင်လာတဲ့အတွက်ကြောင့် ဒီလို သေမင်းရဲ့ ခံတွင်းဝကို အမျိုခံဖို့၊ အစားခံဖို့ သွားနေရတဲ့ ဘဝကနေ လွတ်မြောက်ချင်လို့ ရဟန်းပြုပါတယ်။

ဉာဏ်နဲ့သာ ချဲ့ထွင်ပြီးတော့ သိကြပေတော့။ အကျဉ်းချုပ်ဆောင်ပုဒ်ဆိုကြရအောင်။

"အိုနာသေသို့၊ မောင်းနှင်ပို့၊ လူတို့မမြဲပါတကား။"

■

http://www.dhammadownload.com



# အားကိုးမဲ့တဲ့ငါ့ဘဝ
# ဘယ်သူများစောင့်ရှောက်ပါ့မလဲ

နောက်တချက်ကတော့ ....

အတာဏော လောကော အနဘိဿရော။

'သတ္တဝါတွေဟာ စောင့်ရှောက်မယ့်သူမရှိဘူး၊ အားကိုးရာမရှိဘူး။' အဲဒီ ဟောထားတဲ့တရားဒေသနာလေးကို သဘောကျလွန်းလို့၊ နှစ်ခြိုက်လွန်းလို့၊ စောင့်ရှောက်သူမရှိတဲ့ဘဝ၊ အားကိုးရာမရှိတဲ့ဘဝကနေလွတ်မြောက်ချင်လို့ ကျွန်ုပ် ရဟန်းပြုပါတယ် ဒကာတော်မင်းကြီး။

အရှင်ဘုရား၊ သတ္တဝါတွေဟာ အစောင့်အရှောက်မရှိဘူးပြောတယ်၊ တပည့်တော်တို့ မင်းမျိုးကတော့ စစ်တပ်အစောင့်အရှောက်တွေ၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်စတဲ့ အစောင့်အရှောက်တွေရှိပါတယ်။ အခြားအခြားသော ချမ်းသာကြွယ်ဝတဲ့ပုဂ္ဂိုလ်တွေ၊ အစိုးရတဲ့ပုဂ္ဂိုလ်တွေမှာလည်းပဲ သက်ဆိုင်ရာအစောင့်အရှောက်တွေ၊ အခြ

http://www.dhammadownload.com

အခြံအရံတွေရှိကြတာပါပဲ။ အရှင်ဘုရားက အစောင့်အရှောက်မရှိဘူး ဆိုတော့ ဘယ်လိုများ နားလည်ရပါ့မလဲ။

ဒကာတော်မင်းကြီး၊ ဒကာတော်မင်းကြီးမှာ သေလောက် အောင်၊ သေရတော့မယ်လို့ ထင်ရလောက်အောင် ဘယ်လိုမှသက်သာ ရာမရနိုင်တဲ့ ရောဂါဝေဒနာ စွဲကပ်ဖူးပါသလား။

အရှင်ဘုရား၊ စွဲကပ်ဖူးပါတယ်၊ အခုလောလောဆယ်လည်း တပည့်တော်မှာ အနာရောဂါ ရှိနေပါတယ်။ ဘယ်လိုမှ ကုသလို့ မရ တော့တဲ့ ရောဂါရှိနေပါတယ်။

ဒါဖြင့် အဲဒီ အနာရောဂါဖြစ်တဲ့အခါ ဒကာတော်မင်းကြီးရဲ့ အစောင့်အရှောက်တွေ၊ ဆွေမျိုးမိတ်ဆွေတွေ၊ အခြံအရံတွေက လာ ပြီးတော့ မကြာခင်မှာ ကောရဗျမင်းကြီး သေတော့မယ်ဆိုတာ သိကြ တဲ့အတွက် အသင်မင်းကြီးရဲ့ ရောဂါဝေဒနာတွေကို ဝေမျှပြီးတော့ ခံစားလို့ ရပါရဲ့လား။ ဒါမှမဟုတ် အသင်မင်းကြီးတစ်ဦးတည်းပဲ ရောဂါ ဝေဒနာတွေကို ခံစားရပါသလား။

အရှင်ဘုရား၊ တပည့်တော်ဘေးမှာ ပတ်ပတ်လည်ဝိုင်းနေတဲ့ ပုဂ္ဂိုလ်တွေက ငိုတဲ့သူငို၊ အားပေးတဲ့စကားပြောတဲ့သူပြောနဲ့ တပည့် တော်ဆီက ရောဂါဝေဒနာကို ဝေမျှခံစားလိုက်ချင်ပါရဲ့လို့ ဘယ်လိုပဲ ပြောကြပေမယ့် တကယ်တမ်းကျတော့ တပည့်တော်ရဲ့ ရောဂါဝေဒနာ ကို တပည့်တော်တစ်ယောက်တည်းပဲ ကြိတ်မှိတ် ခံစားနေရတာ ပါဘုရား။ သူတို့ဝေမျှပြီးတော့ မခံစားနိုင်ကြပါဘူး။

အဲဒီသဘောကို ရည်ညွှန်းပြီးတော့ပဲ မြတ်စွာဘုရားရှင်က

http://www.dhammadownload.com

သတ္တဝါတွေဟာ စောင့်ရှောက်သူမရှိဘူး၊ အားကိုးရာမရှိဘူးလို့ ဟော ထားတာဖြစ်ပါတယ်။ ဒီအချက်ကလေးကလည်းပဲ အင်မတန်စဉ်းစား စရာကောင်းပါတယ်။

တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ပဲ ချစ်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေပဲဖြစ်ဖြစ်၊ တစ်စုံတစ်ယောက်ဆီမှာ ပြင်းထန်တဲ့ရောဂါ ဝေဒနာတွေ စွဲကပ်ပြီဆိုရင် ချစ်လွန်းလို့ဆိုပြီးတော့ အဲဒီရောဂါဝေဒနာ တွေကို တခြားတစ်ယောက်က ဝေမျှယူလို့မရပါဘူး။

ဆိုပါတော့၊ ဇနီးမောင်နှံနှစ်ယောက်သိပ်ချစ်ကြတယ်၊ ဇနီးက အနာရောဂါတွေစွဲကပ်ပြီးတော့ မကျန်းမမာဖြစ်တဲ့အခါမှာ သိပ်ချစ်ပါ တယ်ဆိုတဲ့ ခင်ပွန်းသည်က သင့်ရဲ့ရောဂါဝေဒနာကို ငါမျှပြီးတော့ ယူလိုက်ပါမယ်၊ မျှပြီးတော့ ခံစားလိုက်ပါမယ်ဆိုလို့ ရရဲ့လား၊မရပါဘူး။ ခင်ပွန်းသည်က မကျန်းမမာ ရောဂါတွေစွဲကပ်ပြီဆိုတော့လည်းပဲ ဇနီး က ချစ်လွန်းလို့ပါဆိုပြီးတော့ ရောဂါဝေဒနာတွေကို ဝေမျှခံစားယူလို့ ရရဲ့လား၊ မရပါဘူး။

ဖြစ်တဲ့ဝေဒနာကို အနာရောဂါစွဲကပ်နေတဲ့ ကာယကံရှင်ပဲ တစ်ယောက်တည်း တစ်ကိုယ်တည်း ကြိတ်မှိတ်ပြီးတော့ ခံစားရတာ ဖြစ်ပါတယ်၊ ဘေးလူတွေက ဘယ်လောက်ပဲ ချစ်ပါတယ်လို့ပြောပြော ကူပြီးတော့ ခံစားပေးလို့ မရပါဘူး။

ကူပြီးတော့ ခံစားပေးလို့ရမယ်ဆိုရင်တော့ ရောဂါဝေဒနာ ဆိုတာ ဘယ်သူ့မှာမှရှိမှာမဟုတ်တော့ပါဘူး။ ရောဂါဝေဒနာလေးတွေ ဖြစ်လာပြီဆိုရင်၊ ဥပမာ ဖျားတယ်ဆိုရင် ပုံမှန်အပူချိန်ထက် အဖျားက

http://www.dhammadownload.com

ဒီဂရီငါးခုလောက် တက်လာတယ်ဆိုရင်ပဲ ဆွေမျိုးငါးယောက် တစ်ယောက် ဒီဂရီတစ်ခုဆီယူလိုက်ပေါ့၊ အဲဒီလို တစ်ယောက် ဒီဂရီတစ်ခုစီ ယူလိုက်မယ်ဆိုရင်တော့ ဘယ်သူမှလည်း သိပ်ပြီးတော့ ဖျားတဲ့သဘော ထင်ရှားမှာမဟုတ်တော့ပါဘူးနော်။ ဒါပေမဲ့ အဲဒီလို မရဘူး။

ဒါကတော့ အနာရောဂါစွဲကပ်တယ် ဆိုတာကတော့ အထင်ရှားဆုံး ဥပမာအနေနဲ့ပြောတာပါ၊ အိုတာကလည်းပဲ မျှယူလို့မရဘူး၊ အသက်ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်ကျော်အဘွားကြီး ဖြစ်သွားတဲ့ အမေဆီက သားတွေကနေပြီးတော့ အော် အမေ ပါးရေတွေတွန့်နေတာ ကြည့်မကောင်းပါဘူး။

ကဲ သားငါးယောက် နည်းနည်းစီ ဒီ ပါးရေတွန့်နေတာလေးတွေ ခွဲယူလိုက်ကြရအောင်ဆိုလို့ရရဲ့လား၊ မရပါဘူး၊ အဲဒီလို ခွဲယူလို့ ရမယ်ဆိုရင်တော့ တော်တော် ဟန်ကျမှာပဲနော်၊ တွန့်နေတဲ့ပုဂ္ဂိုလ်တွေ တင်းတင်းရင်းရင်းလေး ဖြစ်သွားမယ်နော်။ တစ်ယောက်နည်းနည်းစီ နည်းနည်းစီယူလိုက်တော့ ဘယ်သူမှလည်းပဲ သိပ်ပြီးတော့ အိုတာ မသိသာတော့ဘူးပေါ့လေ။

အခုတော့ အဲဒီလိုမရဘူး။ ကိုယ် အိုပြီ၊ တွန့်ပြီဆိုရင် ကိုယ်ပဲ အအိုခံ၊ အတွန့်ခံရတော့တာပါပဲ။ အိုတာလည်း ဘယ်သူမှ ဝေမျှခံစားလို့ မရဘူး၊ နာတာလည်း ဘယ်သူမှ ဝေမျှခံစားလို့ မရဘူး။ သေတာလည်း ဘယ်သူမှ ဝေမျှခံစားလို့ မရဘူး။

အခုပဲ သေတော့မယ့်ပုဂ္ဂိုလ်က ဆွေမျိုးအယောက်နှစ်ဆယ်ကို ခေါ်ပြီး ကဲ မင်းတို့ အယောက်နှစ်ဆယ်ဆီက တယောက်တစ်နှစ်

http://www.dhammadownload.com

စီပေးကွာဆိုပြီး တစ်ယောက်ဆီက တစ်နှစ်စီယူလိုက်မယ်ဆိုရင်တော့ နောက်ထပ်အနှစ်နှစ်ဆယ် အသက်ရှည်ဦးမယ်။ ဟိုလူတွေလည်း တစ်နှစ်လေးလျော့သွားရုံနဲ့ ဘာမှ သိပ်မထူးဘူးနော်။

အဲဒီလို ရရဲ့လား။ မရပါဘူး။ ရရင်တော့ တော်တော်ဟန်ကျမယ်နော်၊ သေခါနီးတိုင်း ဟိုလူ့ဆီက တစ်လလောက် ချေးလိုက်၊ ဒီလူ့ဆီက တစ်နှစ်လောက် ချေးလိုက် လုပ်ကြမှာပေါ့။ နောက်ဘဝကျမှ ပြန်ဆပ်မယ်လို့တော့ မလုပ်နဲ့ပေါ့လေ၊ ဒီတော့ ဟိုလူ့ဆီက လနည်းနည်း၊ ဒီလူ့ဆီကနှစ်နည်းနည်း ယူပြီးတော့ မိမိရဲ့သေခြင်းဆိုတဲ့ သဘောတရားကိုလည်း ဝေမျှပေးလို့ မရပါဘူး။

အို၊ နာ၊ သေ ကတော့ အထွတ်အထိပ်အနေနဲ့ပြောတာပေါ့၊ သံဝေဂဉာဏ်အထွတ်အထိပ်အနေနဲ့ပြောတာပေါ့၊ ကျန်တဲ့ဘဝဝေဒနာတွေ၊ ဘဝခံစားချက်တွေကိုလည်းပဲ ဘယ်သူမှ ဝေမျှခံစားလို့မရပါဘူး။

ဖြစ်စဉ်တစ်ခုခု၊ အကြောင်းအရာတစ်ခုခုကြောင့် ကိုယ့်မှာ စိတ်ဆင်းရဲနေတယ်၊ သောကတွေဖြစ်နေတယ်၊ ဝမ်းနည်းနေတယ်၊ အဲဒီဝေဒနာလေးတွေကို ဘေးကလူက အားပေးရုံပဲ တတ်နိုင်ပါတယ်။ ကိုယ့်ရဲ့ဝေဒနာတွေ ကိုယ့်ရဲ့ခံစားချက်တွေကို ဝေမျှခံစားလို့မရပါဘူး။

လောကဝေါဟာရအရသာ ငါ ဝေမျှခံစားလိုက်ချင်ပါတယ်၊ ကဲ ပြောပြပါဦး၊ ငါ ဝေမျှခံစားပါမယ်လို့ စကားအရသာပြောတာ၊ တကယ်တော့ ထပ်တူထပ်မျှ ဝေမျှခံစားလို့တော့ မရပါဘူး၊ ပြောလိုက်ရလို့ ဝေဒနာဒဏ် လျော့သွားတယ်ဆိုတာကလည်း ပြောရင်းပြောရင်းနဲ့ ကိုယ်ကိုယ်တိုင်က နှလုံးသွင်းပုံလေး တဖြည်းဖြည်းပြောင်းလဲသွားလို့၊

http://www.dhammadownload.com

ကိုယ့်စိတ်က ကိုယ့်ကို ပြန်ဆုံးမလိုက်လို့သာ ဝေဒနာတွေ လျော့သွားသလို ဖြစ်တာပါ။ သူများက ဝေမျှပြီး ယူလိုက်လို့ လျော့သွားတာ မဟုတ်ပါဘူး။

အဲဒီလိုအားဖြင့်ပေါ့လေ၊ ဘဝဝေဒနာတွေ၊ ဘဝခံစားချက်တွေကိုလည်း ဘယ်သူမှ ဝေမျှခံစားလို့မရပါဘူး။ ကိုယ်ကိုယ်တိုင်ပဲ ခံစားရပါတယ်၊ ဒါက ကိုယ့်ဘဝအတွေ့အကြုံနဲ့ သေသေချာချာ လေးလေးနက်နက် စဉ်းစားရပါမယ်။ အင်မတန် ကောင်းတဲ့တရားလေးပါ၊ အဲဒီတော့ ဆိုလိုက်ပါ။

"စောင့်ရှောက်သူမဲ့၊ ကိုးရာမဲ့၊ အားနွဲ့လှချေပါတကား။"

ဒီဆောင်ပုဒ်ကလေးတွေက ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဆောင်ပုဒ်ကလေးတွေ ဖြစ်ပါတယ်နော်။ မြတ်စွာဘုရားရဲ့ ပါဠိတော်ကို အခြေခံပြီးတော့ ရေးထားတာ၊ အင်မတန်ကို သြဇာဂုဏ်မြောက်ပါတယ်၊ သံဝေဂလည်း အင်မတန်ရဖို့ ကောင်းပါတယ်။

စကားလုံးလေးတွေက ဘယ်လောက်လှထားတုန်း၊ 'စောင့်ရှောက်သူမဲ့' စောင့်ရှောက်မယ့်သူလည်းမရှိဘူး၊ 'ကိုးရာမဲ့' အားကိုးရာလည်းမရှိဘူး၊ 'အားနွဲ့လှချေပါတကား။' သြော် သတ္တဝါတွေ၊ ကိုယ်အပါအဝင် သတ္တဝါတွေအကုန်လုံးဟာ ကိုယ့်ကိုယ်ကို ငါတော့ အားရှိတဲ့သူလို့ ဘယ်လိုပဲ ဝင့်ကြွားကြွား တကယ်တော့ အားနွဲ့တဲ့လူတွေချည်းပါပဲနော်။

အမျိုးသမီးတွေမှ အားနွဲ့တဲ့သူ မဟုတ်ပါဘူး။ အမျိုးသားတွေ

http://www.dhammadownload.com

လည်း အားနွဲ့တဲ့သူတွေချည်းပါပဲနော်။ ယောက်ျားလေးတွေ မျက်ရည်ကျလို့ရှိရင်လည်းပဲ မကဲ့ရဲ့ကြနဲ့နော်။ ဘာလို့လဲ၊ သူတို့လည်း အားနွဲ့တဲ့ယောက်ျားသားတွေပဲ။ မြတ်စွာဘုရားက ဟောထားပြီပဲ၊ 'စောင့်ရှောက်သူမဲ့၊ ကိုးရာမဲ့၊ အားနွဲ့လှချေပါတကား။'


ဒီတရားအကျဉ်းချုပ်လေးပုဒ်ကို တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့ ရအောင် ကျက်ထားရမယ်၊ ကျက်ထားပြီးတော့ မကြာခဏ ဆင်ခြင်ပြီးတော့ သံဝေဂဉာဏ် သွင်းရမယ်။

သံဝေဂဉာဏ် အားကောင်းမှလည်းပဲ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ၊ ကုသိုလ်အလုပ်တွေကို အရှိန်အဟုန်ကောင်းကောင်း၊ အင်အားပါပါ၊ စွမ်းရည်ပြည့်ပြည့်နဲ့ အားထုတ်ဖြစ်ပါတယ်။ ဒီတော့ ရဟန်းပြုရခြင်းရဲ့ အမှန်အကန်ရည်ရွယ်ချက် နှစ်ချက်ရသွားပြီ။

■

ကိုယ်လိုချင်တဲ့ပျော်ရွှင်မှု
ကိုယ်ရချင်တဲ့သာယာမှုက
သူတစ်ပါးနဲ့ဆက်စပ်နေရင်
ကိုယ်ပဲစိတ်အားငယ်နေရမှာပါ။
ကိုယ့်ဆန္ဒ၊ ကိုယ့်မျှော်လင့်ချက်ကို
တစ်ဖက်သားပုဂ္ဂိုလ်က
အချိန်တိုင်းဖြည့်ဆည်း
ပေးနိုင်တာမှမဟုတ်ဘဲ။

http://www.dhammadownload.com



## ကိုယ်ပိုင်ပစ္စည်းမရှိတဲ့ငါ့ဘဝ
## အားလုံးကိုချန်ထားရစ်ခဲ့ရမှာပါလား

နောက်တတိယမြောက်ရည်ရွယ်ချက်ကတော့....

အဿကော လောကော၊ သဗ္ဗံ ပဟာယ ဂမနီယံ။

"သတ္တဝါတွေဟာ ကိုယ်ပိုင်ဥစ္စာ မရှိကြဘူး၊ မိမိမှာရှိသမျှ ပစ္စည်းဥစ္စာတွေကို အကုန်လုံးစွန့်ပြီးတော့ သွားကြရတယ်။"

မြတ်စွာဘုရားရှင်က အဲဒီလို ဟောကြားထားပါတယ်၊ အဲဒီ တရားဒေသနာလေးကို ကြိုက်လွန်းလို့ နှစ်ခြိုက်လွန်းလို့ သဘောပေါက် လွန်းလို့ အကျွန်ုပ် ရဟန်းပြုရခြင်းဖြစ်ပါတယ် ဒကာတော်မင်းကြီး။

ဒီတော့ ကောရဗျမင်းကြီးက သိပ်ပြီးတော့ နားမလည်ဘူး။ အရှင်ဘုရား၊ တပည့်တော်တို့ မင်းမျိုးမင်းနွယ်မှာဆိုရင်လည်း မြေပေါ်မှာ ရှိတဲ့ ပစ္စည်းဥစ္စာတွေ၊ မြေအောက်မှာမြှုပ်ထားတဲ့ ပစ္စည်းဥစ္စာတွေ အများ ကြီး ရှိပါတယ်။ တခြားမှာလည်းပဲ မြေပေါ်မြေအောက် ပစ္စည်းဥစ္စာ ရတနာတွေ အများကြီး ချမ်းသာကြွယ်ဝတဲ့ပုဂ္ဂိုလ်တွေ အများကြီး ရှိပါ

http://www.dhammadownload.com

တယ်၊ ကိုယ်ပိုင်ဥစ္စာတွေ အများကြီး ရှိကြပါတယ်။ သတ္တဝါတွေမှာ ကိုယ်ပိုင်ဥစ္စာ မရှိဘူးဆိုတော့ ဘယ်လိုသဘောပါလဲ။

ဒကာတော်မင်းကြီး၊ အခု ဒကာတော်မင်းကြီးမှာ ရှိနေတဲ့ ပစ္စည်းဥစ္စာတွေကို နောက်ဘဝအထိ ယူသွားလို့ရရဲ့လား၊ နောက်ဘဝ သွားတဲ့အခါ အခု ရှင်ဘုရင်ဘဝမှာ ချမ်းသာသလိုပဲ နောက်ဘဝမှာ လည်းပဲ အခုဒီအတိုင်းပဲ မင်းစည်းစိမ်းတွေနဲ့ ချမ်းသာကြွယ်ဝလိမ့်မယ်လို့ အသင်မင်းကြီး ယုံကြည်ပါသလား၊ ဒါမှမဟုတ် အသင်မင်းကြီးရဲ့ပြု ထားတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ အားလျော်စွာ ဘဝတစ်ခုခုကို လား ရောက်မှာပါလား။

အရှင်ဘုရား၊ တပည့်တော် သေသွားလို့ရှိရင် တပည့်တော်ပိုင် ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေကို ကျန်ရစ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကသာ သုံးဆောင်ခံ စားကြမှာပါ၊ နောက်ဘဝအထိယူသွားပြီးတော့ တပည့်တော် ဒီမင်း စည်းစိမ်တွေကို ခံစားလို့မရပါဘူး။ အမှန်စင်စစ်က တပည့်တော်ပြုထား တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ အားလျော်စွာပဲ ဘဝတစ်ခုခုကို လား ရောက်ရမှာပါဘုရား။

ဒကာတော်မင်းကြီး၊ အဲဒီသဘောကိုရည်ရွယ်ပြီးတော့ မြတ်စွာ ဘုရားရှင်က သတ္တဝါတွေဟာ ကိုယ်ပိုင်ဥစ္စာမရှိကြဘူး၊ အားလုံးကို ပယ်စွန့်ပြီးတော့ သွားကြရတယ်လို့ ဟောကြားထားခြင်းဖြစ်ပါတယ်။

ဒီသဘောလေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့်လေးလေးနက် နက် စဉ်းစားဖို့လိုအပ်ပါတယ်၊ သူ့အတိုင်းအတာနဲ့သူတော့ လူတိုင်းမှာ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ကြတာချည်းပါပဲ။ ဒါပေမဲ့ ဆိုင်သာဆိုင် မပိုင်ဘူး၊

http://www.dhammadownload.com

ကိုယ့်မှာရှိတိုင်းလည်း ကိုယ်ပိုင်တာတော့ မဟုတ်သေးဘူး။

ခုလောလောဆယ် သုံးစွဲနေတဲ့အခိုက်အတန့်လေးမှာပဲ သုံးစွဲနေတဲ့ ပစ္စည်းကို ပိုင်ကြတာပါ။ အခုတရားနာပရိသတ်များ ကိုယ့်အိမ်မှာဆိုလို့ရှိရင်လည်း ပစ္စည်းတွေ အများကြီး ရှိမှာပဲပေါ့။ ဒါပေမဲ့ အဲဒီပစ္စည်းတွေကို အခုလောလောဆယ် သုံးဆောင်ခံစားခွင့်မရှိတဲ့ အတွက်ကြောင့် ကိုယ်ပိုင်တယ်လို့ ပြောလို့မရဘူး။

ကိုယ့်မှာ ခံစားနေတာမှ မဟုတ်တာ၊ အဲဒီတော့ ကိုယ်မပိုင်ဘူး၊ ကိုယ်ပိုင်ပါတယ်ဆိုတဲ့ ပစ္စည်းဥစ္စာတွေကလည်း ရန်သူမျိုးငါးပါးနှောင့်ယှက်ဖျက်ဆီးသွားပြီဆိုရင်လည်းပဲ လက်လွတ်ဆုံးရှုံးရဦးမယ်၊ ရန်သူမျိုးငါးပါး ဖျက်ဆီးလို့ ပျက်စီးတယ်ဆိုတာကတော့ ပစ္စည်းဥစ္စာက ကိုယ့်ကို စွန့်ခွာသွားတာပေါ့လေ။

ပစ္စည်းဥစ္စာတွေတော့ မပျက်စီးဘဲနဲ့ ပြည့်ပြည့်စုံစုံ ရှိနေပါတယ်၊ ဒါပေမဲ့ ကိုယ်က အသက်ဆုံးရှုံးသွားမယ်၊ သေသွားမယ်ဆိုရင်တော့ ကိုယ်က ပစ္စည်းဥစ္စာကို စွန့်ထားခဲ့ရတယ်။ ဒီတော့ ကိုယ်ပိုင်ဆိုတာမရှိဘူး၊ ဆိုင်သလိုလိုလေးပဲ ရှိပါတယ်။

ဒီဘဝမှာ ရှိနေတဲ့ ပစ္စည်းဥစ္စာတွေကို နောင်ဘဝအထိ ဒီအတိုင်းကြီး အတုံးလိုက် အတစ်လိုက် ယူသွားလို့လည်း မရဘူး။ ယူသွားလို့မရတာကို ယူသွားလို့ရတယ်လို့ ယူဆပြီး စွဲလမ်းနေတဲ့ ပုဂ္ဂိုလ်တွေကတော့ ဥစ္စာစောင့် သိုက်စောင့်တို့ ဖြစ်တာပါပဲ။

ဥစ္စာစောင့် သိုက်စောင့်တို့ သိုက်နန်းရှင်တို့ဆိုတာတွေလည်း သိပ်ပြီးတော့ အထင်မကြီးနဲ့၊ အပါယ်လေးဘုံထဲက ပြိတ္တာဘုံမှာဝင်နေ

http://www.dhammadownload.com

တဲ့ ပုဂ္ဂိုလ်တွေပဲ။ ကိုယ့်ပစ္စည်းဥစ္စာ စွဲပြီးတော့ ဖြစ်နေကြတာ၊ ဟို အရင်ဘဝက မြှုပ်နှံထားတဲ့ ရွှေအိုး ငွေအိုးတွေကို စောင့်ရှောက်ပြီးတော့ နေတာကို ဥစ္စာစောင့်လို့ခေါ်တာ။

တချို့က သိုက်ကလာတဲ့သူဆိုရင် ဂုဏ်ယူတတ်တဲ့ ပုဂ္ဂိုလ် လည်းရှိသေးတာကိုး၊ သူက သိုက်ကလာတာ ဘာသိုက်က ညာသိုက်က နော်၊ အဲဒါဂုဏ်ယူစရာမဟုတ်ဘူး၊ ပြိတ္တာဘဝကလာတာ အပါယ်ဘုံက လာတာလို့ ပြောနေတာနဲ့ အတူတူပဲ။ အဲဒီတော့ ကိုယ့်ပစ္စည်းဥစ္စာတွေ ကို စွဲလမ်းပြီးတော့ သိမ်းဆည်းစုဆောင်းထားပေမယ့် ကိုယ်သေသွား လို့ရှိရင် ကိုယ့်နောက်မပါဘူး၊ ပါအောင်ဆိုပြီးတော့ ခုန စွဲလမ်းနေပြန် တော့လည်း အပါယ်လေးဘုံသားဘဝနဲ့ပဲ အဲဒီပစ္စည်းတွေကို စောင့် ရှောက်နေရတာပါပဲ။

ဒီတော့ ပစ္စည်းဥစ္စာတွေဟာ ကိုယ့်နောက်မပါဘူး၊ ဒီပစ္စည်း ဥစ္စာတွေကို စွန့်လွှတ်လှူဒါန်းပြီးတော့ ဒါနကောင်းမှုပြုမှသာလျှင် ဒါန ကောင်းမှုက ကိုယ့်နောက်ပါတယ်လို့ ပြောလေ့ရှိတယ်။ ကုသိုလ်ကံ အကုသိုလ်ကံရှုထောင့်၊ ကမ္မဿကတာဉာဏ်ရှုထောင့်က ကြည့်ရင် တော့ မှန်ပါတယ်။

အဲဒီလို နှလုံးသွင်းပြီးတော့လည်း မိမိပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာ တွေကို စွန့်လွှတ်ပြီးတော့ ဒါနကောင်းမှုအဖြစ်နဲ့ တမလွန်ဘဝကို ယူ သွားရမှာပါပဲ။

ဒါပေမဲ့ ဘဝလွှတ်မြောက်ရေးရှုထောင့်က ကြည့်လိုက်တဲ့အခါ ကျတော့ ဒီပစ္စည်းဥစ္စာတွေ ရင်းနှီးပြီးတော့ ရထားတဲ့ ဒါနကုသိုလ်က

http://www.dhammadownload.com

လည်း အကျိုးပေးတော့ ဘာတွေပေးမှာလဲဆိုတော့ ဒီဘဝ ကိုယ်ရထားတဲ့ ပစ္စည်းဥစ္စာမျိုးပဲ ပေးမှာပါပဲ။

ရွှေတွေ ငွေတွေ ကျောက်သံပတ္တမြားတွေ သက်ရှိသက်မဲ့ အသုံးအဆောင် အာရုံကာမဂုဏ်တွေ ရာထူးအာဏာတွေ အခြံအရံတွေ စသည်အားဖြင့် ဒီဘဝမှာ ကိုယ်ပိုင်ဥစ္စာမဟုတ်ဘူး၊ သေရင်စွန့်ထားခဲ့ရမှာပဲလို့ နှလုံးသွင်းထားတဲ့ အရာတွေပဲ အဲဒီ ကုသိုလ်တွေက ပြန်ပေးမှာပဲ။

အဲဒီတော့ နောက်ဘဝ ပါတယ်ဆိုပြီးတော့ ယူသွားလိုက်တဲ့ အဲဒီ ဒါနကုသိုလ်တွေက အကျိုးပေးလိုက်တဲ့ ပစ္စည်းတွေကလည်း အဲဒီနောက်ဘဝကျတော့ ဒီဘဝပုံစံမျိုး ပြန်ဖြစ်ပြီးတော့ အဲဒီနောက်ဘဝမှာ ပြန်နှလုံးသွင်းလိုက်တဲ့အခါကျတော့ ဩော် ဒီ ပစ္စည်းတွေဟာ သေရင်မပါဘူးဆိုပြီးတော့ ပြန်ဖြစ်မသွားဘူးလား။ ဖြစ်သွားတာပါ။

နောက်ဘဝပါပါတယ်ဆိုတဲ့ ဒါနရဲ့ အကျိုးဆက်တွေကလည်း နောက်ဘဝမပါမယ့်ဟာတွေပဲ ပြန်အကျိုးပေးမှာပါ။ ဒီတော့ နောက်ဘဝအတွက် ဒါနကုသိုလ် ယူသွားတယ်ဆိုတာလည်းပဲ ဘဝကျင်လည်ရေးရှုထောင့်ကကြည့်ရင်တော့ ကောင်းပေမယ့် ဘဝလွတ်မြောက်ရေးရှုထောင့်ကကြည့်ရင်တော့ ထူးမခြားနားပါပဲ။

ဒီတော့ ဒီဘဝမှာ ပစ္စည်းဥစ္စာတွေကို ကိုယ်ပိုင်ဥစ္စာ မဟုတ်ဘူး၊ ကိုယ်ပိုင်ဥစ္စာမဟုတ်ဘူးလို့ နှလုံးသွင်းပြီးတော့ ကိုယ်ပိုင်ဥစ္စာအဖြစ်နဲ့ ဒါနကုသိုလ်တွေပြုပြီး နောက်ဘဝကိုယူသွားတယ်၊ နောက်ဘဝ အကျိုးပေးပြန်တော့လည်းပဲ ဒီဘဝပစ္စည်းဥစ္စာတွေနဲ့ အလားတူ

http://www.dhammadownload.com

ကိုယ်ပိုင်ဥစ္စာ မဟုတ်တာတွေပဲ ပြန်ပေးမှာဆိုတော့ နောက်ဘဝ ယူသွားတဲ့ ဒါနကုသိုလ်တွေကလည်း တကယ်တော့ ကိုယ်ပိုင်ဥစ္စာ မဟုတ်ပါဘူး။

အခုဟာက ဘဝလွတ်မြောက်ရေးရှုထောင့်ကနေ ပြောတာနော်၊ ဒါနကုသိုလ်တွေ သီလကုသိုလ်တွေ နောက်ဘဝမပါဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ အဲဒါ နောက်ဘဝမှာ အကျိုးပေးမယ့် အရာတွေကလည်း နောက်ထပ် နောက်ထပ် ဘဝတွေကို မပါမယ့် အကျိုးတွေချည်းပဲ ပြန်ဖြစ်နေတော့ ဘာမှ လွမ်းလောက်စရာ မရှိတော့ပါဘူး။ စွန့်ထားခဲ့ပြီးတော့ ဘဝ ဘာမှမဖြစ်ရတော့ဘူးဆိုရင်လည်း အကောင်းသား၊ အခုတော့ မဟုတ်ဘူး။

"သဗ္ဗံ ပဟာယ ဂမနီယံ" အားလုံးကို စွန့်ထားပြီးတော့ သွားရဦးမယ်တဲ့၊ ချန်ထားရစ်ခဲ့ပြီးတော့ သွားရဦးမယ်၊ ချန်ရုံပဲ ချန်ထားခဲ့ရပြီး မသွားရတော့ရင်တော့ ကောင်းသားပဲ၊ မသွားရတော့ဘူးဆိုရင် ဘဝအသစ်တွေ ထပ်မဖြစ်တော့ မအိုရ၊ မနာရ၊ မသေရ၊ အင်မတန်အေးချမ်းသွားမှာပေ့ါ။ ခုတော့ ဒီဘဝက ပစ္စည်းဥစ္စာတွေ စွန့်ထားခဲ့ပြီးတော့ နောက်ဘဝတစ်ခုကို သွားရဦးမယ်ဆိုတော့ ဘယ်မှာကောင်းပါတော့မလဲ။ လုံးဝမကောင်းဘူး။

ကုသိုလ်တွေ ပြုနေသေးတယ်ဆိုရင်တော့ ကောင်းရာသုဂတိကိုရောက်ခြင်းအားဖြင့် သွားရဦးမှာပါပဲ၊ ကောင်းရာသုဂတိရောက်တယ်ဆိုတာကလည်း မကောင်းရာဒုဂ္ဂတိဘဝတွေနဲ့ နှိုင်းယှဉ်ပြီးတော့ ပြောတာပါ။ လူချမ်းသာ၊ နတ်ချမ်းသာဆိုတာ ငရဲဆင်းရဲ၊ အပါယ်ဆင်း

ရဲတွေနဲ့ ယှဉ်လိုက်ရင်သာ ချမ်းသာတာပါ၊ နိဗ္ဗာန်ချမ်းသာနဲ့ ယှဉ်လိုက်ရင်တော့ သူက ချမ်းသာမဟုတ်တော့ဘူး။ ဆင်းရဲတုံးသက်သက်ပဲ။

ဒါကြောင့် ပစ္စည်းတွေအားလုံး၊ ကိုယ်ပိုင်လို့ယူဆထားတဲ့ အရာတွေ အားလုံးကို စွန့်ပြီးတော့ ဘဝ တစ်ခုခုကို သွားရတဲ့ အဖြစ်မျိုးကနေ လွတ်မြောက်ဖို့လည်းပဲ ရဟန်းပြုကြရတယ်။

ရဟန္တာဖြစ်သွားပြီ၊ အသင်္ခတနိဗ္ဗာန်ကြီးကို မျက်မှောက်ပြုသွားပြီ၊ အသင်္ခတနိဗ္ဗာန်ဆိုတဲ့ ပစ္စည်းဥစ္စာကြီးကို ကိုယ်ပိုင်အဖြစ်နဲ့ ရသွားပြီဆိုရင်တော့ အဲဒီကိုယ်ပိုင်ဥစ္စာကြီးက စွန့်ထားရစ်ခဲ့စရာ မလိုတော့ပါဘူး၊ ချန်ထားရစ်ခဲ့စရာ မလိုတော့ပါဘူး။

သောတာပန်အဖြစ်နဲ့ နိဗ္ဗာန်ရရင်တော့ ချန်ထားရစ်ခဲ့ရဦးမယ်၊ သကဒါဂါမ်အဖြစ်နဲ့ နိဗ္ဗာန်ရရင်လည်း ချန်ထားရစ်ခဲ့ရဦးမယ်၊ အနာဂါမ်အဖြစ်နဲ့ နိဗ္ဗာန်ရရင်လည်း အဲဒီနိဗ္ဗာန် ချန်ထားရစ်ခဲ့ရဦးမယ်၊ သေသွားလို့ရှိရင် နောက်ဘဝကျရင် အနာဂါမ်အဖြစ်ကနေ လျှော့ပြီးတော့ သောတာပန်၊ သကဒါဂါမ်၊ ပုထုဇဉ်ဖြစ်သွားတယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး၊ နိဗ္ဗာန်ကို အပိုင်မရသေးဘူးလို့ ဆိုလိုတာပါ။

ရဟန္တာဖြစ်သွားပြီဆိုရင်တော့ ဘယ်ဘဝမှ လားရောက်စရာ မလိုတော့တဲ့ အတွက်ကြောင့် ဘယ်တော့မှ မပျက်စီးနိုင်တဲ့ အတုမရှိ ချမ်းသာ၊ အနှိုင်းမဲ့ချမ်းသာဖြစ်တဲ့ အသင်္ခတဓာတ်နိဗ္ဗာန်ချမ်းသာကြီးကို အပိုင်ရသွားပြီ၊ ချန်ထားရစ်ခဲ့စရာ မလိုတော့ဘူး။

ကျန်တဲ့ လောကီပစ္စည်းဥစ္စာတွေ ချန်ထားရစ်ခဲ့ရမယ်၊ ကုသိုလ်တရားတွေဆိုတာကလည်းပဲ ဘဝကျင်လည်ရေးအနေနဲ့ ကံကံရဲ့အကျိုး

http://www.dhammadownload.com

အနေနဲ့ ကြည့်ရင်တော့ ပါသွားပေမယ့် ချန်ထားရစ်ခဲ့ရမှာတွေချည်းပဲ။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေတောင်မှ ချန်ထားရစ်ခဲ့ ရတယ်ဆိုတော့ ကျန်တာတွေ မပြောတော့နဲ့ပေါ့။

ဒီတော့ ရဟန္တာဖြစ်သွားပြီဆိုရင်တော့ အသင်္ခတနိဗ္ဗာန်ဆိုတဲ့ ပစ္စည်းဥစ္စာကြီးကို ကိုယ်ပိုင်အဖြစ်နဲ့ ရသွားပါပြီ၊ အဲဒီ နိဗ္ဗာန်ချမ်းသာ ကြီးဟာ ဘယ်တော့ဆို ဘယ်တော့မှ မပျက်စီးတော့ပါဘူး။ အဲဒီလို ချန်ထားရစ်ခဲ့စရာမလိုတဲ့ ကိုယ်ပိုင်ဥစ္စာအစစ်ကို၊ ရဟန္တာအဖြစ်နဲ့ရတဲ့ အသင်္ခတနိဗ္ဗာန်ဆိုတဲ့ ကိုယ်ပိုင်ဥစ္စာအစစ်ကို ရချင်လို့ ရဟန်းပြုပါတယ်။


ဒါကြောင့် လူသားတွေရဲ့ ဘဝ၊ ကိုယ့်ဘဝကို သံဝေဂတင် လိုက်ရအောင်။

'ကိုယ်ပိုင်ဥစ္စာ၊ မရှိပါ၊ စွန့်ကာသွားရမည်တကား။'

■

ကိုယ်သိပ်ချစ်တဲ့သူ<br>
ကိုယ်သိပ်ချစ်တဲ့အရာတွေနဲ့<br>
အချိန်တိုင်းထိတွေ့<br>
ခံစားခွင့်မရတဲ့အတွက်<br>
ဘယ်သူ၊ဘယ်အရာကိုမှ<br>
ကိုယ်တကယ်မပိုင်ပါဘူး။<br>
သေသည်ဖြစ်ဖြစ်၊ မသေသည်ဖြစ်ဖြစ်<br>
ကိုယ်ပိုင်တာဘာမှမရှိပါလား။

http://www.dhammadownload.com



## အလိုမပြည့်တဲ့ဝါဘဝ
## တဏှာခိုင်းသမျှလုပ်နေရပြီလေ

နောက်ဆုံး မြတ်စွာဘုရားရှင်ရဲ့ တရားတော်ကတော့ ....

ဦနော လောကော အတိတ္တော တဏှာဒါသော။

'သတ္တဝါတွေဟာ အမြဲတမ်း ယုတ်လျော့နေကြတယ်၊ မပြည့်ကြဘူး၊ တင်းတိမ်အားရကျေနပ်ခြင်း မရှိကြဘူး၊ တဏှာရဲ့ကျွန်တွေချည်းပဲ ဖြစ်နေကြတယ်။' မြတ်စွာဘုရားက ဒီလိုဟောထားပါတယ်၊ အဲဒီတရားလေးကိုလဲ နှစ်သက်လွန်းလို့၊ မြတ်နိုးလွန်းလို့၊ ယုတ်လျော့နေတဲ့ဘဝ၊ မပြည့်တဲ့ဘဝ၊ စိတ်ကျပ်မပြည့်တဲ့ဘဝ၊ တဏှာကျွန်ဘဝကနေ လွန်မြောက်ချင်လို့ ရဟန်းပြုရခြင်းဖြစ်ပါတယ်။

အရှင်ဘုရား ဒီအဓိပ္ပာယ်လည်း တပည့်တော် သိပ်မသိပါဘူး၊ ရှင်းပြပါဦး။

ဒကာတော်မင်းကြီး၊ ဒကာတော်မင်းကြီးဟာ ခု ဒီကုရုတိုင်းကို အစိုးရတယ်မဟုတ်လား။

http://www.dhammadownload.com

မှန်ပါ၊ အစိုးရပါတယ်၊ ရှင်ဘုရင်ဖြစ်ပါတယ်။

ဒကာတော်မင်းကြီးဆီကို အရှေ့ရပ်က လူတစ်ယောက် ယောက်လာတယ်၊ ရောက်လာပြီးတော့ သံတော်ဦးတင်တယ်၊ အရှေ့ အရပ်မှာ အင်မတန် ပစ္စည်းဥစ္စာတွေ ပြည့်စုံတဲ့၊ လူဦးရေထူထပ်တဲ့၊ စစ်သည်ဗိုလ်ပါ အခြံအရံတွေ ပေါများတဲ့၊ သိမ်းပိုက်စရာ အမျိုးသမီး တွေပေါများတဲ့ တိုင်းပြည်ကြီး တစ်ပြည်ရှိပါတယ်။

အဲဒီ တိုင်းပြည်ကို လွယ်လွယ်ကူကူနဲ့လည်း သိမ်းပိုက်လို့ရ နိုင်ပါတယ်။ အရှင်မင်းကြီးသိမ်းပိုက်တော်မူပါလို့ လျှောက်ထားလာ ခဲ့မယ်ဆိုရင် အရှင်မင်းကြီး ဘယ်လိုလုပ်မလဲ။

မှန်လှပါဘုရား၊ တပည့်တော် အဲဒီတိုင်းပြည်ကို သွားပြီးတော့ တိုက်ခိုက်သိမ်းပိုက်ပြီးတော့ အရယူလိုက်မှာပါ။

အနောက်အရပ်က၊ တောင်အရပ်က၊ မြောက်အရပ်က၊ သမုဒ္ဒရာတစ်ဖက်ကမ်းက လူတွေ ရောက်လာပြီးတော့ အဲဒီလိုပဲ အ နောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ်၊ သမုဒ္ဒရာ တစ်ဖက်ကမ်းမှာ ပေါများပြည့်စုံတဲ့ တိုင်းပြည်ကြီးတွေရှိပါတယ်။ အဲဒီတိုင်းပြည်တွေကို သိမ်းယူပါလို့ ပြောလာရင်ကော အသင်မင်းကြီးက သိမ်းပိုက်ဦးမှာပဲ လား။

မှန်လှပါ၊ တပည့်တော် သိမ်းပိုက်မှာပါဘုရား။

အဲဒီသဘောကို ရည်ရွယ်ပြီးတော့ပဲ မြတ်စွာဘုရားရှင်က သတ္တဝါတွေဟာ အမြဲတမ်းယုတ်လျော့နေကြတယ်၊ မပြည့်ကြဘူး၊ တင်းတိမ်ကျေနပ်ခြင်း မရှိကြဘူး၊ အမြဲတမ်းပဲ တဏှာကျွန်ဖြစ်နေကြ

http://www.dhammadownload.com

တယ်လို့ မိန့်တော်မူပါတယ်။

ဒါလေးကလည်း သေချာ လေးလေးနက်နက်ချဲ့ထွင်ပြီးတော့ စဉ်းစားဖို့ သိပ်ကောင်းပါတယ်၊ လက်တွေ့ဘဝနဲ့လည်း နီးစပ်တဲ့ မြတ်စွာဘုရားရှင်ရဲ့ ဘဝအမြင်ဖြစ်ပါတယ်။ သံဝေဂအမြင်လဲဖြစ်ပါတယ်၊ ဘဝလွတ်မြောက်ရေးအမြင်လည်း ဖြစ်ပါတယ်။

သတ္တဝါတွေဟာ အမြဲတမ်းပဲ လျော့နေကြတယ်၊ ပြည့်နေတယ်ဆိုတာ ဘယ်အချိန်မှမရှိဘူး၊ လျော့နေတယ်ဆိုတော့ မပြည့်ဘူးပေါ့။ တင်းတိမ်ရောင့်ရဲခြင်း၊ အားရကျေနပ်ခြင်း ဆိုတာလည်း မရှိကြဘူး၊ ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာ၊ ကိုယ်ရထားတဲ့ စည်းစိမ်ချမ်းသာတွေနဲ့ ကျေနပ်နေတယ်ဆိုတာ မရှိကြဘူး။

ဘာမှ မရှိသေးခင်တော့လည်း စားနိုင်သောက်နိုင်ရှိရင် တော်ပါပြီလို့ တောင့်တမိတတ်ကြတယ်။ တကယ်တမ်း စားနိုင်သောက်နိုင်ဖြစ်လာတော့လည်းပဲ ကျေနပ်သွားတာမဟုတ်ပါဘူး၊ ဒီထက်ပိုပြီးတော့ ချမ်းသာလာချင်တာပါပဲ။

အိမ်လုံးဝမရှိတဲ့ ပုဂ္ဂိုလ်ကလည်းပဲ ခနိမိုးထရံကာ အိမ်လေးလောက် ကိုယ်ပိုင်ဆိုင်ရင်တော့ ကျေနပ်ပါပြီ၊ ဒီဘဝသေပျော်ပါပြီလို့ တောင့်တတယ်၊ တကယ်ပဲ ခနိမိုးထရံကာလေးနဲ့ အိမ်လေးဆောက်နိုင်ပြီဆိုတဲ့အခါကျတော့လည်း မကျေနပ်ပြန်ဘူး၊ ပျဉ်ထောင်သွပ်မိုးလေးတော့ ရှိဦးမှပဲ၊ ပျဉ်ထောင်သွပ်မိုးကလေးနဲ့ဆိုရင်တော့ ကောင်းမှာပဲ၊ ကြိုးစားရှာဦးမှပဲ၊ ပျဉ်ထောင်သွပ်မိုး ဆောက်နိုင်အောင် ကြိုးစားဦးမယ်၊ ရှာပြန်တယ်။

http://www.dhammadownload.com

ပျဉ်ထောင်သွပ်မိုးဆောက်နိုင်တော့လည်း မကျေနပ်ပြန်ဘူး။ အော် တိုက်ခံအိမ်လေး ဆောက်ဦးမှပဲ။ အဲဒီကနေ တက်လာပြန်တော့ အော် အာရ်စီတိုင်လေးတွေနဲ့ တိုက်ကြီး ခမ်းခမ်းနားနား ဆောက်ရရင်တော့ ကောင်းမှာပဲ၊ ဆောက်နိုင်အောင် ကြိုးစားဦးမယ်၊ ရှာဦးမယ်။

အဲဒီလိုအားဖြင့်ပေါ့လေ၊ အလိုဆန္ဒဟာ ဘယ်တော့မှ ပြည့်ဝနိုင်တယ်လို့ မရှိဘူး၊ တစ်ကျပ် နှစ်ကျပ် ရှိတဲ့ ပုဂ္ဂိုလ်ကလည်း တစ်ဆယ် နှစ်ဆယ် ရချင်တယ်။ ရရင် ကျေနပ်ပြီလို့ ယူဆတယ်။ တကယ် တစ်ဆယ် နှစ်ဆယ်ရလာတော့ တစ်ထောင် နှစ်ထောင်၊ တစ်သိန်း နှစ်သိန်း စသည်အားဖြင့် လိုချင်လာပြန်တယ်။

ဘယ်လောက်ပဲ သိန်းသန်းကုဋေကုဋာချီပြီး ချမ်းသာပေမယ့် တော်ပြီ၊ ဒါလောက်ပဲ ရပ်လိုက်တော့မယ်လို့ ကျေနပ်သွားတဲ့သူမရှိပါဘူး။ ရှိနိုင်သလောက်ရှိအောင်၊ ရှိသထက်ရှိအောင်၊ ရှိပြီးရင်း ရှိအောင်၊ ချမ်းသာသထက် ချမ်းသာအောင် ဆိုပြီးတော့ အလိုဆန္ဒတွေဟာ ဖြစ်နေကြတာချည်းပါပဲ။ ဖြစ်နေကြလို့လည်းပဲ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ ဆက်ပြီးတော့ နေ့စဉ်နဲ့အမျှ အလုပ်လုပ်နေကြရတာပါပဲ၊ ရှာဖွေနေကြရတာပါပဲ။ မလုပ်ရဘူး၊ မရှာဖွေရဘူးလို့ မဆိုလိုပါဘူး။ ဓမ္မအမြင်ကိုသာ၊ သဘာဝဖြစ်စဉ်ကိုသာ ပြောပြနေခြင်းဖြစ်ပါတယ်၊ လှူဖို့ တန်းဖို့ ရှာတာဖွေတာမျိုး ဒါတွေလည်း ပါမှာပဲပေါ့။ ရည်ရွယ်ချက်တွေကတော့ အမျိုးမျိုးပါပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ရလာသမျှနဲ့တော့ မကျေနပ်နိုင်ဘူးဆိုတဲ့ သဘောကို လက်ခံရမယ်။

အဲဒီလို ကိုယ့်ရှိသမျှ ကိုယ့်ရသမျှနဲ့ မကျေနပ်နိုင်ဘဲ စိတ်အ

http://www.dhammadownload.com

လိုဆန္ဒ ဘယ်တော့မှ မပြည့်မဝဖြစ်နေတာ ဘာကြောင့်လဲဆိုရင် တဏှာကြောင့်ပဲ၊ တဏှာရဲ့ စေခိုင်းချက်ကြောင့်ပဲ၊ သတ္တဝါတွေဟာ တဏှာစေခိုင်းတဲ့အတိုင်း လုပ်နေကြရတယ်။ တဏှာစေခိုင်းတဲ့အတိုင်း လုပ်နေကြရတဲ့အတွက်ကြောင့် သတ္တဝါအားလုံးဟာ တဏှာ့ကျွန်တွေချည်းပဲဖြစ်တယ်၊ သတ္တဝါတွေအားလုံး ဆိုတာကတော့ ရဟန္တာအရှင်မြတ်များမှအပပေါ့လေ။

ပုထုဇဉ်ဆိုရင်တော့ တဏှာခိုင်းတိုင်းလုပ်တာပါပဲ၊ သူ့အသက်သတ်မှ ကိုယ်လိုချင်တဲ့ ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာ ရမယ်ဆိုရင်သတ်ရတာပါပဲ။ ခိုးမှရမယ်ဆိုရင်လည်း ခိုးရတာပါပဲ၊ တဏှာရဲ့စေခိုင်းချက်ကြောင့်ပါ။

အဇာတသတ်မင်းက ဗိမ္ဗိသာရမင်းကြီးကို သတ်တယ်ဆိုတာလည်း မင်းစည်းစိမ်ကို လိုချင်တဲ့ တဏှာရဲ့ စေခိုင်းချက်ကြောင့်ပါပဲ။

သောတာပန်ဆိုရင်တော့ အပါယ်ကျစေနိုင်လောက်တဲ့ တဏှာမျိုး၊ အပါယ်ကျစေနိုင်လောက်တဲ့ အလုပ်မျိုးကို လုပ်တဲ့ တဏှာမျိုးတော့ မရှိတော့ဘူး။ ဒါပေမဲ့ ကာမဂုဏ်အာရုံတွေ ခံစားချင်တဲ့ တဏှာတွေ ရှိသေးတဲ့အတွက်ကြောင့် ခံစားနိုင်ဖို့အတွက် ရှာဖွေနေရသေးတယ်၊ တဏှာခိုင်းတိုင်း လုပ်နေရသေးတယ်။

သကဒါဂါမ်လည်းဘဲ အနုစားကာမတဏှာတွေ ရှိနေသေးတဲ့အတွက်ကြောင့် ရှာဖွေနေရသေးတာပဲ။ တဏှာခိုင်းတိုင်း လုပ်နေရသေးတာပါပဲ။

အနာဂါမ်ဖြစ်သွားပြီဆိုရင်တော့ ကာမတဏှာတော့ မရှိ

http://www.dhammadownload.com

တော့ဘူး။ လူ့ကာမဂုဏ် နတ်ကာမဂုဏ် ချမ်းသာတွေ ခံစားဖို့အတွက် တော့ မရှာတော့ဘူး၊ ဒါပေမဲ့ ရူပတဏှာဆိုတဲ့ ဗြဟ္မာဘဝကို တပ်မက်တဲ့ တဏှာလေးက ရှိနေသေးတော့ ဒီတဏှာခိုင်းတဲ့အတိုင်းတော့ လုပ်နေရသေးတာပဲ၊ ဒါပေမဲ့ အနာဂါမ် ပုဂ္ဂိုလ်များကတော့ တဏှာကြောင့် စိတ်ဆင်းရဲတယ် ကိုယ်ဆင်းရဲတယ် ဆိုတာတော့ မရှိတော့ဘူးပေါ့လေ၊ ဒါပေမဲ့ သင်္ခါရဆင်းရဲလို့ခေါ်တဲ့ ရုပ်နာမ်တွေရဲ့ဖြစ်ပျက် ဆင်းရဲတော့ ခံနေရသေးတာပါပဲ။

ရဟန္တာဖြစ်သွားလို့ တဏှာရဲ့စေခိုင်းချက်ကို ဘာမှမလိုက်နာတော့ဘူးဆိုမှပဲ ဒုက္ခတွေ အကုန်လုံးငြိမ်းသွားတော့တာပါပဲ၊ ဒါကြောင့် မိမိအပါအဝင် သတ္တဝါတွေအားလုံးရဲ့ ဘဝကိုလှမ်းပြီးတော့ ကြည့်လိုက်တော့ သတ္တဝါတွေအားလုံးဟာ တဏှာကျွန်တွေ ချည်းပါပဲလား။ တဏှာခိုင်းသမျှ လုပ်နေရတဲ့ ပုဂ္ဂိုလ်တွေ ချည်းပါပဲလား၊ အဲဒီလို သံဝေဂဉာဏ် ထင်လာတဲ့အတွက်ကြောင့် တဏှာကျွန်ဘဝကနေ လွတ်မြောက်ဖို့အတွက် ရဟန်းပြုပါတယ်၊ ဒါကြောင့်ဆိုလိုက်ပါ။

"လိုမပြည့်ဝ၊ အားမရ၊ တဏှာ့ကျွန်ချည်းပါတကား။"

အရှင်ရဋ္ဌပါလ ပြောတဲ့ အဲဒီအချက်လေးချက်လုံးသည် ရှေ့ပိုင်းကပြောခဲ့တဲ့ မင်္ဂဖိုလ်ရဖို့ဆိုတဲ့ ရည်ရွယ်ချက်ရဲ့ အဓိပ္ပာယ်တူတွေချည်းပါပဲ၊ သေမင်းဆီကို အမြဲတမ်း မောင်းပို့ခံနေရတဲ့ဘဝက လွတ်မြောက်ချင်တယ်ဆိုတာလည်း မင်္ဂဖိုလ်ရချင်တာပါပဲ။ နောက်တစ်ချက်က ဘာလဲ၊ စောင့်ရှောက်သူမရှိ၊ အားကိုးရာမရှိ အားနွဲ့နေတဲ့ဘဝက လွတ်မြောက်ချင်တယ်ဆိုတာကလည်း မင်္ဂဖိုလ်ရချင်တာပါပဲ။

http://www.dhammadownload.com

နောက်တစ်ချက်က ဘာလဲ။ ကိုယ်ပိုင်ဥစ္စာမရှိတဲ့ဘဝကနေ လွတ်မြောက်ပြီးတော့ အသခ်တနိဗ္ဗာန်ကို ကိုယ်ပိုင်ရဖို့အတွက်အား ထုတ်ချင်တယ်ဆိုတာလည်း မဂ်ဖိုလ်ရဖို့ပါပဲ၊ နောက်ဆုံးတစ်ချက်က ဘာလဲ၊ အလိုမပြည့်တဲ့ဘဝ၊ အားမရ မကျေနပ်တဲ့ဘဝ၊ တဏှာကျွန် ဘဝကလွတ်မြောက်ချင်လို့ လွတ်မြောက်ဖို့အတွက် ရဟန်းပြုရတာက လည်း မဂ်ဖိုလ်ရဖို့ ရဟန်းပြုရတာပါပဲ၊ မဂ်ဖိုလ်ရဖို့ ရဟန်းပြုတယ် ဆိုတာနဲ့ အတူတူပါပဲ၊ ဒါကြောင့် ဆိုလိုက်ပါ။


"နိဗ္ဗာန်မဂ်ဖိုလ်၊ ရဖို့ကို၊ ဘုန်းပျို ရဟန်းပြု။"

ဘုန်းပျိုဆိုတာက ဘုန်းမောင်တို့ဘာတို့ ဆိုကြသလိုပေါ့နော်၊ ယောကျ်ား၊ အမျိုးသားကို ပြောတာပါ၊ ဘုန်းပျိုဆိုတာနော်။ ဘုန်းပျိုဆို တော့ ဘုန်းအိုမဟုတ်ဘူးပေါ့လေ၊ မြတ်စွာဘုရားကလည်း အသက်ကြီး မှ ဘုန်းအိုဖြစ်မှ ရဟန်းဝတ်တဲ့ ပုဂ္ဂိုလ်တွေကို သိပ်ပြီးသဘောမကျပါဘူး။ အသက်အရွယ် ငယ်ငယ်ရွယ်ရွယ် နုပျိုနေတဲ့ အချိန်၊ ကိုယ်အားဉာဏ် အား စိတ်စွမ်းအားတွေ ထက်မြက်နေတဲ့အချိန်၊ ဘုန်းပျိုဘဝနဲ့ ရဟန်း ပြုတာကိုပဲ ပိုပြီးတော့ လိုလားပါတယ်။

အသက်ကြီးမှ ရဟန်းဖြစ်တယ်ဆိုတော့လည်း ရဟန်းတရား တွေကို စိတ်ရှိလက်ရှိ ပွားများအားထုတ်ဖို့လည်း သိပ်မလွယ်ကူတော့ ပါဘူး။ ဒီတော့ ဘုန်းပျိုဆိုတာ လုလင်ပျို ယောကျ်ားပျိုကို ဆိုလိုပါတယ်၊ ဘုန်းမောင်တို့ ဘာတို့ သုံးနှုန်းကြသလိုပေါ့နော်။

■

http://www.dhammadownload.com



## သားသမီးအပေါ်မျှော်လင့်ချက်မထားတဲ့မိဘ လုံးဝမရှိပါ

ဒီကနေ့ အလှူ့ဒါယကာ ဦးထွန်းလှမော်၊ အလှူ့ဒါယိကာမ ဒေါ်စန္ဒာမြစိန်တို့ ရဟန်းခံရှင်ပြုနားသ အလှူတော်မင်္ဂလာကြီးကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား အကုန်အကျ အများကြီး ခံပြီးတော့ ပြုလုပ်အားထုတ်တာ ဘာရည်ရွယ်ချက်လဲဆိုတော့ သူတို့က လျှောက်ထားကြပါတယ်။

သက်ရှိထင်ရှားရှိနေတဲ့ မိဘတွေကိုလည်း အထူးကျေးဇူးဆပ်ချင်လို့ပါတဲ့၊ ဒီရဟန်းခံရှင်ပြု ကုသိုလ်ကောင်းမှုကြီးပြုပြီးတော့ တမလွန်ဘဝပြောင်းသွားကြတဲ့ မိဘတွေ၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးတွေကိုလည်း အမျှအတန်းဝေပြီးတော့ အထူးကျေးဇူးဆပ်ချင်လို့ပါတဲ့၊ အဲဒီလို လျှောက်ထားကြပါတယ်။

အခုကုသိုလ်ရဖို့၊ ကုသိုလ်များများနဲ့ မြန်မြန်ရဖို့ဆိုတဲ့ ရည်ရွယ်ချက်ရယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ရဖို့ဆိုတဲ့ ရည်ရွယ်ချက်ရယ် ဒီအမှန်အကန်

http://www.dhammadownload.com

ရည်ရွယ်ချက် နှစ်ချက်နဲ့ ရှင်ရဟန်းပြုတယ်ဆိုရင် အထူးကုသိုလ်တွေ ရရှိသွားပါပြီ၊ မိမိတို့ မျှော်လင့်တောင့်တတဲ့အတိုင်းပဲ သက်ရှိထင်ရှား ရှိနေတဲ့ မိဘတွေကိုရော၊ ဘဝတစ်ပါးပြောင်းသွားကြတဲ့ မိဘဆွေမျိုး ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်တွေကိုရော အထူးကျေးဇူးဆပ်ခွင့်ရသွားပါပြီ။

လောကမှာ မိဘတွေဟာ သားသမီးတွေ အပေါ်မှာ မျှော်လင့်ချက်ငါးမျိုးထားကြတယ်။ မိဘတွေကတော့ ပြောလေ့ရှိတာပေါ့၊ တို့သားသမီးတွေဆီက ဘာမှ မျှော်လင့်ချက် မထားပါဘူး၊ တို့ကပဲ ပေးဖို့ပါ၊ တို့ကစုန်ရေပါပဲ၊ ဘာမှ မမျှော်လင့်ပါဘူးလို့ စကားအရပြောပေမယ့် မြတ်စွာဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ သတ္တဝါတွေရဲ့ စိတ်ကို လှမ်းကြည့်လိုက်တော့ မျှော်လင့်ပါတယ်။

ပါးစပ်ကတော့ ထုတ်မပြောပေမယ့် စိတ်ထဲကတော့ မျှော်လင့်ပါတယ်၊ အသိစိတ်ကနေ ပေါ်ပေါ်ထင်ထင်ကြီး မမျှော်လင့်တောင်မှ မသိစိတ်ကနေ တိုးတိုးတိတ်တိတ် မျှော်လင့်ကြပါတယ်။ မျှော်လင့်ချက်က တစ်ချက်တည်းတောင် မဟုတ်ပါဘူးတဲ့၊ ငါးချက်တောင်ရှိပါသတဲ့။

ဘတော ဝါ နော ဘရိဿတိ။

ငါတို့ ငယ်ငယ်တုန်းက ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကစပြီးတော့ ကျွေးမွေးပြုစုစောင့်ရှောက်လာခဲ့တဲ့ တို့သား တို့သမီးတွေဟာ တို့အသက်အရွယ်ကြီးရင့်လို့ အိုမင်းလာတဲ့အချိန်မှာလဲ ငါတို့ကို တစ်ခေါက်ပြန်ပြီးတော့ ဒီလိုပဲ ကျွေးမွေးပြုစုစောင့်ရှောက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ကိစ္စံ ဝါ နော ကရိဿတိ။

http://www.dhammadownload.com

ငါတို့ရဲ့ လုပ်ငန်းဆောင်တာတွေ၊ ငါတို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ၊ ငါတို့ရဲ့ အမှုကိစ္စတွေကိုလည်းပဲ တို့သား တို့သမီးတွေက ငါတို့ မလုပ်နိုင်တော့တဲ့အချိန်ကျလို့ရှိရင်၊ ငါတို့ မျက်နှာလွှဲလို့ရတဲ့အချိန်ကျလို့ရှိရင် ငါတို့ကိုယ်စား ဆက်ပြီးတော့ လုပ်ကိုင်ကြလိမ့်မယ်လို့ အဲဒီလိုမျှော်လင့်ပါတယ်။

ကုလဝံသော စိရံ တိဋ္ဌေ။

ငါတို့ရဲ့ အမျိုးအနွယ်အဆက်ကိုလည်း မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ငါတို့မရှိတဲ့ အချိန်မှာပဲဖြစ်ဖြစ်၊ ရှိနေတဲ့အချိန်မှာပဲဖြစ်ဖြစ် ဆွေတွေမျိုးတွေ၊ ညီအစ်ကိုမောင်နှမတွေ တစ်ယောက်နဲ့တစ်ယောက် သွားသွားလာလာ ဝင်ဝင်ထွက်ထွက် ချစ်ချစ်ခင်ခင်နဲ့ အဆက်အဆံမပျက် နေကြလိမ့်မယ်လို့၊ ငါတို့ရဲ့ အမျိုးအနွယ်ဂုဏ်ကို ထိန်းသိမ်းကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဒါယဇ္ဇံ ပဋိပဇ္ဇတိ။

ငါတို့ရဲ့လောကီအမွေ၊ လောကုတ္တရာအမွေတွေကို ကောင်းကောင်းခံယူကြလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ လောကီအမွေဆိုတာကတော့ ပစ္စည်းဥစ္စာ ရွှေငွေရတနာစတဲ့ အမွေတွေပါပဲ။

လောကုတ္တရာအမွေဆိုတာကတော့ ငါတို့ ဒါနပြုရင် သူတို့လည်း ပြုကြလိမ့်မယ်၊ ငါတို့က သီလစောင့်ထိန်းတယ်၊ သူတို့ကလဲ စောင့်ထိန်းကြလိမ့်မယ်။ ငါတို့က တရားတွေ နာတာ ဝါသနာပါတယ်။ သူတို့ကလဲ တရားတွေ နာကြလိမ့်မယ်၊ တို့က ရိပ်သာတွေဝင်ပြီး တရား

http://www.dhammadownload.com

အားထုတ်လေ့ရှိတယ်။ သူတို့လည်းပဲ တရားအားထုတ်ကြလိမ့်မယ်၊ ငါတို့ တည်ထားတဲ့ ဘုရားကျောင်းကန်တွေကို သူတို့က သားသမီး မြေးမြစ်တွေက ဆက်ပြီးတော့ ပြုပြင်ထိန်သိမ်းကြလိမ့်မယ် စသည် အားဖြင့်ပေါ့။

လောကီအမွေတွေကိုလည်း ဆက်ခံကြလိမ့်မယ်။ လောကုတ္တရာအမွေ၊ ဓမ္မအမွေ၊ ကုသိုလ်အမွေတွေကိုလည်း ဆက်ခံကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

အထ ဝါ ပန ပေတာနံ ဒက္ခိဏံ အနုပ္ပဒဿတိ။

ငါတို့ တမလွန်ဘဝကူးပြောင်းသွားတဲ့အခါမှာလည်းပဲ ငါတို့ကို ကုသိုလ်အမျှအတန်းတွေ ပေးဝေကြလိမ့်မယ်၊ ငါတို့ကို ရည်စူးပြီးတော့ ကုသိုလ်ကောင်းမှုတွေပြုလုပ်ကြပြီးတော့ အဲဒီကုသိုလ်ကောင်းမှုတွေကို ငါတို့ဆီ အမျှအတန်းဝေပြီးတော့ ပို့ကြလိမ့်မယ်လို့ ဒီလိုလည်းပဲ မျှော်လင့်ကြပါတယ်။

မိဘတွေရဲ့မျှော်လင့်ချက် ဘယ်နှစ်ချက်ရှိလဲ၊ ငါးချက်ရှိပါတယ်၊ အဲဒီငါးချက်ထဲက ဒီနေ့အလှူ့ဒါယကာ ဦးထွန်းလှမော်၊ အလှူ့ဒါယိကာမ ဒေါ်စန္ဒာမြစိန်တို့ မိသားစုက သက်ရှိထင်ရှားရှိနေတဲ့ မိဘတွေရဲ့ စတုတ္ထမျှော်လင့်ချက်ကို ဖြည့်ဆည်းပေးရာရောက်သွားပါတယ်။ မိမိတို့ရဲ့ လုပ်ရပ်ကြောင့် မိဘတွေရဲ့ စတုတ္ထမျှော်လင့်ချက်ပြည့်ဝသွားပြီပေါ့။

မိဘတွေက တို့ရဲ့လောကီအမွေ၊ လောကုတ္တရာအဓမ္မတွေ ဆက်ခံကြလိမ့်မယ်လို့ မျှော်လင့်ထားတယ်၊ မျှော်လင့်ထားတဲ့အတိုင်း

http://www.dhammadownload.com

လည်း မိဘတွေက ဒါနပြုတယ်၊ တို့ကလည်း ဒါနပြုတယ်၊ မိဘတွေက ရဟန်းခံရှင်ပြု အလှူတွေ လှူခဲ့ကြဖူးတယ်၊ တို့ကလည်း ရဟန်းခံရှင်ပြု အလှူတွေ လှူတယ်၊ မိဘတွေက သီလတွေစောင့်ထိန်းခဲ့ကြတယ်၊ တို့ကလည်း သီလတွေစောင့်ထိန်းတယ်၊ မိဘတွေက ဝိပဿနာ ဘာဝနာတွေ အားထုတ်ခဲ့ကြတယ်၊ တို့လည်းပဲ ဝိပဿနာဘာဝနာတွေ အားထုတ်ကြမယ်ဆိုတော့ မိဘတွေရဲ့ လိုလားတောင့်တတဲ့ ကုသိုလ် အမွေ၊ ဓမ္မအမွေကို ဆက်ခံရာ မရောက်ဘူးလား၊ ရောက်သွားပါတယ်။

ဒီတော့ သက်ရှိထင်ရှားရှိနေတဲ့ မိဘတွေက အော် တို့သား တွေ တို့သမီးတွေ ကြည့်စမ်း ရဟန်းခံ ရှင်ပြုအလှူကြီးလှူ၊ ဒါနတွေပြု၊ သီလတွေဆောက်တည်၊ ဘာဝနာတွေပွားပြီးတော့ ကုသိုလ်အမွေတွေ ဆက်ခံနေကြပါလား ဆိုပြီးတော့ သူတို့ သားသမီးတွေ ကုသိုလ်ပြုတာ ကြည့်ပြီးတော့ မိဘတွေက၊ သက်ရှိထင်ရှားရှိတဲ့ မိဘတွေက ပီတိတွေ ပြည့်လို့၊ မစားရလည်း စိတ်ထဲ ပြည့်လို့၊ မအိပ်ရလည်း စိတ်ထဲ ပြည့်လို့၊ ရင်ထဲမှာ ပြည့်ပြီးတော့ ပီတိတွေဖြစ်နေတယ်။

ဒါကြောင့် သက်ရှိထင်ရှားရှိနေတဲ့ မိဘတွေရဲ့ စတုတ္ထမျှော် လင့်ချက်တွေကို မိမိတို့က ဖြည့်ဆည်းပေးရာရောက်သွားပါတယ်။ သက်ရှိထင်ရှားမရှိတော့တဲ့၊ ဘဝတစ်ပါးပြောင်းသွားကြတဲ့ မိဘတွေရဲ့ ပဉ္စမမျှော်လင့်ချက်ကိုလည်း ဖြည့်ဆည်းပေးရာရောက်သွားပါပြီ။

ဒီကနေ့ ရဟန်းခံရှင်ပြု အလှူပြုပြီးတော့ ကုသိုလ်ကောင်းမှု တွေပြုလိုက်တယ်၊ အဲဒီကုသိုလ်ကောင်းမှုတွေကို ဘဝတစ်ပါးပြောင်း သွားတဲ့ မိဘဆွေမျိုးတွေ၊ ကျေးဇူးရှင်ပုဂ္ဂိုလ်တွေကို အမျှဝေမယ်၊ ဒီတော့

http://www.dhammadownload.com

သူတို့ရဲ့ ပဌမမျှော်လင့်ချက်လည်း ပြည့်သွားတာပေါ့။


ရဟန်းခံရှင်ပြုအလှူကို ပြုလိုက်တဲ့အတွက် အလှူ့ဒါယကာ အလှူ့အမတွေမှာ အထူးကုသိုလ်တွေ ရသွားတယ်။ အထူးကုသိုလ်တွေနဲ့ သက်ရှိထင်ရှားရှိတဲ့ မိဘတွေကို အထူးပီတိဖြစ်အောင်ပြုပြီးတော့ အထူးကျေးဇူးဆပ်ရာရောက်သွားပါတယ်။

ဒီအထူးကုသိုလ်နဲ့ ဘဝတစ်ပါးပြောင်းသွားတဲ့ မိဘတွေ၊ ကျေးဇူးရှင်တွေကို အထူးအမျှဝေတဲ့အခါမှာ သူတို့လည်းပဲ အထူး သာဓု ခေါ်ပြီး အထူးကုသိုလ်တွေရကြဦးမယ်။ သူတို့ရဲ့ ဆန္ဒတွေကို အထူး ဖြည့်ဆည်းပေးရာရောက်သွားပါတယ်။

ကိုယ်တိုင်လည်း ရဟန်းပြုတဲ့ အလှူ့ဒကာ ဦးထွန်းလှမော်၊ အလှူ့အစ်မ ဒေါ်စန္ဒာမြစိန်တို့ရဲ့ သက်ရှိထင်ရှားရှိတဲ့ မိခင်ကြီး ဒေါ်စိန်စိန်၊ မိခင်ကြီး ဒေါ်ခင်စောတင့်တို့လည်း ဒီရဟန်းခံ ရှင်ပြုအလှူကို ကြည့်ပြီး အထူး ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါလိမ့်မယ်။ သက်ရှိထင်ရှား မရှိတော့တဲ့ ဖခင်ကြီး ဦးသန်းထွန်း၊ ဖခင်ကြီး ဦးမြစိန်တို့ကိုလည်း ဒီရဟန်းခံရှင်ပြုအလှူရဲ့ အဖို့ဘာဂကို အထူးအမျှပေးဝေကြပါမယ်။

ကိုရင်ဝတ် ရှင်ပြုကြတဲ့၊ နားသ သီလရှင်ဝတ်ကြတဲ့ မမေထွန်းလှမော်၊ မောင်မင်းထွန်းလှမော်တို့ရဲ့ မိဘ ဦးထွန်းလှမော်၊ ဒေါ်စန္ဒာမြစိန်၊ မောင်အောင်ကျော်သန့်၊ မောင်သန့်ဟန်လင်းတို့ရဲ့ မိဘ ဦးသန့်ဇင်၊ ဒေါ်သန္တာမြစိန်၊ မမြသီရိကျော်ရဲ့ မိဘ ဦးကျော်စွာတင့်စိုး၊ ဒေါ်နီလာထွန်းတို့လည်း ကိုယ့်သား ကိုယ်သမီး ကိုရင်လေးတွေ၊ သီလရှင်လေးတွေ ကြည့်ပြီး အထူး ပီတိဖြစ်ကြပါမယ်။

http://www.dhammadownload.com



## ရှင်ရဟန်းမှန်သမျှအနာဂါမ်လူဝတ်ကြောင်တွေကတောင် ရှိခိုးထိုက်ပါတယ်

အထူး၊ အထူးလို့ ဘာကြောင့် ထပ်တလဲလဲ ပြောနေရသလဲ ဆိုတော့ ရှင်ရဟန်းပြုလိုက်ရတဲ့ ကုသိုလ်ဟာ တခြားကုသိုလ်နဲ့ မတူဘဲ ထူးနေလို့ပါပဲ။ ဒီနေ့မှပဲ ရှင်ပြုတဲ့ပုဂ္ဂိုလ်၊ ဒီနေ့မှပဲ ရဟန်းပြုတဲ့ပုဂ္ဂိုလ်ဟာ ရှင်ဘဝ၊ ရဟန်းဘဝနဲ့ တစ်ရက်မှတောင် မနေရသေးပေမယ့် အနာဂါမ် ဖြစ်နေတဲ့ လူဝတ်ကြောင် ဒကာ၊ ဒကာမက ရှိခိုးရတယ်၊ အနာဂါမ် ဖြစ်ပြီးသား လူဝတ်ကြောင် ဒကာ၊ ဒကာမရဲ့ ရှိခိုးခံထိုက်တဲ့ပုဂ္ဂိုလ်၊ ပူဇော်ခံထိုက်တဲ့ပုဂ္ဂိုလ် ဖြစ်နေတယ်။

ဓမ္မအနေနဲ့ ကြည့်လိုက်မယ်ဆိုရင်တော့ အနာဂါမ်ဖြစ်နေ တယ်ဆိုရင် ပုထုဇဉ်ပုဂ္ဂိုလ်ထက် အများကြီး အဆင့်မြင့်နေတော့တာ ပေါ့။ ဒါပေမဲ့ အဲဒီအနာဂါမ်ဖြစ်နေတဲ့ ဒကာ၊ ဒကာမက ဒီကနေ့မှပဲ ကိုရင်ဝတ်လိုက်တဲ့ ကိုရင်ကလေးကို၊ ဒီကနေ့မှပဲ သိမ်ဝင်လိုက်တဲ့ ရဟန်းတော်အသစ်ကလေးကို ရှိခိုးရပါတယ်၊ ဦးချရပါတယ်၊ ခရီးဦး

http://www.dhammadownload.com

ကြိုဆိုရပါတယ်၊ နေရာထိုင်ခင်းပေးရပါတယ်၊ ပူဇော်ရပါတယ်၊ မြတ်နိုးရပါတယ်။

ငါက အနာဂါမ်ပဲ၊ သူက အခုမှ ကိုရင်ဝတ်တာ၊ အခုမှ ရဟန်းပြုတာ၊ ပုထုဇဉ်ကြီး၊ ကိလေသာတွေ တင်းကျမ်းနဲ့ ရှိမခိုးနိုင်ပေါင်၊ ခရီးဦးမကြိုနိုင်ပေါင်၊ ခပ်တည်တည်နဲ့ ဒီလိုနေလို့ ရလား၊ မရဘူး၊ တကယ့် အနာဂါမ်အစစ်ကလည်း အဲဒီလို စိတ်မျိုး မရှိပါဘူး။ တကယ် အနာဂါမ်မဟုတ်ဘဲနဲ့ ကိုယ့်ကိုယ်ကို အနာဂါမ်လို့ ထင်နေတဲ့ အနာဂါမ် အတုကတော့ အဲဒီလို စိတ်မျိုး ရှိချင်ရှိမှာပေါ့။

အနာဂါမ်အရိယာဖြစ်နေတဲ့ လူဝတ်ကြောင်ပုဂ္ဂိုလ်ကြီးရဲ့ ရှိခိုးပူဇော်ခြင်းကိုတောင် ခံယူထိုက်တယ်ဆိုမှတော့ သကဒါဂါမ်အရိယာ လူဝတ်ကြောင်ပုဂ္ဂိုလ်ဆိုတာ ပြောစရာတောင်မလိုတော့ဘူး။ သောတာပန်အရိယာလူဝတ်ကြောင်ပုဂ္ဂိုလ်ဆိုရင်တော့ ပျင်းတောင် ပျင်းသေးတယ်ပေါ့။

ဒီတော့ အရိယာဂုဏ်၊ မဂ်ဖိုလ်ဂုဏ်အားဖြင့် လူဝတ်ကြောင် ဒကာ ဒကာမက သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေဖြစ်ပြီးတော့ မြင့်မြတ်နေပါလျက်နဲ့ ဘာဖြစ်လို့ ဒီနေ့မှ ကိုရင်ဝတ်၊ ရဟန်းဝတ်တဲ့ ပုထုဇဉ်ကို၊ ဇဉ်ဇဉ် ဇဉ်ဇဉ်နဲ့ မြည်နေတဲ့ ပုထုဇဉ်ကို ဘာဖြစ်လို့ ရှိခိုးရတာလဲ၊ ဒါ အလေးအနက်စဉ်းစားဖို့ကောင်းတယ်။

အဓိကအားဖြင့်တော့ အဲဒီလို ရှိခိုးရတာဟာ အသွင်အပြင်အားဖြင့် မြင့်မြတ်နေလို့ပါပဲ။ ရှိခိုးရခြင်းရဲ့ အကြောင်းတွေကတော့ အများကြီးရှိပါတယ်၊ ရေစက်ချတရားဆိုတော့ အချိန်ကလည်း သိပ်

http://www.dhammadownload.com

မရှိဘူး၊ ဒါကြောင့် အတိုချုပ်လေးတော့ ပြောပြပါ့မယ်။

မြင့်မြတ်ပုံလေးကို အကြမ်းဖျင်း ရိပ်စားမိရုံပါ၊ ဒီတော့ ရဟန်းရဲ့ အသွင်အပြင်က ဘယ်လိုလဲ။

ဥပဂတော သော သမဏလိင်္ဂံ ။

သမဏဆိုတာ ငြိမ်းအေးတာ၊ လိင်္ဂဆိုတာ အသွင်အပြင်၊ သမဏလိင်္ဂဆိုတော့ ငြိမ်းအေးတဲ့အသွင်အပြင်ပေါ့။ ရဟန်းသာမဏေများဟာ ငြိမ်းအေးတဲ့ အသွင်အပြင်ကို ရရှိထားကြတယ်။

အသွင်အပြင်ဆိုတာ အဓိကအားဖြင့်တော့ နှစ်ချက်ပါပဲ၊ ဘဏ္ဍုဘာဝ = ခေါင်းရိတ်ထားတယ်၊ ကာသာဝဆာဒန = ဖန်ရည်စွန်းတဲ့သင်္ကန်းကို ဆင်မြန်းထားတယ်၊ ခေါင်းရိတ်ထားခြင်း၊ ဖန်ရည်စွန်းတဲ့ သင်္ကန်းကို ဆင်မြန်းထားခြင်းဆိုတဲ့ ဒီအသွင်အပြင် နှစ်မျိုးဟာ သမဏလိင်္ဂ = ငြိမ်းအေးတဲ့ အသွင်အပြင် ဖြစ်တယ်။

သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နေတဲ့ လူဝတ်ကြောင် ဒကာကြီးတစ်ယောက်၊ သို့မဟုတ် ဒကာမကြီးတစ်ယောက် ဆံပင်နဲ့၊ အင်္ကျီနဲ့၊ လုံချည်နဲ့ဆိုရင် သူ့ကြည့်ရတာ မငြိမ်းအေးဘူး။ အတွင်းထဲမှာ အနာဂါမိမဂ်ဖိုလ်ဆိုတဲ့ တရားထူး တရားမြတ်တွေ ရှိနေပေမယ့် သူ့ရဲ့အသွင်သဏ္ဍာန်က ငြိမ်းအေးတဲ့ အသွင်သဏ္ဍာန်မရှိဘူး။ သူ့မြင်လိုက်ရရင် စိတ်ထဲမှာ ငြိမ်းအေးသွားတာပဲဆိုတာ မရှိဘူး။

ပုထုဇဉ်ကိုရင်တွေ၊ ပုထုဇဉ်ရဟန်းတော်တွေကတော့ စိတ်ထဲက ကိလေသာတွေ တင်းကျမ်းပြည့်နေပေမယ့် သူ့မြင်လိုက်ရရင် စိတ်

http://www.dhammadownload.com

ထဲမှာ ငြိမ်းအေးသွားတယ်။ ဆိုပါတော့ တရားထိုင်နေတယ်ဆိုလို့ရှိရင်၊ ကိုရင်လေးတစ်ပါး တရားထိုင်နေတယ်၊ ရဟန်းတော်တစ်ပါး တရားထိုင်နေတယ်ဆိုရင်၊ မျက်လွှာလေးချ၊ မျက်လုံးလေး မှိတ်ပြီးတော့ တရားထိုင်နေတယ်ဆိုရင် ကာယကံရှင်ကိုရင်ဦးဇင်းကတော့ တွေးချင်ရာ တွေးချင်တွေးနေမယ်၊ အတွေးတွေ ပြည့်ချင်ပြည့်နေမယ်။ ကိလေသာတွေလည်း တင်းကျမ်းပြည့်ချင်ပြည့်နေမယ်၊ ဒါပေမဲ့ သူတရားထိုင်နေတာလေး မြင်လိုက်ရတာကိုက ဆားလူရဲ့စိတ်ထဲမှာ အေးချမ်းလိုက်တာ၊ သူ့ရင်ထဲမှာ တရားရှိရှိ မရှိရှိ အသွင်အပြင်လေးက အေးချမ်းလိုက်တာ။

တရားထိုင်မှ မဟုတ်ပါဘူး။ သာမန်အချိန်လေး မျက်လွှာချပြီးသွားနေတယ်၊ ရပ်နေတယ်၊ ထိုင်နေတယ်၊ လျောင်းနေတယ်၊ ဝိနည်းတော်နဲ့ ညီအောင် ဣန္ဒြေသိက္ခာနဲ့ နေထိုင်နေတယ်ဆိုလို့ရှိရင် အတွင်းထဲမှာ တရားထူးတရားမြတ်တွေ ဘာမှ ရှိရှိမရှိရှိ၊ မြင်လိုက်ရတယ်ဆိုရင် အေးချမ်းလိုက်တာ။

ဒါကြောင့် ငြိမ်းအေးတဲ့ အသွင်အပြင်ကို ယူထားတဲ့အတွက်ကြောင့် မငြိမ်းအေးတဲ့အသွင်အပြင်ကိုယူထားတဲ့ လူဝတ်ကြောင် ဒကာဒကာမက ရှိခိုးရပါတယ်။ လူရဲ့အဝတ်အစားဆိုတာ၊ လူ့ရဲ့အသွင်အပြင်အဆင်တန်ဆာဆိုတာ ငြိမ်းအေးတဲ့ အဝတ်အစား၊ ငြိမ်းအေးတဲ့ အသွင်အပြင် အဆင်တန်ဆာ မဟုတ်ပါဘူး၊

ဒါကြောင့် ငြိမ်းအေးတဲ့အသွင်အပြင်ကို ယူထားလို့လဲပဲ အနာဂါမ်က ရှိခိုးလိုက်တယ်၊ အနာဂါမ်လို့ ပြောလိုက်ရင် အဲဒီထဲမှာ သောတာပန်၊ သကဒါဂါမ်လည်း ပါပြီးသားပေါ့နော်၊ အထွတ်အထိပ်အနေနဲ့

http://www.dhammadownload.com

ပြောတာ၊ လူ့ဝတ်ကြောင်တွေထဲမှာ အဆင့်အမြင့်ဆုံး လူဝတ်ကြောင်က အနာဂါမ်လူဝတ်ကြောင်ကိုး။

ဗုဒ္ဓါမိပ္ပါယေ ဌိတော။

အဲဒီလို အသွင်အပြင်လေးကလည်း မြတ်စွာဘုရားအလိုတော်ကျတဲ့ အသွင်အပြင်လေးလည်း ဖြစ်နေတယ်။ လူ့အဝတ်လူ့အသွင်ဆိုတာ ဘုရားအလိုတော်ကျတဲ့အသွင်၊ ဘုရားသဘောကျတဲ့ အသွင် မဟုတ်ဘူး၊ ခေါင်းရိတ်ပြီးတော့ သင်္ကန်းဝတ်ထားတဲ့ အသွင်အပြင်ကမှ ဘုရားအလိုတော်ကျတဲ့ အသွင်၊ ဘုရားသဘောကျတဲ့အသွင် ဖြစ်တယ်။

ခီဏာသဝေဟိ သော သာမညံ ဥပဂတော။

အဲဒီအသွင်အပြင်ဟာ ရဟန္တာပုဂ္ဂိုလ်တွေနဲ့လည်း အသွင်အပြင်တူသွားတယ်။ ရဟန္တာပုဂ္ဂိုလ်ရဲ့ အသွင်အပြင်ကလည်း ဒီနေ့ဝတ်တဲ့ ကိုရင်လေးတွေရဲ့ အသွင်အပြင်မျိုးပါပဲ။ ဒီနေ့ ဝတ်တဲ့ ဦးဇင်းလေးတွေရဲ့ အသွင်အပြင်မျိုးပါပဲ။

ရဟန္တာရဲ့ အသွင်အပြင်မျိုးလို့ဆိုတော့ လူဝတ်ကြောင်ရော ရဟန္တာဘဝနဲ့ မရှိနိုင်ဘူးလားလို့ မေးစရာပေါ့။ လူဝတ်ကြောင်ဘဝနဲ့ ရဟန္တာမရှိပါဘူး။ လူဝတ်ကြောင်က ရဟန္တာမဖြစ်နိုင်ဘူးလို့ ဆိုလိုတာ မဟုတ်ဘူးနော်၊ ရဟန္တာတော့ ဖြစ်တယ်၊ ဖြစ်ပေမယ့် ဒီနေ့ရဟန္တာ ဖြစ်တယ်ဆိုရင် လူဝတ်ကြောင်က ကိုရင်ဝတ်ရင်ဝတ်၊ ရဟန်းပြုရင်ပြု၊ မဝတ်ဘူး၊ မပြုဘူးဆိုရင်တော့ နောက်တစ်နေ့ အရုဏ်မတက်ခင်၊ နောက်တစ်နေ့မကူးခင် ဒီနေ့ ပရိနိဗ္ဗာန်စံရတယ်။

အရဟတ္တဖိုလ်ဆိုတဲ့ ဂုဏ်ပုဒ်ကြီးကို လူ့အသွင်အပြင်၊ လူ့

http://www.dhammadownload.com


အဝတ်အစားတွေက ထိန်းမထားနိုင်ဘူး။ အရဟတ္တဖိုလ်ဂုဏ်ပုဒ်ကြီးက သိပ်ကြီးကျယ်မြင့်မြတ်လွန်းနေတဲ့အတွက် လူဝတ်ကြောင် အသွင် အပြင်၊ လူဝတ်ကြောင်အဆင်တန်ဆာတွေက အရဟတ္တဖိုလ်ဂုဏ်ကို ထိန်းထားနိုင်လောက်အောင် ခံနိုင်ရည်မရှိဘူး။

ဒါကြောင့် ရဟန္တာလူဝတ်ကြောင်ဟာ ဒီနေ့ ရှင်ရဟန်းပြုရင် ပြု၊ မပြုရင် ဒီနေ့ပဲ ပရိနိဗ္ဗာန် စံရတယ်၊ ဒါကြောင့် ရဟန္တာဘဝနဲ့ ရက်လနှစ်တွေချီပြီးတော့ အသက်ရှင်နေတဲ့ လူဝတ်ကြောင်ဆိုတာ မရှိနိုင်ဘူး။ ဒါကြောင့်မို့လို့ ဒီလူကတော့ ရဟန္တာပဲလို့ လက်ညှိုးထိုးပြစရာ မရှိဘူး။ ရဟန္တာဖြစ်ဖြစ်ချင်းနေ့မှာတော့ ရှိမှာပေါ့လေ၊ နောက်နေ့တွေ၊ နောက်လတွေ၊ နောက်နှစ်တွေမှာ အမြဲတမ်းကြီး ဒီလူက ရဟန္တာပဲလို့၊ ဒီဒကာမကြီး ရဟန္တာပဲလို့ ပြောစရာမရှိဘူး။

ဒါကြောင့် သက်ရှိထင်ရှားရှိနေတဲ့ ရဟန္တာမှန်ရင်တော့ အခု ဒီကနေ့ဝတ်လိုက်တဲ့ ကိုရင်လေးများ၊ ရဟန်းတော်များရဲ့ အသွင် သဏ္ဌာန်မျိုးပါပဲ။ ဒါကြောင့် ရဟန္တာတွေနဲ့လည်း အသွင်တူသွားတဲ့ အတွက်ကြောင့် အနာဂါမ် ဒကာ၊ ဒကာမက ဒီနေ့မှပဲ ရှင်ရဟန်းပြုတဲ့ ကိုရင်လေးကို၊ ရဟန်းလေးကို ရှိခိုးရပါတယ်။

■

http://www.dhammadownload.com



## ရဟန်းသာမဏေတွေရဲ့ "မီ" ကမှ တကယ် "မီ" တာပါ

အဂ္ဂပရိသံ သော ဥပဂတော။

မြင့်မြတ်တဲ့ပရိသတ်လို့ဆိုရတဲ့ ရဟန္တာပရိသတ်ထဲမှာလည်း ဝင်လို့ရသွားတယ်၊ ဆိုပါတော့ ဒီနေ့ရဟန်းခံလိုက်တဲ့ ရဟန်းတော်တွေဆိုလို့ရှိရင် ရဟန္တာအရှင်မြတ်ကြီးတွေနဲ့ ဆွမ်းတစ်ဝိုင်းတည်း ဝင်စားလို့ရတယ်။ အနာဂါမ် ဒကာကြီးက ငါအနာဂါမ်ပဲ၊ ဘုန်းကြီးနဲ့အတူ တစ်ဝိုင်းတည်းဝင်စားမယ်လို့ ရလား၊ မရဘူး၊ ရဟန္တာပရိသတ်ထဲကို ပွဲဝင်တာက ပုထုဇဉ် ရဟန်းတော်တွေပဲ။

ကိုရင်တွေ ဦးဇင်းတွေ ဆိုလို့ရှိရင် ရဟန္တာအရှင်မြတ်ကြီးတွေနဲ့ ကျောင်းဆောင်တစ်ဆောင်တည်းမှာပဲ ကျိန်းစက်မယ်၊ သီတင်းသုံးမယ်၊ အိပ်မယ်ဆိုလို့ရပါတယ်၊ အနာဂါမ်လူဝတ်ကြောင်က ငါအနာဂါမ်ပဲ၊ ဘုန်းကြီးနဲ့အတူ သွားအိပ်လိုက်ဦးမယ်ဆိုလို့ ရလား၊ မရပါဘူး။

အဲဒီလိုအားဖြင့်ပေါ့လေ၊ ရဟန္တာတည်းဟူသောမြင့်မြတ်တဲ့

http://www.dhammadownload.com

ပရိသတ်ထဲကိုလည်း လူဝတ်ကြောင် အနာဂါမ်က ဝင်ခွင့်မရှိဘူး။ ပုထုဇဉ်ရဟန်းက ဝင်ခွင့်ရှိတယ်။ ဒါကြောင့် အနာဂါမ်ဒကာက ရှိခိုးရတယ်။

လဘတိ သော ပါတိမောက္ခုဒ္ဒေသံ သောတုံ။

လပြည့် လကွယ် ဥပုသ်နေ့တွေမှာ သိမ်ထဲမှာ ဥပုသ်ပြုကြပြီဆိုလို့ရှိရင်လည်း ပုထုဇဉ် ရဟန်းသာမဏေတွေက အဲဒီပရိသတ်ထဲ ဝင်လို့ရတယ်၊ ပါတိမောက် ပြတာကို နားထောင်လို့ရတယ်၊ အနာဂါမ်ဒကာ၊ အနာဂါမ်ဒကာမက ငါအနာဂါမ်ပဲဆိုပြီးတော့ ပါတိမောက်ပြတဲ့ ပရိသတ်ထဲဝင်လို့ရလား။ မရပါဘူး။ ဒါကြောင့်လည်းပဲ အနာဂါမ်ဒကာ ဒကာမက ပုထုဇဉ် ရဟန်းသာမဏေကို ရှိခိုးရပါတယ်။

သော အညေ ပဗ္ဗာဇေတိ ဥပသမ္ပာဒေတိ ဇိနသာသနံ ဝဍ္ဎေတိ။

ပုထုဇဉ်ရဟန်းတော်က သူသတ်မှတ်ထားတဲ့ အရွယ်ရောက်ပြီဆိုရင် ကိုရင် အရေအတွက်ပေါင်း ရှစ်သောင်းလေးထောင်ပဲဖြစ်ဖြစ်၊ တစ်သိန်းပဲဖြစ်ဖြစ် မိမိက ဥပဇ္ဈာယ်လုပ်ပြီးတော့ ရှင်ပြုပေးလို့ရတယ်။ ဥပဇ္ဈာယ်လုပ်ပြီးတော့ ရဟန်းခံပေးလို့ရတယ်။

အဲဒီတော့ သူတစ်ပါးကို ရှင်ပြုပေးခြင်း၊ ရဟန်းခံပေးခြင်းအားဖြင့် ဘုရားသာသနာတော်ကြီးကို တိုးပွားအောင်၊ ကျယ်ပြန့်အောင် ချဲ့ထွင်လို့ရတယ်။ အနာဂါမ်ဒကာ အနာဂါမ်ဒကာမက ငါအနာဂါမ်ပဲဆိုပြီးတော့ ကလေးတစ်ယောက်ကို ခေါင်းရိတ်ပြီးတော့ သင်္ကန်းပတ်ပေးပြီးတော့ ကိုရင်ဝတ်ပေးလို့ရလား၊ မရပါဘူး၊ ငါအနာဂါမ်ပဲဆိုပြီး

http://www.dhammadownload.com

တော့ ကမ္ဗဝါဖတ်ပြီး ရဟန်းခံပေးလို့ ရလား၊ မရပါဘူး။

ဒါကြောင့် ဘုရားသာသနာကို တိုးချဲ့တဲ့ လုပ်ငန်းရပ်ကိုလည်း ပုထုဇဉ်ရဟန်းသာမဏေတွေကသာ လုပ်နိုင်တဲ့အတွက်ကြောင့်လည်းပဲ အနာဂါမ်ဒကာ ဒကာမက ရှိခိုးထိုက်ပါတယ်။

အပ္ပမာဏောသု သော သိက္ခာပဒေသု သမတ္တကာရီ။

အတိုင်းအရှည်မရှိ မရေတွက်နိုင်အောင် များပြားလှတဲ့ သိက္ခာပုဒ်တွေကိုလည်း အပြည့်အစုံရယူနိုင်ပါတယ်။ ဒါကြောင်မို့လို့ လည်းပဲ အနာဂါမ်ဒကာ ဒကာမက ပုထုဇဉ် ရှင်သာမဏေရဟန်းတော်များကို ပူဇော်ထိုက်တယ်၊ ရှိခိုးထိုက်တယ်။

မရေတွက်နိုင်တဲ့ သိက္ခာပုဒ်တွေကို အပြည့်အစုံ ရရှိသွားတယ် ဆိုတာက ဥပမာ ကိုရင်လေးဆိုရင်လည်း သရဏဂုံသုံးပါးကို ဌာန် ကရိုဏ်းကျကျ၊ လေးသင့်တဲ့နေရာလေး ပေ့ါသင့်တဲ့နေရာပေ့ါပြီးတော့ ဥပဇ္ဈာယ်ဆရာရော၊ ကိုရင်လောင်းရော ပီပီသသ ဆိုနိုင်ပြီဆိုရင် တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ လို့ဆိုလိုက်တာနဲ့ အဲဒီ ကိုးခုမြောက် "မိ" လေးလည်းဆုံးရော သိက္ခာပုဒ်ပေါင်း တစ်ရာ့နှစ်ဆယ်ဟာ သူ့ရဲ့ခန္ဓာ ကိုယ်ပေါ်မှာ ဖတ်ခနဲ ကပ်သွားပါတယ်၊ ခွာချလို့ မရတော့ဘူး။

"မိ" လို့ဆိုလိုက်တာနဲ့ သိက္ခာပုဒ်တစ်ရာ့နှစ်ဆယ် အလိုအလျောက် ရောက်သွားတယ်။ တစ်ခုချင်း "ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" နဲ့ ဆောက်တည်နေစရာမလိုတော့ဘူး၊ "တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ" ဆိုတာနဲ့ တစ်ပြိုင်နက်တည်း သိက္ခာပုဒ် တစ်ရာ့နှစ်ဆယ် အလိုလိုရောက်သွားတယ်။

http://www.dhammadownload.com

ရဟန်းတော်များဆိုရင်လည်း သိမ်ထဲမှာ ကမ္မဝါဖတ်တယ်၊ သုံးကြိမ်ဖတ်ပြီးတော့ "တသ္မာ တုဏှီ ဧဝမေတံ ဓာရယာမိ"လို့ "မိ" ဆိုတဲ့ စကားလုံးလေး ဆိုလိုက်တာနဲ့ တစ်ပြိုင်နက်တည်း အကျဉ်းချုပ်အားဖြင့် နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ် အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော် သိက္ခာပုဒ်တွေဟာ ထိုရဟန်းတော်ရဲ့ ကိုယ်ပေါ်မှာ ဖတ်ခနဲ တစ်ခါတည်း ကပ်သွားပါတယ်၊ ခွာချလို့မရတော့ဘူး။

သိက္ခာမချမချင်း ပါရာဇိကမကျမချင်း အဲဒီကုဋေကိုးထောင်ကျော်ဟာ အလိုအလျောက် ကပ်သွားပါတယ်၊ အလိုအလျောက် ပြည့်ပြည့်စုံစုံ ရှိသွားပါတယ်။ ရဟန်းသီလဆိုတာ ဘာလဲ သိသိ မသိသိ ဘာသိက္ခာပုဒ်တွေ စောင့်ထိန်းရမယ်ဆိုတာ သိသိ မသိသိ ကမ္မဝါဖတ်တဲ့ သံဃာတော်တွေက " ဓာရယာမိ" ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် 'မိ' အက္ခရာလဲဆုံးရော သိက္ခာပုဒ်တွေ အကုန် အလုံးအရင်းနဲ့ ဝင်ရောက်လာတော့တာပါပဲ။

လူဝတ်ကြောင် ဒကာ ဒကာမက အဲဒီလို လုပ်လို့မရပါဘူး၊ ငါး အနာဂါမ်ပဲ ကိုရင်တွေ ကျင့်တဲ့ သိက္ခာပုဒ် တစ်ရာ့နှစ်ဆယ် တစ်ခုချင်း လိုက်ဆောက်တည်မယ်ဆိုပြီးတော့ သမာဒိယာမိ သမာဒိယာမိ ဆိုပြီးတော့ လိုက်ဆောက်တည်လို့မရပါဘူး။ ရဟန်းတော်တွေ ဆောက်တည်တဲ့ သိက္ခာပုဒ်တွေကိုလည်း တစ်ခုချင်း သမာဒိယာမိ သမာဒိယာမိ လို့ လိုက်လုပ်လို့မရပါဘူး။ ကိုရင်သီလ၊ ရဟန်းသီလကို သမာဒိယာမိ လိုက်လုပ်လို့ မရတဲ့အပြင် လူ့သီလကိုလည်း တစ်ကြိမ် သမာဒိယာမိ လုပ်ရုံနဲ့ သီလသိက္ခာပုဒ်တွေ အကုန်လုံး မရနိုင်ပါဘူး။

http://www.dhammadownload.com


ဥပမာဆိုပါတော့ ငါးပါးသီလဆိုရင်လည်း ငါးပါးသီလရဖို့ အတွက်ကို "ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" စသည်အားဖြင့် တစ်ခုချင်း လိုက်ပြီးတော့ 'မိ' နေရသေးတယ်။

ဟိုဟာ....သမာဒိယာမိ၊ ဒီဟာ....သမာဒိယာမိနဲ့ ဆောက်တည်ရတယ်၊ နှစ်ခုပဲ ဆောက်တည်ထားရင် နှစ်ခုပဲရတယ်၊ နောက်သုံးခုက မရတော့ပြန်ဘူး၊ ငါးခုစလုံး ပြည့်အောင်ဆိုရတယ်၊ လူ့ဝတ်ကြောင်နဲ့ ဆယ်ပါးသီလ စောင့်ထိန်းချင်တယ်ဆိုရင်လည်းပဲ.... သမာဒိယာမိ....သမာဒိယာမိနဲ့ ဆယ်ခုလုံး ပြည့်အောင် လိုက်ဆောက်တည်ရတယ်။ ကိုရင်တွေကတော့ အဲဒီလို သမာဒိယာမိ လိုက်လုပ်စရာမလိုတော့ဘူး၊ ဂစ္ဆာမိဆိုတဲ့ 'မိ'လေး ဆုံးတာနဲ့ သီလသိက္ခာပုဒ်တွေ အကုန်လုံး အလိုလိုရောက်လာတယ်။ ရဟန်းတော်များကလည်း ကမ္မဝါဖတ်ပြီးတဲ့နောက် သိက္ခာပုဒ် နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်ကို တစ်ခုချင်း သမာဒိယာမိ လိုက်လုပ်စရာမလိုတော့ဘူး၊ ဓာရယာမိဆိုတဲ့ 'မိ'လေးဆုံးတာနဲ့ သီလသိက္ခာပုဒ်တွေ အကုန်လုံး အလိုလိုရောက်လာတယ်။

ဒီတော့ ကိုရင်များရဲ့ 'မိ' နဲ့ ရဟန်းတော်များရဲ့ 'မိ'က တကယ် 'မိ' တဲ့ 'မိ' ဖြစ်ပါတယ်။ လူ့ဝတ်ကြောင်တွေ ဆောက်တည်နေတဲ့ သမာဒိယာမိထဲက 'မိ'က သိပ်မ'မိ'သေးဘူးလို့ ပြောရမှာပေါ့။

ဒီတော့ ရှင်ရဟန်းများရဲ့ 'မိ'က ပိုပြီးတော့ မိတယ်၊ လူတွေရဲ့ 'မိ'က သိပ်ပြီးတော့ မမိတဲ့အတွက်လည်း အနာဂါမ်ဖြစ်တဲ့ လူ့ဝတ်ကြောင် ဒကာ ဒကာမက ဒီနေ့ပဲ ရဟန်းဝတ်၊ ကိုရင်ဝတ်တဲ့ ပုထုဇဉ် ရဟန်းသာမဏေကို ရှိခိုးရပါတယ်။

http://www.dhammadownload.com



## ရဟန်းသာမဏေများရဲ့ ကျေးဇူးမပါဘဲ
## ဘယ်လူဝတ်ကြောင်မှ အရိယာမဖြစ်နိုင်ပါ

ဘိက္ခု သိက္ခာပကော ဝံသဓရော။

ပုထုဇဉ်ရဟန်းသာမဏေတွေက သာသနာတော်ကြီး အရှည်တည်တံ့ခိုင်မြဲအောင် ရွက်ဆောင်နိုင်ကြတယ်၊ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို သင်ကြားပို့ချပေးနိုင်ကြတယ်၊ သာသနာ့အနွယ်ကို ဆက်ခံနိုင်ကြတယ်၊ သာသနာတော်ကြီး အဆက်ပြတ်မသွားအောင် စောင့်ရှောက်နိုင်ကြတယ်။

လူဝတ်ကြောင် အနာဂါမ် ဒကာ၊ ဒကာမတွေကတော့ သာသနာတော်ကြီး အရှည်တည်တံ့ခိုင်မြဲအောင် မရွက်ဆောင်နိုင်ကြဘူး။ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို သင်ကြားပို့ချမပေးနိုင်ကြဘူး။ သာသနာ့အနွယ်ကို မဆက်ခံနိုင်ကြဘူး။ သာသနာတော်ကြီး အဆက်ပြတ်မသွားအောင် မစောင့်ရှောက်နိုင်ကြဘူး။

လူဝတ်ကြောင် အနာဂါမ် ဒကာ၊ ဒကာမကတောင် မစောင့်

http://www.dhammadownload.com

ရှောက်နိုင်ဘူးဆိုရင်တော့ ဘယ်ကမှန်းမသိတဲ့၊ ရှိတယ်မရှိဘူးဆိုတာလည်း မသေချာတဲ့ သူရဿတီနတ်သမီးက စောင့်ရှောက်နိုင်ပါ့မလား၊ မစောင့်ရှောက်နိုင်ပါဘူး။

ပိဋကတ်သုံးပုံကို စောင့်ရှောက်နေတာက ဒီကနေ့ ရဟန်းသာမဏေတွေဖြစ်ပါတယ်၊ ဗိုက်က လေနာတွေ ထအောင်၊ လည်ချောင်းတွေ လှည်းပုံတောင်းထအောင် ဗိုက်အဆာခံ၊ လည်ချောင်းအနာခံပြီးတော့ ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ပိဋကတ်သုံးပုံကို စောင့်ရှောက်နေကြတယ်။

ဟိုး တစ်ချိန်တုန်းက ဒုဗ္ဘိက္ခန္တရကပ်တွေ ဘာတွေ ဆိုက်တုန်းကဆိုရင် စားစရာ ဘာမှ မရှိဘူး၊ ဗိုက်ကပူလွန်းလို့ ဗိုက်ပေါ်မှာ သဲအိတ်တွေတင်ပြီးတော့၊ သဲကို ရေဆွတ်ထားတဲ့ သဲအိတ်ကြီးတွေတင်ပြီးတော့ ဗိုက်ကို အေးအောင်လုပ်ပြီးတော့ ပိဋကတ်တော်တွေကို နှုတ်တက်ရွရွ မပျောက်ပျက်အောင် စောင့်ရှောက်လာခဲ့ကြတယ်။

ဒီနေ့ခေတ်မှာလည်းပဲ စာသင်တိုက်တွေမှာရော ရိပ်သာတွေမှာရော ရဟန်းသာမဏေတွေက မြတ်စွာဘုရားရဲ့ ပိဋကတ်တော်တွေကို ကျက်မှတ် ဆောင်ထား တစ်ဆင့်ဟောပြော ပို့ချပြီးတော့ မြတ်စွာဘုရားရှင် အဆုံးအမ သာသနာတွေကို မကွယ်ပျောက်အောင် စောင့်ထိန်းနေကြတယ်။

ပိဋကတ်သုံးပုံဆိုတဲ့ ပရိယတ္တိသာသနာတော်ကြီးကို မကွယ်ပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်နေကြတာဟာ ဒီနေ့ ရဟန်းဝတ်လိုက်တဲ့ ကိုရင်ဝတ်လိုက်တဲ့ ရဟန်းသာမဏေတွေ အပါအဝင် သံဃာ

http://www.dhammadownload.com

တော်တွေပဲ ဖြစ်ပါတယ်။

ပိဋကတ်သုံးပုံကို သူရဿတီနတ်သမီးက စောင့်ရှောက်နေတာ မဟုတ်ပါဘူးနော်၊ ဗေဒင်သုံးပုံ စောင့်တယ်လို့ ယူချင်ယူပေါ့၊ ဒါတောင် မသေချာပါဘူး။ ပိဋကတ်သုံးပုံစောင့်တယ်လို့တော့ လုံးဝ မယူလိုက်ပါနဲ့၊ အဲဒီလိုဆိုရင် သက်ရှိထင်ရှားရှိနေတဲ့ ရဟန်း သာမဏေတွေကို ပြောင်စော်ကားရာရောက်နေလိမ့်မယ်နော်။ သူရဿတီနတ်သမီးက ပိဋကတ်သုံးပုံ စောင့်ရှောက်ဖို့ ဝေးလို့ ပိဋကတ်သုံးပုံစာအုပ်တွေကို ဖုန်သုတ်ပေးဖော်လေးတောင် မရပါဘူး။

ဟို တစ်ခေတ်တစ်ချိန်ခါကနေပြီးတော့ ပိဋကတ်တော်တွေ မပျောက်မပျက်အောင် အသက်နဲ့ လဲပြီးတော့ ကာကွယ်စောင့်ရှောက်ခဲ့တဲ့ အရိယာသံဃာတော်တွေကိုလည်း ပြောင်စော်ကားရောက်နေပါလိမ့်မယ်၊ ဒါကြောင့် ပိဋကတ်သုံးပုံစောင့်တာသည် ဒီကနေ့ ရဟန်းခံရှင်ပြုလိုက်တဲ့ ရဟန်းသာမဏေများနဲ့တကွ သာသနာတော်မှာရှိကြတဲ့ အရိယာသံဃာတော်၊ သမုတိသံဃာတော် အရှင်မြတ်တွေပဲဖြစ်ပါတယ်။

အဲဒီလို အနာဂါမ် အရိယာဒကာ ဒကာမတွေ မစောင့်ရှောက်နိုင်တဲ့ သာသနာတော်ကို ပုထုဇဉ် ရဟန်းသာမဏေတွေက စောင့်ရှောက်နိုင်တဲ့အတွက်ကြောင့် ပုထုဇဉ် ရဟန်းသာမဏေကို အနာဂါမ် ဒကာ၊ ဒကာမတွေက ရှိခိုးရပါတယ်။

"သိက္ခာပကော" လို့ ဆိုတဲ့အတိုင်း သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးကို သင်ကြားပြသပေးနေကြတဲ့သူတွေဟာ ရဟန်းသာမဏေတွေပဲ ဖြစ်ပါတယ်။ လူဝတ်ကြောင်တွေ သောတာပန်၊ သကဒါ

http://www.dhammadownload.com

ဂါမ်၊ အနာဂါမ် ဖြစ်ကြတာဟာ ရဟန်းသာမဏေတွေ သင်ကြားပြသပေးတဲ့ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခွင့်ရကြလို့ပါ။

ဒီတော့ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ် အကျင့်မြတ်ကို သင်ကြားပြသပေးတဲ့ ရဟန်းသာမဏေတွေဟာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်နေကြတဲ့ အရိယာလူဝတ်ကြောင်တွေရဲ့ ကျေးဇူးရှင်တွေပါပဲ။ ကိုယ့်ကို တိုက်ရိုက်သင်မပေးတဲ့ ရဟန်းသာမဏေတွေဟာလည်း ကိုယ်ကျင့်နေတဲ့ ဒီအကျင့်မြတ်တွေ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၊ ထိန်းသိမ်းစောင့်ရှောက်နေကြတဲ့အတွက် ကိုယ့်ရဲ့ ကျေးဇူးရှင်တွေပါပဲ။

ဒီတော့ ကျေးဇူးခံပုဂ္ဂိုလ်တွေက ကျေးဇူးရှင်ပုဂ္ဂိုလ်တွေကို ရှိခိုးကြရမှာပေါ့၊ အရိုအသေပေးကြရမှာပေါ့၊ ခရီးဦးကြိုဆိုကြရမှာပေါ့။ ဒါဟာ သဘာဝကျတဲ့ သူတော်ကောင်းကျင့်စဉ်ပါပဲ။

ရှင်ဘုရင့်သားတော် မင်းသားတစ်ယောက်ဟာ ငယ်ရွယ်စဉ်က ပုရောဟိတ်အမတ်ကြီးတစ်ယောက်ရဲ့ ထံပါးမှာ အတတ်ပညာတွေ သင်ယူတယ်၊ မင်းကျင့်ဝတ်တွေ သင်ယူတယ်ဆိုပါတော့။ တစ်နေ့သူ ရှင်ဘုရင်ဖြစ်လာတဲ့အချိန်မှာ ငါ ရှင်ဘုရင်ပဲဆိုပြီးတော့ ဆရာဖြစ်တဲ့ ပုရောဟိတ်အမတ်ကြီးကို ရှိမခိုးဘဲ နေပါ့မလား၊ မနေပါဘူး။

'ဒီပုရောဟိတ်အမတ်ကြီးဟာ ငါ့ကို အတတ်ပညာသင်ကြားပေးတဲ့သူပဲ၊ ငါ့ရဲ့ ဆရာပဲ၊ ငါ့ရဲ့ ကျေးဇူးရှင်ပဲ' ဆိုပြီးတော့ ကျေးဇူးရှင်ဆရာသမားဖြစ်တဲ့ ပုရောဟိတ်အမတ်ကြီးကို ရှိခိုးပါတယ်၊ အရိုအသေ

http://www.dhammadownload.com

ပေးပါတယ်၊ ခရီးဦးကြိုဆိုပါတယ်။

အဲဒီလိုပါပဲ၊ ရဟန်းသာမဏေတွေ သင်ကြားပေးတဲ့ သီလ၊ သမာဓိ၊ ပညာ အကျင့်တွေကို သင်ယူပြီး ကျင့်ကြံအားထုတ်လို့ အရိယာဖြစ်သွားတဲ့ လူဝတ်ကြောင်တွေဟာလည်း 'အော်... ရဟန်းသာမဏေတွေဟာ တို့ကို သီလ၊ သမာဓိ၊ ပညာ အကျင့်တွေ သင်ကြားပေးတဲ့ ဆရာသမားတွေပါလား။ တို့ရဲ့ ကျေးဇူးရှင်တွေပါလား' လို့ နှလုံးသွင်းပြီးတော့ ကျေးဇူးရှင် ရဟန်းသာမဏေတွေကို ပုထုဇဉ်ကိုပင်ဖြစ်စေ ရှိခိုးကြရပါမယ်၊ အရိုအသေပေးကြရပါမယ်၊ ခရီးဦးကြိုဆိုကြရပါမယ်။

ကိုယ့်ကို တိုက်ရိုက်ကြီး သင်ကြားပေးတဲ့သူမှ ကိုယ့်ကျေးဇူးရှင် မဟုတ်ဘူးနော်။ ကိုယ့်ကို တိုက်ရိုက်ကြီး သင်ကြားပေးတဲ့သူရဲ့ အဆုံးအမတွေ ဘယ်က လာသလဲ၊ ရဟန်းသာမဏေတွေဆီကလာတာပါပဲ။ ရဟန်းသာမဏေမှ လူဝတ်ကြောင်၊ လူဝတ်ကြောင်မှ လူဝတ်ကြောင်၊ ဒါမျိုးတော့ ရှိချင်ရှိလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် အရင်းမူလကတော့ ကျင့်နည်းကြံနည်းတွေပါတဲ့ ပရိယတ်တရားတွေကို အဆက်ဆက် သယ်ဆောင်ခဲ့ကြတဲ့၊ အဆင့်ဆင့် စောင့်ရှောက်ခဲ့ကြတဲ့ ရဟန်းသာမဏေတွေပါပဲ။

ရဟန်းသာမဏေတွေရဲ့ အကူအညီမပါဘဲနဲ့ ဘယ်လူဝတ်ကြောင် တစ်ဦးတစ်ယောက်မှ အရိယာဖြစ်ခွင့် မရှိပါဘူး။ ရဟန်းသာမဏေတွေရဲ့ ကျေးဇူးတရား မပါဘဲနဲ့ အရိယာဖြစ်သွားတဲ့ လူဝတ်ကြောင် ဒီနေ့ဒီအချိန်ထိ တစ်ယောက်မှ မရှိသေးပါဘူး။ နောင်လည်း ဘယ်တော့မှ ရှိမှာမဟုတ်ပါဘူး။

http://www.dhammadownload.com

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်တုန်းကတော့ ဘုရားရှင် ဟောတဲ့တရား နာကြားပြီး တရားထူးရတဲ့သူတွေ အထိုက်အလျောက် ရှိတာပေါ့။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်မှာတောင် ရဟန်းသာ မဏေတွေ ဟောကြားတဲ့တရား နာကြားပြီး တရားထူးရတဲ့သူတွေ အများကြီး ရှိခဲ့ဖူးပါတယ်။

ဒီနေ့ခေတ် လူဝတ်ကြောင်တွေထဲမှာ တကယ်လို့ အရိယာ ပုဂ္ဂိုလ်များ ရှိနေခဲ့မယ်ဆိုရင် အဲဒီ လူဝတ်ကြောင်အရိယာပုဂ္ဂိုလ်ဟာ ရဟန်းသာမဏေတွေရဲ့ ကျေးဇူးကြောင့် အရိယာဖြစ်ရတာပါ။ သူ့ကို တိုက်ရိုက်သင်ကြားပေးတဲ့ ရဟန်းသာမဏေရော၊ သူသင်ယူထားတဲ့ အဆုံးအမတရားတွေကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတဲ့၊ ထိန်းသိမ်း စောင့်ရှောက်နေကြတဲ့၊ ထိန်းသိမ်းစောင့်ရှောက်ကြဦးမယ့် ရဟန်းသာမ ဏေတွေရော၊ ရဟန်းသာမဏေအားလုံးဟာ သူ့ရဲ့ ကျေးဇူးရှင်တွေချည်း ပါပဲ။ တိုက်ရိုက်သင်ပေးသူက လူဝတ်ကြောင်ဆိုရင်လည်း မူလအရင်း ခံက ရဟန်းသာမဏေဖြစ်လို့ ရဟန်းသာမဏေကျေးဇူး မကင်းပါဘူး။

အဲဒီလိုအားဖြင့် ပုထုဇဉ်လူဝတ်ကြောင်တွေကို အရိယာဖြစ်စေ နိုင်တဲ့ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ်အကျင့်မြတ်တွေကို ရဟန်း သာမဏေများကသာ ထိန်းသိမ်းစောင့်ရှောက်နိုင်၊ သင်ကြားညွှန်ပြနိုင် ကြတဲ့အတွက်ကြောင့် ပုထုဇဉ်ရဟန်းသာမဏေများကို သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်နေကြတဲ့ အရိယာလူဝတ်ကြောင်တွေက ရှိခိုးကြရပါမယ်၊ အရိုအသေပေးကြရပါမယ်၊ ခရီးဦးကြိုဆိုကြရပါမယ်။

အဲဒီလိုအားဖြင့် မဂ်ဖိုလ်ဂုဏ်အားဖြင့် အလွန်ကြီးကျယ်မြင့်

http://www.dhammadownload.com


မြတ်တဲ့ အနာဂါမ် ဒကာဒကာမတွေကတောင် ရှိခိုးထိုက်တဲ့ ရှင်ဘ၀ ရဟန်းဘ၀ကို ဒီနေ့ရောက်အောင် အလှူ့ဒကာ ဦးထွန်းလှမော်၊ အလှူ့အစ်မ ဒေါ်စန္ဒာမြစိန်တို့က ပို့ဆောင်ပေးလိုက်တယ်၊ အလှူ့ဒကာ ဦးထွန်းလှမော် ကိုယ်တိုင်လည်းပဲ ဒီလို မြင့်မြတ်တဲ့ ရဟန်းဘ၀ကို ခံယူထားတယ်ဆိုတော့ ကုသိုလ်တွေ အထူးရမယ်ဆိုတာ ပြောဖို့တောင် မလိုတော့ပါဘူး။

ဒီ ကုသိုလ်ထူးတွေ အမျှဝေလိုက်မယ်ဆိုရင် တမလွန်က ပုဂ္ဂိုလ်တွေလည်း အထူးရကြမှာမလွဲပါဘူး။ သို့သော် အဲဒီလို ရဟန်းပြုကြတဲ့အခါမှာတော့ ခုနပြောခဲ့တဲ့ ရည်ရွယ်ချက်ကလေး နှစ်ချက်တော့ မမေ့စေနဲ့ပေါ့။

■

လူ့ဝတ်ကြောင်ဒကာဒကာမက
အနာဂါမ်ရဟန္တာဖြစ်နေပါစေ
ပုထုဇဉ်ရဟန်း၊ ပုထုဇဉ်သာမဏေကို
ရှိခိုးဦးခိုက်ရိုသေရပါတယ်။
ရဟန်းသာမဏေကို
ရှိမခိုးနိုင်တဲ့သူဟာ
အရိယာအစစ်မဟုတ်ပါဘူး။
အရိယာအတုပါ။

http://www.dhammadownload.com



# ကိလေသာမကုန်သေးဘဲနဲ့ စိတ်ချမ်းသာတယ်လို့မပြောပါနဲ့

ဒီတော့ ရဟန်းဘာကြောင့်ပြုရတယ် ဆိုတဲ့ စကားစုလေးပေါ့လေ၊ ဒီစကားစုလေးကို ကြားလိုက်တာနဲ့ တရားနာပရိတ်သတ်များရဲ့ စိတ်အစဉ်မှာ ဘယ်စကားစုကိုများ သွားသတိရကြတုံး၊ ရဟန်းဘာကြောင့်ပြုရတယ်ဆိုတဲ့စကားလေးကြားလိုက်လို့ရှိရင် ရဟန်းဘာကြောင့်ပြုရတယ်ဆိုတဲ့ စကားလုံး ခုနစ်လုံးနဲ့ သံစဉ်တူတဲ့ တခြားစကားလုံးခုနစ်လုံး ဘာကိုများသွားသတိရသလဲ၊ နည်းနည်းလေး စဉ်းစားကြည့်ပါဦး။ အဲဒါလေးပေါ်လာရင် တရားသိမ်းမှာပါပဲနော်။

ဒီတော့ စဉ်းစားလို့ရအောင် အစဖော်ပေးပါ့မယ်၊ ငယ်ငယ်တုန်းက မူလတန်းကျောင်းသားဘဝတုန်းက သင်ခဲ့ဖူးတဲ့ ကဗျာလေးတစ်ပုဒ်ကို ပြန်စဉ်းစားပါ၊ မပေါ်ကြတော့ဘူးလား၊ ဒီတော့ ကိုယ်ပဲ ပြန်ဖြေလိုက်တော့မယ်နော်၊ ကိုယ်ပဲမေး ကိုယ်ပဲဖြေပေါ့၊ အစဖော်လိုက်ရင်တော့ သိမယ်ထင်ပါတယ်၊ ဦးဇင်းတို့ ငယ်ငယ်တုန်းက၊ မူလတန်း

ကျောင်းသားဘဝတုန်းကတော့ မြန်မာစာမှာ သင်ရပါတယ်။ အခု မူလတန်းကျောင်းသားတွေကတော့ မသင်ရတော့ဘူး ထင်ပါတယ်။

ရွာဦးကျောင်းက ခေါင်းလောင်းသံ
ဒိုးဒိုးဒေါင်ဒေါင် ညံ၊
ခေါင်းလောင်းသံ ငါတို့ကြား
အမှျ ယူစို့လား၊
အမှျ ဘာကြောင့်ယူရတယ်
ကုသိုလ် ရဖို့ကွယ်၊
ကုသိုလ်သည် ဘယ်မှာလဲ
ခေါင်းလောင်း ထိုးနေဆဲ။

ငယ်ငယ်တုန်းက ရဖူးတယ်မဟုတ်လား၊ သင်ရတယ်နော်၊ အဲဒါလေး အတန်းအတိအကျသိအောင်ဆိုပြီးတော့ သူငယ်တန်းကနေ လေးတန်းထိ မြန်မာဖတ်စာအုပ်တွေ လိုက်ရှာကြည့်တော့ မတွေ့တော့ ဘူးနော်၊ ဘယ်အတန်းလည်းဆိုတာ အတိအကျပြောချင်လို့ ရှာကြည့် တာ မတွေ့ဘူး။ ဒုတိယတန်းလောက် ထင်တာပါပဲ၊ သိပ်တော့ မသေ ချာဘူးပေါ့လေ။

'အမှျဘာကြောင့်ယူရတယ်' အဲဒီစာသားလေး ကြည့်ပြီးတော့ 'ရဟန်းဘာကြောင့်ပြုရတယ်' လို့ ခေါင်းစဉ်တပ်ထားတာတော့ မဟုတ် ပါဘူး။ ရဟန်းဘာကြောင့်ပြုရတယ်လို့ ကိုယ့်ဘာသာကိုယ် စိတ်ကူး ပေါ်လာလို့ တပ်လိုက်တာပါပဲ။

ဒါပေမဲ့ ရဟန်းဘာကြောင့်ပြုရတယ်ဆိုတဲ့ စာသားလေးကို



http://www.dhammadownload.com

http://www.dhammadownload.com

စဉ်းစားလိုက်တာနဲ့ အဲဒီစာသားလေးက ခေါင်းထဲပေါ်လာတယ်၊ တစ်နည်းအားဖြင့်လည်းပဲ မသိစိတ်ထဲမှာ ဒီအမျှဘာကြောင့် ယူရ တယ်ဆိုတဲ့ စာသားလေး၊ သံစဉ်လေး စွဲနေလို့ အဲဒီစာသား၊ အဲဒီသံစဉ် လေးကို နည်းမှီပြီးတော့ အလိုအလျောက် စိတ်ထဲက ပေါ်လာတာလည်း ဖြစ်ကောင်းဖြစ်နိုင်တာပေါ့လေ။

အဲဒီတော့ ရွာဦးကျောင်းကနေ ခေါင်းလောင်းသံ ဒိုးဒိုးဒေါင် ဒေါင်ကြားနေရပါတယ်။ အဲဒီတော့ ခေါင်းလောင်းသံကြားရင် ငါတို့ ဘာလုပ်ရမလဲ၊ အမျှယူရမယ်၊ အမျှယူရမယ်ဆိုတာ သာဓုခေါ်ရမယ် လို့ ပြောတာပါပဲ၊ အဲဒီတော့ အမျှယူရမယ်၊ အမျှဘာကြောင့်ယူရမယ် အမျှဘာလို့ယူနေတာတုံး၊ ကုသိုလ်ရဖို့ကွယ်တဲ့၊ ကိုယ်ကိုယ်တိုင် ကုသိုလ်ပြုတာမဟုတ်ဘဲနဲ့ သူများပြုတဲ့ ကုသိုလ်ကို သူများက ရှယ်ယာ ပေးလိုက်တဲ့အခါကျတော့လည်း ကိုယ်က သာဓုခေါ်လိုက်ရင် ရတာပဲ၊ ယူလိုက်ရင် ရတာပါပဲ။ ဝမ်းမြောက်စွာ သာဓုခေါ်ပြီး ယူလိုက်တော့ ကိုယ့်မှာ ကုသိုလ်တွေ ရသွားတာပါပဲ။

ကုသိုလ်သည် ဘယ်မှာလဲ၊ ကုသိုလ်သည်ဆိုတာကတော့ ကုသိုလ်တွေပေးတဲ့ ပုဂ္ဂိုလ်ကိုပြောတာပါနော်၊ ချဉ်ပေါင်ရွက်ရောင်းတဲ့ သူကို ချဉ်ပေါင်ရွက်သည်၊ ကန်စွန်းရွက်ရောင်းတဲ့သူကို ကန်စွန်းရွက် သည်၊ မုန့်ရောင်းတဲ့သူကို မုန့်သည်၊ ဆီရောင်းတဲ့သူကို ဆီသည်၊ အထည်ရောင်းတဲ့သူကို အထည်သည်လို့ ခေါ်သလိုပေါ့လေ။

ကုသိုလ်တွေ ရောင်းတဲ့သူဆိုတော့ ကုသိုလ်သည်ပေါ့၊ ဒါပေ မဲ့ ရောင်းတာကတော့ အခကြေးငွေနဲ့ရောင်းတာ မဟုတ်ပါဘူး။ အလ

http://www.dhammadownload.com

ကားရောင်းတာပါနော်၊ အခမဲ့ရောင်းတာပါနော်၊ အဲဒီတော့ ကုသိုလ်တွေ ယူကြယူကြ ဆိုတော့ အဲဒီကုသိုလ်သည်က ဘယ်မှာလဲဆိုတော့ ခေါင်းလောင်းထိုးနေဆဲတဲ့၊ ဟိုမှာ ခေါင်းလောင်းထိုးနေတုန်းပါပဲတဲ့။

အဲဒီတော့ အဲဒီကဗျာလေး နည်းမှီပြီးတော့ ဒီနေ့ အလှူ့ဒကာ ဦးထွန်းလှမော်၊ အလှူ့အစ်မ ဒေါ်စန္ဒာမြစိန်တို့က ဆောင်ပုဒ် ပြင်ဆိုကြပေါ့လေ၊ ဘယ်လိုပြင်ဆိုကြမတုံး၊ အခု ကုသိုလ်ပြုတဲ့ကျောင်းက မဟာသန္တိသုခကျောင်းဆိုတော့....

သန္တိကျောင်းက ဓမ္မသံ
အေးအေးကြည်ကြည် ညံ၊
ဓမ္မသံ ငါတို့ကြား
ရဟန်းပြုစို့လား၊
ရဟန်းဘာကြောင့်ပြုရတယ်
ကုသိုလ်ရဖို့ကွယ်၊
ကုသိုလ်သည် ဘယ်မှာလဲ
ဓမ္မ ဟောနေဆဲ။

ဒါကတော့ ခုန ခေါင်းလောင်းထိုးတဲ့ပုဂ္ဂိုလ်နဲ့ ကိုက်အောင် ဓမ္မဟောတဲ့ ပုဂ္ဂိုလ်ကို ယူလိုက်တာပါပဲ၊ ဦးဇင်းတို့က ဓမ္မဟောနေတဲ့ ပုဂ္ဂိုလ်ပေါ့၊ ဦးဇင်းကတော့ မြတ်စွာဘုရားရဲ့ ကိုယ်စားဟောတာပါပဲ၊ တကယ်တော့ ကုသိုလ်သည်အစစ်က၊ ကုသိုလ်တွေ ရောင်းချနေတဲ့ ကုသိုလ်သည် အစစ်က မြတ်စွာဘုရားပါ။

မြတ်စွာဘုရားရဲ့ ကိုယ်စား၊ ကိုယ်စားလှယ်အဖြစ်နဲ့ ဦးဇင်းတို့

http://www.dhammadownload.com

က ကုသိုလ်တွေ ရောင်းချတာပါ၊ ဦးဇင်းတို့က အရောင်းကိုယ်စားလှယ်ပါပဲနော်၊ စူပါမတ်ကက်ဆိုင်ရှင်ကတော့ မြတ်စွာဘုရားပါနော်၊ နိဗ္ဗာန်ဆိုတဲ့ စူပါမတ်ကက်ကြီးကို ပိုင်တာကတော့ မြတ်စွာဘုရားပါ၊ တစ်နည်းပြောရရင်တော့ နိဗ္ဗာန်ဆိုတာနဲ့ မဟာသန္တိသုခဆိုတာနဲ့ အတူတူပါပဲ၊ ကြီးကျယ်တဲ့၊ ငြိမ်းအေးတဲ့ ချမ်းသာဆိုတာ နိဗ္ဗာန်ပါပဲနော်။

အဲဒီတော့ မဟာသန္တိသုခဆိုတဲ့ စူပါမတ်ကက်ကြီးကို ပိုင်တာက မြတ်စွာဘုရား၊ ဦးဇင်းတို့က အရောင်းစာရေးတွေပါ၊ အရောင်းဝန်ထမ်းတွေပါနော်၊ ဒီနေ့ တရားဟောတယ်ဆိုတာ အရောင်းမြှင့်တင်ရေးလုပ်နေတာပါနော်၊ အရောင်းမြှင့်တင်ရေးဆိုတာကတော့ ဒီနေ့ တရားနာပြီး ရဟန်းပြုတဲ့လူတွေ တိုးလာရင်တော့ ဒါအရောင်းတွင်ကျယ်တယ်လို့ ပြောရမှာပေါ့နော်။

ဒီတရားနာပြီးတော့ ရဟန်းပြုတဲ့သူ တစ်ယောက်မှမတိုးရင်တော့ ဦးဇင်းတို့ အရောင်းကိုယ်စားလှယ် တော်တော်ညံ့သေးတာပေါ့နော်၊ အဲဒီတော့ 'ကုသိုလ်သည်ဘယ်မှာလဲ ဓမ္မဟောနေဆဲ'။

တစ်နည်းပြောရရင်တော့ ပရိသတ်ဘက်ကကြည့်ရင်တော့ 'ကုသိုလ်ဝယ် ဘယ်မှာလဲ ဓမ္မနာနေဆဲ'။

ကုသိုလ်ဝယ်တဲ့သူက ဘယ်မှာလဲဆိုတော့ ဓမ္မနာနေဆဲပါပဲ၊ ဒါကတော့ ပထမ ရည်ရွယ်ချက်အတွက်ပေါ့။ နောက်ရည်ရွယ်ချက်အတွက်တော့....

သန္တိကျောင်းက ဓမ္မသံ
အေးအေးကြည်ကြည် ညံ၊

ဓမ္မသံ ငါတို့ကြား
ရဟန်းပြုစို့လား၊
ရဟန်းဘာကြောင့် ပြုရတယ်
မင်္ဂလာ ရဖို့ကွယ်၊
မင်္ဂလာသည် ဘယ်မှာလည်း
ဓမ္မ ဟောနေဆဲ။

မင်္ဂလာသည်ဆိုလို့ ဦးဇင်းက မင်္ဂလာတွေ အများကြီး ပိုင်နေလို့ ရောင်းနေတာမဟုတ်ဘူးနော်၊ မြတ်စွာဘုရားရှင်ရဲ့ ကိုယ်စား ဦးဇင်းတို့က အရောင်းကိုယ်စားလှယ်ပါပဲ၊ တကယ် မင်္ဂလာတွေ ပိုင်တာက မြတ်စွာဘုရားပါ။

ပိုင်တယ်ဆိုတာလည်း မင်္ဂလာတွေ တစ်ခုနှစ်ခု စသည်အားဖြင့် တစ်ပွေ့တစ်ပိုက်ကြီးပိုင်တာကို ပြောတာမဟုတ်ပါဘူး။ မင်္ဂလာရကြောင်း ကျင့်စဉ်တွေကို ပြသပေးနိုင်တာကိုပဲ မင်္ဂလာတွေကို ပိုင်တယ်၊ မင်္ဂလာတွေကို ရောင်းချပေးတယ်လို့ တင်စားပြောတာပါ။

ဦးဇင်းတို့က မြတ်စွာဘုရားဟောကြားတဲ့ တရားကို နည်းမှီပြီးတော့ မြတ်စွာဘုရားရဲ့ ကိုယ်စား ဗုဒ္ဓဒူတအဖြစ်နဲ့ မြတ်စွာဘုရားရှင်ရဲ့ တမန်တော်အဖြစ်နဲ့ ဟောကြားရခြင်းဖြစ်ပါတယ်။

'မင်္ဂလာသည် ဘယ်မှာလဲ ဓမ္မဟောနေဆဲ'ပေါ့၊ တစ်နည်းပြောရရင်တော့ 'မင်္ဂလာဝယ် ဘယ်မှာလဲ ဓမ္မနာနေဆဲ'။

ဒီတော့ မြတ်စွာဘုရားရှင်ကတော့ သတ္တဝါတွေရဲ့ ကိလေသာရောဂါကို ပျောက်အောင်ကုသပေးမယ့် ဆရာဝန်ကြီး အဆင့်ဖြစ်ပါ



http://www.dhammadownload.com

http://www.dhammadownload.com

တယ်။ ဦးဇင်းတို့ကတော့ မြတ်စွာဘုရားညွှန်ကြားတဲ့ ဆေးနည်းတွေကို ပေးရတဲ့ သူနာပြုအဆင့်မျှသာ ဖြစ်ပါတယ်။ ဆေးရုံမှာ၊ ဆေးခန်းမှာ ကူလုပ်ပေးနေရတဲ့ သူနာပြုမျှသာဖြစ်ပါတယ်။ မြတ်စွာဘုရားရှင်ကမှ ရောဂါကို ပျောက်အောင် ကုသပေးနိုင်တဲ့ ဆရာဝန်ကြီးပါ၊ သမားတော်ကြီးပါ။

ဒီတော့ ဒီကနေ့ အလှူ့ဒကာ ဦးထွန်းလှမော်တို့ ကိုယ်တိုင်ရောသားတွေ၊ တူတွေရော ရှင်ပြုကြတယ်၊ ရဟန်းပြုကြတယ်ဆိုတာ ဘာလုပ်ကြတာလဲဆိုရင် အမှန်ကတော့ ဆေးရုံလာတက်တာပါပဲ၊ မြတ်စွာဘုရား ညွှန်ကြားတဲ့ဆေးတွေစားမှ မိမိတို့ရဲ့ ကိလေသာရောဂါတွေ ပျောက်မယ်။

ဆေးရုံတက်နေတဲ့ လူနာတစ်ယောက်ဟာ ဆရာဝန်ညွှန်ကြားတဲ့ ဆေးတွေစားမှ မိမိမှာရှိတဲ့ ရောဂါတွေ ပျောက်မယ်၊ ဆေးရုံပေါ်မှာတော့ တက်နေပါရဲ့၊ ဆရာဝန်ညွှန်ကြားချက်လည်းနားမထောင်၊ စားဆေးလည်း မစားဘူး၊ ထိုးဆေးလဲ မထိုးဘူး ဆိုရင်တော့ ဒီရောဂါ ပျောက်ပါ့မလား၊ မပျောက်နိုင်ဘူး။ ရောဂါမှ မပျောက်ဘူးဆိုရင်လည်း စိတ်ချမ်းသာမှု မရနိုင်ပါဘူး။

မြတ်စွာဘုရား ညွှန်ကြားတဲ့ ဓမ္မဆေးကို ညွှန်ကြားတဲ့အတိုင်း မစားဘူးဆိုရင် ကိလေသာရောဂါတွေ လုံးဝမပျောက်ကင်းနိုင်ပါဘူး။ ကိလေသာရောဂါတွေမှ မပျောက်ဘူးဆိုရင်လည်း စိတ်ချမ်းသာမှု လုံးဝ မရနိုင်ပါဘူး။ ကိလေသာတန်းလန်းရှိလျက်သားနဲ့ စိတ်ချမ်းသာလိုက်တာဆိုတာ မဖြစ်နိုင်ပါဘူး။ ကိလေသာရှိနေတဲ့သူဟာ ဘယ်လို

http://www.dhammadownload.com

နည်းနဲ့မှ စိတ်မချမ်းသာနိုင်ပါဘူး။ မြတ်စွာဘုရားက ဘယ်လောက် ထိ ပြောထားလဲဆိုရင်တော့…

အာသဝက္ခယံ ပန အပ္ပတ္တာ
'သုခိတောမှိ' တိ စိတ္တံ န ဥပ္ပါဒေတဗ္ဗံ။

ကိလေသာ အာသဝေါတရားတွေ မကုန်သေးဘဲနဲ့ ငါချမ်းသာလိုက်တာဆိုတာ စိတ်ကူးထဲတောင် မထည့်ပါနဲ့၊ ပါးစပ်က ထုတ်ပြောဖို့ဆိုတာ အသာထား စိတ်ကူးထဲတောင် မတွေးလိုက်ပါနဲ့၊ ငါချမ်းသာလိုက်တာ ငါချမ်းသာလိုက်တာလို့ မတွေးလိုက်ပါနဲ့တဲ့ ကိလေသာ အာသဝေါ တရားတွေ မကုန်သေးဘူးဆိုရင်။

■

ရဟန္တာပုဂ္ဂိုလ်ကလွဲရင်
အချိန်တိုင်းစိတ်ချမ်းသာနေတဲ့သူ
တစ်ဦးတစ်ယောက်မှမရှိပါဘူး။
ရဟန္တာမဖြစ်သေးဘဲနဲ့
ငါစိတ်ချမ်းသာလိုက်တာလို့
ကျေနပ်ရောင့်ရဲမနေဖို့
မြတ်စွာဘုရားမိန့်ကြားတော်မူပါတယ်။
ကိလေသာမကုန်သေးသမျှတော့
စိတ်ဆင်းရဲချိန်ဆိုတာရှိနေဦးမှာပါပဲ။

http://www.dhammadownload.com

# ရဟန္တာမဖြစ်သေးဘဲနဲ့ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချတယ်လို့မပြောပါနဲ့

မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူနေစဉ်က ရဟန်းတော်တွေထဲက သီလရှိတဲ့ ရဟန်းတော်တွေက ငါသီလလုံခြုံတယ်၊ ရဟန္တာဖြစ်ချင် အလွယ်လေးပဲ၊ ဘာမှ မခက်ဘူး။ ဓုတင်အကျင့်တွေ ဆောက်တည်ထားတဲ့ ရဟန်းတော်တွေကလည်း ငါ ဓုတင်အကျင့်တွေ ကျင့်နေတာ၊ ရဟန္တာဖြစ်ချင်အလွယ်လေးပဲ၊ ဘာမှ မခက်ဘူး။ ပရိယတ္တိဗဟုသုတတွေ ပြည့်စုံနေတဲ့ ရဟန်းတော်တွေကလည်း ငါစာပေတွေ အရမ်းတတ်နေတာပဲ၊ ရဟန္တာဖြစ်ချင် အလွယ်လေးပဲ၊ ဘာမှ မခက်ဘူး။

ဈာန်အဘိညာဉ်တွေရနေတဲ့ ရဟန်းတော်တွေကလည်း ငါဈာန်အဘိညာဉ်တွေ ရနေတာပဲ၊ ရဟန္တာဖြစ်ချင် အလွယ်လေးပဲ၊ ဘာမှ မခက်ဘူး။ တောကျောင်း တောင်ကျောင်းမှာ၊ လူသူကင်းဝေးတဲ့ တောထဲ တောင်ထဲမှာ တစ်ပါးတည်းနေတဲ့ ရဟန်းတော်တွေကလည်း ငါ

http://www.dhammadownload.com

ဆိတ်ငြိမ်ရာမှာ နေနေတာပဲ၊ ရဟန္တာဖြစ်ချင် အလွယ်လေးပဲ၊ ဘာမှ မခက်ဘူး။

အဲဒီလို မိမိကျင့်နေတဲ့တရား၊ မိမိရနေတဲ့တရား၊ မိမိအား ထုတ်နေတဲ့တရားကို အခြေခံပြီးတော့ တင်းတိမ်ကျေနပ်နေကြတယ်၊ ကြိုးကြိုးစားစား ဆက်ပြီး တရားအားမထုတ်ဘဲနဲ့ မေ့မေ့လျော့လျော့ နေနေကြတယ်။

သီလလုံတဲ့ သူတွေကလည်း သီလလုံရုံကလေးနဲ့ ကျေနပ်နေကြတယ်။ ပရိယတ္တိ ဗဟုသုတရှိတဲ့ သူတွေကလည်း ပရိယတ္တိပြည့်စုံရုံလေးနဲ့ ကျေနပ်နေကြတယ်။ ဈာန်အဘိညာဉ်ရတဲ့ သူတွေကလည်း ဈာန်အဘိညာဉ်ရရုံလေးနဲ့ ကျေနပ်နေကြတယ်။ ဒါကတော့ ပုထုဇဉ်တွေထဲမှာပေါ့။

သူတို့တင်မကဘူး၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်နေတဲ့ ရဟန်းတော်တွေကလည်း ထို့အတူပါပဲ၊ ငါ သောတာပန်ဖြစ်နေပြီပဲ၊ ငါ သကဒါဂါမ်ဖြစ်နေပြီပဲ၊ ငါ အနာဂါမ်ဖြစ်နေပြီပဲ၊ ရဟန္တာဖြစ်ချင်အလွယ်လေးပဲ၊ ရဟန္တာဖြစ်ဖို့ဆိုတာ ငါ့အတွက်တော့ ဘာမှမခက်ဘူး၊ အဲဒီလို နှလုံးသွင်းပြီးတော့ တရားဆက်အားမထုတ်ဘဲ ခပ်ပေါ့ပေါ့ပဲ နေနေကြတယ်။

အပ္ပမာဒတရားကို လွှတ်ထားပြီးတော့ ပမာဒတရားနဲ့ မေ့မေ့လျော့လျော့ပဲ နေနေကြတယ်။ အပ္ပမာဒတရား လွှတ်ထားတယ်ဆိုတာကတော့ ရဟန္တာဖြစ်အောင် အားမထုတ်သေးတာကို ပြောတာပါ။ သတိတွေ လုံးဝလွှတ်နေတယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။

http://www.dhammadownload.com

အဲဒီလိုနဲ့ မြတ်စွာဘုရားရှေ့မှောက်ရောက်တော့ မြတ်စွာဘုရား က မေးတယ်၊ ချစ်သားတို့၊ သင်တို့ ရဟန်းပြုရခြင်းရဲ့ ရည်ရွယ်ချက် အထွတ်အထိပ်ရောက်ပြီလား၊ သင်တို့ရဲ့ ရဟန်းကိစ္စပြီးသွားပြီလား၊ တစ်နည်းပြောရင်တော့ သင်တို့ ရဟန္တာဖြစ်ပြီလားလို့မေးတယ်။

ဒီတော့ ရဟန်းတော်များကလည်း အမှန်အတိုင်းလျှောက်ပါ တယ်၊ သီလလုံတဲ့ သူကလည်း တပည့်တော် သီလစင်ကြယ်နေတာပဲ၊ ရဟန္တာဖြစ်ချင် အလွယ်လေး၊ ဘာမှမခက်ဘူး ဆိုပြီးတော့ အားမထုတ် သေးဘဲထားပါတယ် ဘုရား။

အနာဂါမ်ဖြစ်တဲ့ပုဂ္ဂိုလ်ကလည်း တပည့်တော်အနာဂါမ်ဖြစ် နေပြီပဲ၊ ရဟန္တာဖြစ်ချင်အလွယ်လေး၊ ဘာမှမခက်ဘူး ဆိုပြီးတော့ အား မထုတ်သေးဘဲ နေပါတယ်ဘုရား။

ဒီတော့ မြတ်စွာဘုရားက အဲဒီ ရဟန်းတော်တွေ အကုန်လုံးကို ကဲ့ရဲ့ရှုတ်ချပါတယ်၊ ရဟန်းဆိုတာ နောက်ဆုံး အနာဂါမ်ဖြစ်တယ်ပဲ ထား၊ အနာဂါမ်ဖြစ်ရုံနဲ့ ငါတို့ရဲ့ ဘဝဆင်းရဲတွေ နည်းသွားပြီလို့ မတွေး သင့်ဘူး။

ကျင်ကြီး၊ ကျင်ငယ်၊ သလိပ်၊ တံတွေး၊ နှပ် ဆိုတဲ့ အရာတွေ ဟာ သေးသေးငယ်ငယ်လေးပင် ဖြစ်စေကာမူ ရွံစရာ၊ စက်ဆုပ်စရာ ကောင်းသလိုပဲ ဘဝဆိုတာလဲ လက်ဖျောက်တစ်ချက်တီးလောက် ကလေးပင် ဖြစ်စေကာမူ ရွံစရာကောင်းပါတယ်။ စက်ဆုပ်စရာကောင်း ပါတယ်။

ဒါကြောင့် ရဟန္တာ မဖြစ်သေးဘူးဆိုရင် ဘဝတွေ ဖြစ်ရဦးမှာ

http://www.dhammadownload.com

ဖြစ်လို့ အဲဒီပုဂ္ဂိုလ်ဟာလည်းပဲ ကျေနပ်အားရစရာမရှိဘူး၊ မိုက်မဲနေသူလို့ပဲ ပြောရမယ်၊ ရဟန္တာမဖြစ်သေးဘဲနဲ့ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု ရှိနေသူတွေဟာ ငါ့ဘုရားရဲ့ အလိုတော်ကျ မဖြစ်သေးပါဘူးဆိုပြီးတော့မှ န သီလဗ္ဗတမတ္တေန စတဲ့ ဂါထာနဲ့တရားဟောတော်မူပါတယ်။

န သီလဗ္ဗတမတ္တေန၊ ဗာဟုသစ္စေန ဝါ ပန။
အထ ဝါ သမာဓိလာဘေန၊ ဝိဝိတ္တသယနေန ဝါ။
ဖုသာမိ နေက္ခမ္မသုခံ၊ အပုထုဇ္ဇနသေဝိတံ။
ဘိက္ခု ဝိဿာသမာပါဒိ၊ အပ္ပတ္တော အာသဝက္ခယံ။

ရဟန်းဆိုတာဟာ သီလပြည့်စုံရုံနဲ့လည်း ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု မပြုသင့်ဘူး၊ ဓုတင်တွေ ဆောက်တည်နေရုံနဲ့လည်း ယုံကြည်စိတ်ချမှု မပြုသင့်ဘူး၊ ပရိယတ္တိ ဗဟုသုတပြည့်စုံနေရုံနဲ့လည်း ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု မပြုသင့်ဘူး၊ ဈာန်အဘိညာဉ်တွေရရုံနဲ့လည်း ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု မပြုသင့်ဘူး။ ဆိတ်ငြိမ်ရာတောကျောင်းမှာ တစ်ယောက်တည်းနေနေရုံနဲ့လည်း ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု မပြုသင့်ဘူး။ အနာဂါမ်ဖြစ်ပြီဆိုပြီးတော့လည်း ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု မပြုသင့်ဘူး၊ ရဟန္တာဖြစ်ပြီဆိုမှသာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချပါ။

ရဟန်းဆိုတာ အသွင်ဆောင်ရဟန်း၊ အကျင့်ဆောင်ရဟန်းဆိုပြီးတော့ နှစ်မျိုးရှိပါတယ်၊ အသွင်ဆောင်ရဟန်းဆိုတာကတော့ ရဟန်းရဲ့အသွင်ကို ဆောင်ထားတဲ့ရဟန်းပေါ့၊ ရဟန်းအဝတ်အစားဝတ်ထားတဲ့ ရဟန်းပေါ့။

http://www.dhammadownload.com

အကျင့်ဆောင်ရဟန်းဆိုတာကတော့ 'ကိလေသေ ဘိန္ဒတီတိ ဘိက္ခု' ဆိုတဲ့အတိုင်း ကိလေသာတွေကို ဖောက်ထွင်းဖြိုခွဲ ဖျက်ဆီးနေတဲ့ ပုဂ္ဂိုလ်ပေါ့။ လူ့အဝတ်ကို ဝတ်ထားပေမယ့်လည်းပဲ ကိလေသာ ခေါင်းပါးကြောင်း အလုပ်ကို လုပ်နေတယ်၊ ကိလေသာငြိမ်းအေးကြောင်း အလုပ်ကိုလုပ်နေတယ်ဆိုရင်တော့ အဲဒီ ပုဂ္ဂိုလ်ကိုလည်း အကျင့်ဆောင် ရဟန်းလို့ခေါ်ရပါတယ်။ လူဝတ်ကြောင်ပဲဖြစ်ဖြစ်၊ ရဟန်းသာမဏေ ပဲဖြစ်ဖြစ်ပေါ့။ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်ပေါ့။

အဲဒါကြောင့် အသွင်ဆောင်ရဟန်းပဲဖြစ်ဖြစ်၊ အကျင့်ဆောင် ရဟန်းပဲဖြစ်ဖြစ် ရဟန်းမှန်ခဲ့ရင်တော့ အာသဝေါတရားလေးပါးတို့ရဲ့ ကုန်ခြင်းကို မရောက်သေးဘဲနဲ့ ကိုယ့်ကိုယ်ကို ပြည့်စုံလှပါပြီလို့ ယုံကြည် စိတ်ချခြင်း ဘယ်တော့မှ မပြုသင့်ပါဘူး။

အဲဒီတော့ ရဟန်းဘာကြောင့်ပြုရတယ်ဆိုပြီးတော့ ရဟန်းပြု ရခြင်းရဲ့ ရည်ရွယ်ချက် ပြည့်စုံပြင်ပြီးသား ပုဂ္ဂိုလ်တွေကလည်း ရဟန်း ဖြစ်သွားပြီဆိုတာနဲ့ ငါတော့ သင်္ကန်းလေး ပတ်လိုက်ရုံနဲ့ အပါယ်တံ ခါးပိတ်ပြီ၊ နိဗ္ဗာန်ရောက်ဖို့သေချာသွားပြီလို့ အဲဒီလို ယုံကြည်စိတ်ချ ပြီးတော့ မနေလိုက်ပါနဲ့။

ရဟန္တာမဖြစ်မချင်း ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု မပြုသေးနဲ့ ဦး၊ ဆက်ပြီးတော့ အားထုတ်၊ လူဝတ်ကြောင်ပုဂ္ဂိုလ်တွေအနေနဲ့လည်း ဒီတရားဒေသနာတော် နည်းမှီပြီးတော့ ယူရမယ်ဆိုရင် ဒါနတွေပြုနေ ရုံနဲ့လည်း မကျေနပ်နဲ့၊ ငါးပါးသီလတွေ မြဲနေရုံနဲ့လည်း မကျေနပ်နဲ့၊ ဥပုသ်သီလတွေ ဆောက်တည်နေရုံနဲ့လည်း မကျေနပ်နဲ့၊ ဂုဏ်တော်တွေ

http://www.dhammadownload.com

မေတ္တာတွေ ပွားများရုံ၊ ပရိတ်ပဋ္ဌာန်းတွေ ရွတ်ဖတ်ရုံနဲ့လည်း မကျေနပ်နဲ့ဦး။

ဝိပဿနာဘာဝနာအလုပ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရစေနိုင်တဲ့ သတိပဋ္ဌာန်ဝိပဿနာ အလုပ်ကိုလည်း အားထုတ်ပါ၊ အားထုတ်တဲ့အခါမှာလည်း သောတာပန်ဖြစ်ရုံ၊ သကဒါဂါမ်ဖြစ်ရုံ၊ အနာဂါမ်ဖြစ်ရုံနဲ့ မကျေနပ်နဲ့၊ ရဟန္တာဖြစ်တဲ့အထိ အားထုတ်ပါ။

ရဟန္တာဖြစ်တဲ့အထိ အားထုတ်ဆိုလို့ ဒကာတစ်ယောက် လျှောက်တာလေး သွားသတိရတယ်၊ ဒကာဆိုပေမယ့်လည်း ငယ်ငယ်ပါပဲ၊ လူငယ်ပါပဲ။ သူကဘယ်လို လျှောက်လဲဆိုတော့ တပည့်တော် တရားအားထုတ်လို့ရှိရင်တဲ့၊ သံသယစိတ်တစ်ခု၊ ကြောက်စိတ်တစ်ခု လေး ဝင်ဝင်နေတယ်တဲ့။

ဘယ်လိုလဲဆိုတော့ လူဝတ်ကြောင်နဲ့ ရဟန္တာဖြစ်တယ်ဆိုရင် နေ့ချင်းပဲ သေတယ်ဆိုတော့ တပည့်တော် ရဟန္တာဖြစ်ပြီး ရုတ်တရက် သေသွားမှာစိုးလို့တဲ့၊ တရားကို ဖြောင့်ဖြောင့် အားမထုတ်နိုင်ဘူးတဲ့၊ သူ့ခမျာ တရားအားထုတ်ရင်းနဲ့ စိုးရိမ်ပူပန်နေတာ၊ ရဟန္တာဖြစ်သွားရင် ချက်ချင်း၊ နေ့တွင်းချင်း သေတယ်လို့ဆိုတော့ တော်ကြာသေသွားရင် ဒုက္ခပဲ ဆိုပြီးတော့ တရားသိပ်အားမထုတ်ရဲဘူးတဲ့ နော်။

အဲလောက်ကြီးလဲ စိုးရိမ်ပူပန်စရာမလိုပါဘူး။ ဒီနေ့ပဲ လူဝတ်နဲ့ ရဟန္တာဖြစ်၊ ဒီနေ့ပဲ သေသွားတော့လဲ အေးတာပဲပေါ့နော်၊ မြန်မြန် ခန္ဓာဝဋ်က ကျွတ်သွားတော့ ပိုတောင် ကောင်းသေးတာပေါ့။

ကိုယ်က အမျိုးသားဆိုရင်ပေါ့လေ၊ အာယုသင်္ခါရ ကိုယ့်မှာ


http://www.dhammadownload.com

ရှိနေသေးတယ်ဆိုရင်တော့ လူ့ဝတ်ကြောင်ဘဝနဲ့ ရဟန္တာဖြစ်၊ ရဟန္တာဖြစ်ရင်လည်း ကိုယ့်ကိုယ်ကို ရဟန္တာဖြစ်လို့ဖြစ်မှန်း မသိဘူးရယ် လို့ မရှိပါဘူး၊ သိပါတယ်။ ကိုယ့်ရဲ့သက်တမ်းကို လှမ်းကြည့်လိုက်တော့ ဒီနေ့နဲ့ သေရမယ့်ကံမပါသေးဘူးဆိုရင်တော့ ကိုရင်ဝတ်လိုက်လို့ရ ပါတယ်၊ ရဟန်းပြုလိုက်လို့ရပါတယ်။ ဒီတော့ ငါ လူ့ဝတ်နဲ့များ ရဟန္တာ ဖြစ်သွားရင် ဒုက္ခဆိုပြီးတော့ မတွေးကြပါနဲ့၊ မပူကြပါနဲ့။

■

လူတစ်ယောက်ရဲ့ဘဝမှာ
ဘာတွေဘယ်လောက်ပဲ
ပြည့်စုံနေပြည့်စုံနေ
ရဟန္တာမဖြစ်သေးသမျှ
ပြည့်စုံမှုအထွတ်အထိပ်
မရောက်သေးပါဘူး။
လောကချမ်းသာဘယ်လောက်ပဲရှိရှိ
ဓမ္မချမ်းသာမရှိသေးသမျှ
ချမ်းသာမစုံသေးပါဘူး။
နိဗ္ဗာန်ချမ်းသာဆိုတဲ့
လမ်းဆုံးချမ်းသာကို
အပြီးတိုင်မရသေးသမျှတော့
လူတစ်ယောက်ရဲ့ဘဝဟာ
လိုအပ်ချက်တွေနဲ့
လျော့နေဟာနေမှာပါပဲ။

http://www.dhammadownload.com



## ဗုဒ္ဓခေတ်မြတ်တွေ့ကြုံးနပ်ပါစေ

အဲဒီတော့ ခုန မြတ်စွာဘုရားဟောထားတဲ့ ရဟန်းတော်တွေ မကျေနပ် မရောင့်ရဲသင့်တဲ့တရားတွေကို နည်းမှီပြီးတော့ မင်္ဂလာဗျူဟာ အသင်းရဲ့ ဥက္ကဋ္ဌ၊ ဒီနှစ်မှာ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ ရရှိသွားတဲ့ ဒကာကြီး ဦးအောင်သိမ်းက ကဗျာလေး တစ်ပုဒ်စပ်ထားပါတယ်။

ဒီကဗျာကို ဆရာတော် သံဃာတော်တွေကလည်း သဘောကျကြလို့ တချို့ဆရာတော်တွေ စာရိုက်ပြီးတော့ ဝေငှကြပါတယ်။ ဒါပေမဲ့ ဝေငှကြတဲ့ စာရွက်တော်တော်များများမှာ ရေးသားသူရဲ့နာမည် မပါပါဘူး။ နာမည်မပါတော့ ဟိုဆရာတော်က ဒီစာရွက်ဝေရင် ဟို ဆရာတော်ပဲ ရေးသလိုလို၊ ဒီဆရာတော်က ဒီစာရွက်ဝေရင် ဒီဆရာ တော်ပဲ ရေးသလိုလိုနဲ့ ဒီကဗျာရေးတဲ့သူ ကဗျာရှင်ကို တော်တော်များများ မသိကြဘူး။

ဒါကြောင့် ဒီကဗျာကို ရေးတဲ့သူဟာ မင်္ဂလာဗျူဟာအသင်း

http://www.dhammadownload.com

ဥက္ကဋ္ဌ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးအောင်သိမ်း ဖြစ်ပါတယ်။ သိမ်းက လည်းဘဲ နငယ်နဲ့ သိန်းတာမဟုတ်ဘူး၊ မသတ်နဲ့ သိမ်းတာ၊ သူ့မျိုးဆက် တွေအားလုံးလဲ မသတ်နဲ့ သိမ်းတာပါပဲ၊ 'သိမ်း' မျိုးဆက်လို့ပြောရ မှာပေါ့။ ဦးအောင်သိမ်း ဆိုတော့ အောင်မြင်မှုတွေ အကုန်လုံးသိမ်း ယူထားတဲ့ သဘောထင်ပါရဲ့။

အဲဒီတော့ အဲဒီကဗျာလေးနဲ့ပဲ ဦးဇင်းတို့ တရားကို နိဂုံးချုပ်ပါ မယ်၊ ကဗျာလေးကတော့ တစ်ခုချင်း အကျယ်တဝင့် ရှင်းမယ်ဆိုရင် သိပ်ကောင်းပါတယ်၊ သို့သော်လည်း ရှင်းလိုက်လို့ရှိရင် အရသာပျက် သွားပါ့မယ်၊ သူ့အရှိအတိုင်းလေးကိုပဲ အဓိပ္ပာယ်ပေါ်လွင်ပြီးသားပါ၊ ကဗျာလေးရဲ့ ခေါင်းစဉ်က "ဗုဒ္ဓခေတ်မြတ် တွေ့ကျိုးနပ်ပါစေ"တဲ့။

အဓိပ္ပာယ်ရှင်းပြစရာ မလိုအောင် ရသလဲ မြောက်တယ်၊ သြ ဇာလည်း ပြည့်ဝတယ်၊ ရှင်းလဲ ရှင်းပါတယ်၊ နားစိုက်ပြီးတော့ နာယူ ကြပါ။

ရေချမ်းသစ်သီး၊ ပန်းဆီမီးကို
ခိုင်ဖြိုးသဒ္ဓါ၊ လှူပြီးကာမျှ
ငါ့မှာ ကောင်းကျိုး၊ အလွန်တိုးဟု
ယုံကိုးစိတ်ထဲ၊ မရောင့်ရဲနှင့်။
မစဲညနေ့၊ ဘုရားရှေ့တွင်
ပျော်မွေ့မြတ်နိုး၊ မြဲရှိခိုး၍
ကောင်းကျိုးပွားစည်၊ ကြီးလှပြီဟု
ယုံကြည်အားရ၊ စိတ်မချနှင့်။

http://www.dhammadownload.com

ဓာရဏာနှင့်၊ ဓမ္မစကြာ
မေတ္တာပဋ္ဌာန်း၊ ရွတ်နိုင်စွမ်းကြောင့်
ရွှင်လန်းပီတိ၊ ပွမ်းဆီထိကာ
ကြီးမည့်တေဇော်၊ မစောင့်မျှော်နှင့်။
ဂုဏ်တော်ပုတီး၊ သက်စေ့ပြီးအောင်
ဖွဲ့ကြိုးခိုင်မာ၊ ငြိမ်သက်စွာဖြင့်
သဒ္ဓါကြည်ယုံ၊ စိပ်ပြီးရုံဖြင့်
လုံလောက်လှပြီ၊ မရပ်တည်နှင့်။
ရေကြည်သစ်သီး၊ ဆီမီးလှူမျိုး
ရှိခိုးဝတ်ရွတ်၊ စေလွှတ်မေတ္တာ
တစ်ရာ့ရှစ်သီး၊ စိပ်ပုတီးကို
မငြီးဆင့်ကဲ၊ စိပ်မြဲစိပ်ပါ၊ မဖြတ်ပါနှင့်။
ဆက်ကာတစ်မျိုး၊ ရှေ့သိုးတိုး၍
အကျိုးနိဗ္ဗာန်၊ မျှော်ရိုးမှန်က
ရုပ်နာမ်ခွဲခြား၊ ကျင့်တရားသာ၊ သံသရာဝဋ္ဋ
ထွက်လွတ်စေကြောင်း၊ လမ်းမှန်ကောင်းဟု
ညွှတ်ပျောင်းစိတ်ထဲ၊ ယုံကြည်စွဲလျက်
အမြဲနေ့ည၊ ဝိပဿနာ၊ ဘာဝနာကို
ခိုင်မာဆန္ဒ၊ ကြိုးလုံ့လမှ
ဗုဒ္ဓခေတ်မြတ်၊ တွေ့ကျိုးနပ်မည်
ကြပ်ကြပ်သတိရှိပါစေ။ ။

http://www.dhammadownload.com

အခိပ္ပါယ်ရှင်းပြစရာမလိုပါဘူး၊ ဒါနတွေပြုနေရုံနဲ့ မကျေနပ်ပါနဲ့ဦး၊ ဘုရားရှိခိုးနေရုံနဲ့ မကျေနပ်ပါနဲ့ဦး၊ ပရိတ်ပဠာန်းတွေ ရွတ်နေရုံနဲ့ မကျေနပ်ပါနဲ့ဦး၊ ဂုဏ်တော်ပုတီးတွေ စိပ်နေရုံနဲ့ မကျေနပ်ပါနဲ့ ဦး။ ဒါပေမဲ့ အဲဒါတွေကို ဖြတ်စရာမလိုပါဘူးတဲ့၊ လှူမြဲလှူပါ၊ သီလတွေလဲ ဆောက်တည်မြဲဆောက်တည်ပါ၊ ပရိတ်ပဠာန်းတွေလည်း ရွတ်မြဲရွတ်ပါ၊ ဂုဏ်တော်ပုတီးတွေလည်း စိပ်မြဲစိပ်ပါ၊ မဖြတ်လိုက်ပါနဲ့။

ဒါပေမဲ့ အဲဒီလောက်နဲ့တော့ ရပ်မနေပါနဲ့ဦး၊ နိဗ္ဗာန်ကို တကယ်လိုချင်တယ်မှန်ရင်တော့ ဝိပဿနာအလုပ်ကိုလည်း ဆက်ပြီးတော့ အားထုတ်ပါဦးတဲ့၊ ဝိပဿနာအလုပ်ကို တကယ်အားထုတ်မှ အားထုတ်တဲ့အတိုင်းလည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါမှ မြတ်စွာဘုရားရဲ့ သာသနာတော်နဲ့ တွေ့ရကျိုးနပ်ပါလိမ့်မယ်တဲ့။

ဟုတ်ပါတယ်။ သံသရာနဲ့ချီပြီး တွေ့ကြုံဖို့ ခဲယဉ်းလှတဲ့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနဲ့ တွေ့ကြုံနေတဲ့အခိုက် ဝိပဿနာစခန်းအထိ မတက်လှမ်းဘဲ ဒါန၊ သီလ၊ သမထလောက်နဲ့ပဲ ကျေနပ်ပြီး ရပ်တန့်လမ်းဆုံးနေမယ်ဆိုရင် ဗုဒ္ဓသာသနာနဲ့ တွေ့ကြုံရကျိုး မနပ်ပါဘူး။ တစ်ဖက်က ဒါန၊ သီလ၊ သမထအလုပ်တွေကို လုပ်ရင်းနဲ့ တစ်ဖက်ကလည်း ဝိပဿနာအလုပ်ကို တွဲဖက်ပြီး လုပ်သွားပါမှ ဗုဒ္ဓသာသနာနဲ့ တွေ့ကြုံရကျိုးနပ်ပါတယ်။

ဝိပဿနာအလုပ်ဆိုလို့လည်း ဘုရားရှေ့မှာ တင်ပျဉ်ခွေထိုင်၊ မျက်စိမှိတ်ပြီး မလှုပ်မယှက်နဲ့ တစ်နာရီ၊ နှစ်နာရီထိုင်နိုင်မှ လုပ်လို့ရတဲ့

http://www.dhammadownload.com

အလုပ်လို့ သွားမယူဆလိုက်နဲ့ဦးနော်။ ဝိပဿနာအလုပ်ဆိုတာ အဲလို ကြီး ထိုင်နိုင်မှ လုပ်လို့ရတဲ့အလုပ် မဟုတ်ပါဘူး။ သွားသွား၊ ရပ်ရပ်၊ ထိုင်ထိုင်၊ လျောင်းလျောင်း၊ ခန္ဓာကိုယ်ရဲ့ ဘယ်အနေအထားမျိုးမှာမဆို လုပ်လို့ရပါတယ်။

အရှုခံအာရုံကလည်း ဘယ်ဟာကိုမှရယ်လို့ မူသေကန့်သတ်ချက် မရှိပါဘူး။ အဆင်ပြေတဲ့အာရုံကို ရှုလို့ရပါတယ်။ ဝင်လေထွက်လေ အဆင်ပြေရင် ဝင်လေထွက်လေကို အာရုံထားပြီးရှု၊ တခြား ကိုယ်နှုတ်စိတ်အမူအရာ အဆင်ပြေရင် ထင်ရှားရာ ကိုယ်နှုတ်စိတ်အမူအရာကို အာရုံထားပြီးရှု၊ အဆင်ပြေသလို ရှုနိုင်ပါတယ်။

ဝင်လေထွက်လေကို အာရုံထားပြီး ရှုတဲ့ ဝိပဿနာကို အာနာပါနဝိပဿနာလို့ ခေါ်ပါတယ်။ ထင်ရှားရာ ကိုယ်နှုတ်စိတ်အမူအရာကို အာရုံထားပြီး ရှုတဲ့ ဝိပဿနာကို သမ္မဇညဝိပဿနာလို့ ခေါ်ပါတယ်။

အာနာပါနဝိပဿနာနဲ့ပတ်သက်ပြီး အကျဉ်းချုပ်ပြောရမယ်ဆိုရင်တော့ ဝင်လေကို အာန၊ ထွက်လေကို အပါနလို့ခေါ်တာမို့ ဝင်လေထွက်လေကို ရှုမှတ်ရတဲ့ကမ္မဋ္ဌာန်းကို အာနာပါနကမ္မဋ္ဌာန်းလို့ ခေါ်ပါတယ်။

ဝင်လေထွက်လေဟာ ကိုယ်သတိပြုသည်ဖြစ်စေ၊ ကိုယ်သတိမပြုသည်ဖြစ်စေ၊ ကိုယ်သိသည်ဖြစ်စေ၊ ကိုယ်မသိသည်ဖြစ်စေ အမြဲ ထင်ရှားရှိနေပါတယ်။ အသက်ရှင်နေတဲ့ လူတစ်ယောက်အတွက် ဝင်လေထွက်လေ ရပ်ဆိုင်းနေတဲ့အချိန်ရယ်လို့ မရှိပါဘူး။ အိပ်ပျော်နေတဲ့အချိန်မှာတောင် အဆက်မပြတ်ရှိနေပါတယ်။

http://www.dhammadownload.com

အသက်မရှူတဲ့ပုဂ္ဂိုလ်ခုနစ်ဦး ရှိပါတယ်။ အမိဝမ်းမှာ ပဋိသန္ဓေနေသူ၊ ရေနစ်နေသူ၊ မေ့မြောနေသူ၊ သေသူ၊ စတုတ္ထဈာန်ဝင်စားနေသူ၊ ရူပဘဝ အရူပဘဝရောက်နေသူ၊ နိရောဓသမာပတ်ဝင်စားနေသူ၊ ဒီပုဂ္ဂိုလ် ခုနစ်ဦးကတော့ ဝင်လေထွက်လေ မရှိပါဘူး။ သူတို့ကိုတော့ ခြွင်းချက်အနေနဲ့ ချန်လှပ်ထားလိုက်ပါ။

ဝင်လေပြန်မထွက်တော့တဲ့အချိန်၊ ထွက်လေပြန်မဝင်တော့တဲ့အချိန်ဟာ သေတဲ့အချိန်ပါပဲ။ ဒါ့ကြောင့် ရုပ်နာမ်ခန္ဓာ အဆက်မပြတ်ရှင်သန်နေမှုမှာ ဝင်လေထွက်လေက အဓိကပဓာနကျပါတယ်။ ဝင်သက်ထွက်သက်ဆိုတဲ့အတိုင်း ဘဝတစ်ခုရဲ့အသက်ဟာ ဝင်လေထွက်လေဖြစ်လို့ ဝင်လေထွက်လေကို သတိကပ်ရှုမှတ်ရတဲ့ အာနာပါနကမ္မဋ္ဌာန်းဟာလဲ ဝိပဿနာယောဂီတိုင်းရဲ့ "အသက်သွေးကြောကမ္မဋ္ဌာန်းကြီး" ဖြစ်ပါတယ်။

ဝင်လေထွက်လေနဲ့ပတ်သက်တဲ့ ရုပ်နာမ်ရဲ့သဘောသဘာဝတွေကို ပိုင်နိုင်သွားရင် ကျန်တဲ့ရုပ်နာမ်အားလုံးရဲ့ သဘောသဘာဝတွေကိုပါ ပိုင်နိုင်သွားတာမို့ အာနာပါနကမ္မဋ္ဌာန်းကို "အညာကိုင်ကမ္မဋ္ဌာန်း" လို့လည်းခေါ်နိုင်ပါတယ်။

အိပ်ချိန်၊ နိုးချိန်၊ အချိန်တိုင်းမှာ ထင်ရှားရှိနေတဲ့အတွက် ရှုမှတ်ရတာလည်း လွယ်ကူ၊ မရပ်မနားလည်း အဆက်မပြတ်ရှုမှတ်နိုင်တာကြောင့် အာနာပါနကမ္မဋ္ဌာန်းကို ပင်တိုင်ကမ္မဋ္ဌာန်းအဖြစ် သတ်မှတ်ပြီး အားထုတ်တာဟာ လူအများစုအတွက် အသင့်တော်ဆုံးပါပဲ။

အာနာပါနကမ္မဋ္ဌာန်းကို မသိနားမလည်သူတွေက သမထ

http://www.dhammadownload.com

ကမ္မဋ္ဌာန်းလို့ ထင်မှတ်စွပ်စွဲကြပါတယ်။ သူတို့ထင်မှတ်စွပ်စွဲသလို မဟုတ်ပါဘူး။ အာနာပါနကမ္မဋ္ဌာန်းဟာ သမထ၊ ဝိပဿနာ စွယ်စုံရတဲ့ ကမ္မဋ္ဌာန်းကြီးပါ။ သမထလိုရှုရင် သမထဖြစ်ပြီး၊ ဝိပဿနာလိုရှုရင် ဝိပဿနာဖြစ်ပါတယ်။

ဝင်လေထွက်လေ လေကြောင်းနောက်ကိုလိုက်ပြီး ပုံသဏ္ဌာန် နိမိတ်၊ အရိပ်အယောင်တွေကိုရှုနေရင် သမထဖြစ်ပါတယ်။ လေနောက် ကိုမလိုက်ဘဲ နှာသီးဝ လေထိရာ တစ်နေရာတည်းကနေ ထိမှုသဘော၊ လှုပ်ရှားတွန်းကန်မှုသဘောကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံး ပါး ထင်ရှားလာအောင် ရှုနေရင် ဝိပဿနာဖြစ်ပါတယ်။

အာနာပါနသတိသုတ္တန်မှာ မြတ်စွာဘုရားရှင်က အာနာပါန ကို ရှုပွားရင် သတိပဋ္ဌာန်လေးပါးလုံးကို ရှုပွားပြီးသားဖြစ်တယ်။ သတိပ ဋ္ဌာန်လေးပါးရှုပွားရင် ဗောဇ္ဈင်ခုနစ်ပါးကိုလည်း ပွားများပြီးသားဖြစ် တယ်။ ဗောဇ္ဈင်ခုနစ်ပါးပွားများရင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ဆိုက်ရောက်နိုင်တယ်လို့ မိန့်ကြားတော်မူပါတယ်။ အာနာပါနကမ္မဋ္ဌာန်း နဲ့ ရဟန္တာအထိဖြစ်နိုင်တယ်လို့ ဆိုလိုပါတယ်။ သုတ္တန်တစ်ခုမှာဆိုရင် အာနာပါနရှုပွားတဲ့သူဟာ တစ်ထိုင်တည်းနဲ့တောင် ရဟန္တာအထိ ဖြစ်နိုင် တယ်လို့ မိန့်ကြားတော်မူထားပါတယ်။

ဒါ့ကြောင့် အာနာပါနကမ္မဋ္ဌာန်းကို နိဗ္ဗာန်သွားတဲ့ဖြတ်လမ်း၊ နိဗ္ဗာန်သွားတဲ့လမ်းတိုလို့ ရှေးသူဟောင်းတွေက မိန့်ဆိုတော်မူကြပါ တယ်။ ဆရာတော်ကြီးတစ်ပါးကဆို အာနာပါနကမ္မဋ္ဌာန်းကို "သက်ဦး ဆံပိုင်ကမ္မဋ္ဌာန်း" လို့တောင် တခမ်းတနား ချီးမွမ်းဂုဏ်တင်တော်မူခဲ့ပါ

တယ်။

အာနာပါနကမ္မဋ္ဌာန်းဟာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တိုင်းရဲ့ လက်သုံးကမ္မဋ္ဌာန်းကြီး ဖြစ်ပါတယ်။ ဘုရားရှင်တိုင်း၊ ဘုရားရှင်တိုင်းဟာ အာနာပါနကမ္မဋ္ဌာန်းကိုပဲ ပင်တိုင်ကမ္မဋ္ဌာန်းအဖြစ် ရှုပွားရင်းနဲ့ ဘုရားဖြစ်တော်မူကြပါတယ်။ တခြားကမ္မဋ္ဌာန်းနဲ့ ဘုရားဖြစ်တဲ့ ဘုရားရယ်လို့ တစ်ဆူမှ မရှိပါဘူး။ ရှေးကလည်း ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ အခုလည်း လုံးဝမရှိပါဘူး။ နောင်လည်း ဘယ်တော့မှ ရှိမှာမဟုတ်ပါဘူး။ ဒီအချက်ကိုက အာနာပါနကမ္မဋ္ဌာန်းဟာ ဘယ်လောက်ကြီးကျယ်မြင့်မြတ်တယ်၊ ဘယ်လောက် ထိပ်တန်းအကျဆုံးဖြစ်တယ် ဆိုတာကို ဖော်ပြနေပါတယ်။

ရှုမှတ်နည်းကတော့ နှာသီးဝလေထိတဲ့နေရာမှာ သတိကို(စိတ်ကို)ကပ်ထားပြီး လေဝင်ရင် 'ဝင်တယ်'၊ လေထွက်ရင်'ထွက်တယ်' လို့ ရှုမှတ်ရုံပါပဲ။ လေဝင်သွားတဲ့အခါမှာ နှာသီးဝကိုထိပြီး ဝင်သွားပါတယ်။ ထိတဲ့ နေရာလေးမှာ သတိကို (စိတ်ကို) ကပ်ထားပြီး 'ဝင်တယ်' လို့ ရှုမှတ်ရပါမယ်။ အတွင်းဝင်သွားတဲ့ လေကြောင်းနောက် စိတ်မလိုက်ရပါဘူး။ လိုက်ရင် အတွင်းပျံ့လွင့်မှု ဖြစ်ပါတယ်။

လေထွက်သွားတဲ့အခါမှာ နှာသီးဝကိုထိပြီး ထွက်သွားပါတယ်။ ထိတဲ့နေရာလေးမှာ သတိကို(စိတ်ကို)ကပ်ထားပြီး 'ထိတယ်'လို့ ရှုမှတ်ရပါမယ်။ အပြင်ထွက်သွားတဲ့ လေကြောင်းနောက် စိတ်မလိုက်ရပါဘူး။ လိုက်ရင် အပြင်ပျံ့လွင့်မှု ဖြစ်ပါတယ်။

"ဝင်လေဝင်တိုင်းထိ၊ ထိတိုင်းသိ၊ ထွက်လေထွက်တိုင်းထိ၊

http://www.dhammadownload.com

ထွက်တိုင်းသိ၊ ဒါဆိုရင် အကုန်လုံးကိစ္စပြီးပါတယ်" ဆိုတဲ့ ဝေဘူဆရာတော်ဘုရားကြီးရဲ့ မိန့်ကြားတော်မူချက်ကို ဦးထိပ်ပန်ဆင်ပြီး အမြဲတမ်း တထိတည်းထိနေတာကို တသိတည်းသိနေအောင် ရှုမှတ်ကြရပါမယ်။

ဝင်ထိ၊ ထွက်ထိ ထိသဘောလေးကို နှစ်ဆယ့်လေးနာရီ တစ်စပ်တည်းရအောင်များ အားထုတ်နိုင်ခဲ့ရင်တော့ သိသိသာသာထူးခြားလာပါလိမ့်မယ်။ ရိပ်သာပြင်ပမှာနေတဲ့ ပုဂ္ဂိုလ်များအနေနဲ့ အဲဒီလောက်အထိ မစွမ်းနိုင်ရင်တောင် ငါးမိနစ်ရရင် ငါးမိနစ်၊ ဆယ်မိနစ်ရရင် ဆယ်မိနစ် တစ်စပ်တည်းရအောင် လုပ်ကြည့်ရင် သိသာလာပါလိမ့်မယ်။

ထူးခြားတဲ့ စိတ်တည်ငြိမ်အေးချမ်းမှု၊ စိတ်ခွတ်ခိုင်မာမှု၊ စိတ်နေစိတ်ထားကြီးကျယ်မြင့်မြတ်မှုများနဲ့အတူ မရေမတွက်နိုင်တဲ့ လောကီ၊ လောကုတ္တရာကောင်းကျိုး ချမ်းသာတွေကို အံ့ဩဖွယ်ရာ ကိုယ်တိုင်တွေ့ကြုံခံစားလာရပါလိမ့်မယ်။

အာနာပါနကမ္မဋ္ဌာန်းဟာ အခုရှု၊ အခုချမ်းသာ၊ အခုငြိမ်းအေး၊ အမြန်ဆုံးသိသာတဲ့ ကမ္မဋ္ဌာန်းပါ။

အာနာပါနကမ္မဋ္ဌာန်းဟာ ထိုင်ချိန်မှာသာ အားထုတ်နိုင်တာ မဟုတ်ပါဘူး။ သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်း၊ ပြောရင်းဆိုရင်း၊ စားရင်းသောက်ရင်းလည်း အားထုတ်နိုင်ပါတယ်။ တစ်ချိန်တည်းအလုပ်နှစ်ခုပြီးတဲ့ ကမ္မဋ္ဌာန်းပါ။ အချိန်လဲမကုန်၊ လူလဲမပန်း၊ ငွေလဲမထွက်၊ အင်မတန် တွက်ခြေကိုက်တဲ့ ကမ္မဋ္ဌာန်းပါ။

ဝိပဿနာကုသိုလ်ကို အလွယ်တကူရယူနိုင်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို အလွယ်တကူဆိုက်ရောက်စေနိုင်တာဟာ အာနာပါနကမ္မဋ္ဌာန်းပါပဲ။

http://www.dhammadownload.com

သမ္မာဒိဋ္ဌိဝိပဿနာနဲ့ပတ်သက်ပြီး အကျဉ်းချုပ်ပြောရမယ်ဆိုရင်တော့ မြတ်စွာဘုရားရှင်ရဲ့ ဝိပဿနာလမ်းစဉ်ဟာ သတိပြဋ္ဌာန်းပြီး၊ သတိဦးဆောင်ပြီးလုပ်ရတဲ့ အလုပ်ဖြစ်လို့ သတိပဋ္ဌာန်ကျင့်စဉ်လို့လဲ ခေါ်ပါတယ်။ သတိပဋ္ဌာန်တရားဟာ အလုပ်မရွေး၊ နေရာမရွေး၊ ဣရိယာပုတ်မရွေး၊ အချိန်မရွေး ကျင့်ကြံအားထုတ်လို့ ရပါတယ်။

ဝိပဿနာ ရှုရမယ့်တရား၊ ရှုပုံရှုနည်းနဲ့ ရှုရမယ့်အချိန်၊ နေရာတွေကို အတိုဆုံးနဲ့ အပြည့်စုံဆုံး ဖော်ပြနိုင်အောင် ခုလိုဆောင်ပုဒ် နှစ်ခု စီထားပါတယ်။

ဖြစ်ခိုက်ရုပ်နာမ်၊
ဖြစ်တိုင်းဟန်၊
ကောန်မှတ်သိမှု။
အလုပ်, နေရာ၊
ဣရိယာ၊
ချိန်ခါမရွေးရှု။

" ဖြစ်ခိုက်ရုပ်နာမ် " ဆိုတဲ့စကားနဲ့ ဝိပဿနာရှုရမယ့်တရားကို ဖော်ပြပါတယ်။ ရုပ်တရား၊ နာမ်တရား(ကိုယ်အမူအရာနဲ့စိတ်အမူအရာ) ကို ဝိပဿနာရှုကြရပါမယ်။ ရုပ်ထင်ရှားရင်ရုပ်၊ နာမ်ထင်ရှားရင်နာမ်၊ အထင်ရှားဆုံးတစ်ခုကို ရှုကြရပါမယ်။

ရုပ်သက်သက်ပဲ ရှုမယ်လို့ နှလုံးသွင်းပြီး ရုပ်ကိုချည်းမရှုရပါဘူး။ နာမ်သက်သက်ပဲ ရှုမယ်လို့နှလုံးသွင်းပြီး နာမ်ကိုချည်း မရှုရပါဘူး။ ဘာလို့လဲဆိုတော့ ရုပ်သက်သက်ရှုရုံ၊ နာမ်သက်သက်ရှုရုံနဲ့ တရားမရနိုင်

http://www.dhammadownload.com

မင်္ဂမကျနိုင်လို့ပါပဲ။

ဒါပေမဲ့ ရုပ်နှစ်ခုသုံးခု၊ နာမ်နှစ်ခုသုံးခု စသည်တို့ကို တစ်ပြိုင်နက်၊ တစ်ပေါင်းတည်း ရှုဖို့တော့မလိုပါဘူး။ ထင်ရှားတဲ့ ရုပ်နာမ်တစ်ခုခုကို ရှုမှတ်ပြီးသိရင် တစ်ပြိုင်နက်ဖြစ်တဲ့ ရုပ်နာမ်တွေကို ရှုခြင်းကိစ္စ၊ သိခြင်းကိစ္စလဲ အလိုလိုပြီးစီးသွားပါတယ်။

ရှုတဲ့ရုပ်နာမ်ကလည်း ဖြစ်ပြီးခဲ့တဲ့ အတိတ်ရုပ်နာမ်၊ မဖြစ်သေးတဲ့အနာဂတ်ရုပ်နာမ် မဟုတ်ရပါဘူး။ "ဖြစ်ခိုက်ရုပ်နာမ်" ဆိုတဲ့အတိုင်း လောလောဆယ်ဖြစ်နေဆဲ ပစ္စုပ္ပန်ရုပ်နာမ်ကိုသာ ရှုရပါမယ်။

အတိတ်ရုပ်နာမ်ကလည်း ဖြစ်ပြီးသွားလို့ မရှိတော့ပါဘူး။ အနာဂတ်ရုပ်နာမ်ကလည်း မဖြစ်သေးလို့ မရှိသေးပါဘူး။ မရှိတဲ့ ရုပ်နာမ်ကို ရှုနေလို့ ဝိပဿနာဉာဏ်အစစ် မဖြစ်နိုင်ပါဘူး။ "ဘူတံ ဘူတတော ပဿတိ" ဆိုတဲ့အတိုင်း လောလောဆယ် ထင်ရှားရှိနေဆဲ ဖြစ်ခိုက်ရုပ်နာမ်၊ ပစ္စုပ္ပန်ရုပ်နာမ်ကို ရှုမှသာ ဝိပဿနာဉာဏ်အစစ် ဖြစ်နိုင်ပါတယ်။

"ဖြစ်တိုင်းဟုန်" ဆိုတဲ့စကားနဲ့ ဝိပဿနာရှုပုံရှုနည်းကို ဖော်ပြပါတယ်။ ဝိပဿနာရှုတယ်ဆိုတာ ပါဠိစကားလုံးတွေ၊ အဘိဓမ္မာစကားလုံးတွေ၊ စိတ်စေတသိက်သရုပ်တွေ၊ ရုပ်သရုပ်တွေကို အထူးအထွေကျက်မှတ်ပြီး အဲဒီအတိုင်းလိုက်ရှုရမှာ မဟုတ်ပါဘူး။ အဲဒီလို ကျက်မှတ်ပြီး ရှုနေရင် သုတမယဉာဏ်(တစ်ဆင့်ကြားအသိ)၊ စိန္တာမယဉာဏ်(ကြံတွေးအသိ)ပဲ ဖြစ်နိုင်ပါတယ်။ ဘာဝနာမယဉာဏ် (ကိုယ်တွေ့အသိ၊ မျက်မှောက်အသိ) မဖြစ်နိုင်ပါဘူး။

http://www.dhammadownload.com

လောလောဆယ်ဖြစ်နေတဲ့ ကိုယ်အမူအရာ(ရုပ်)၊ စိတ်အမူအရာ(နာမ်)ကို ဖြစ်နေတဲ့အတိုင်းလေး ရိုးရိုးရှင်းရှင်း ရှုမှတ်ရပါမယ်။

ဥပမာ – ကိုယ်အမူအရာ(ရုပ်)အနေနဲ့ သွားရင် 'သွားတယ်'၊ ရပ်ရင် 'ရပ်တယ်'၊ ထိုင်ရင် 'ထိုင်တယ်'၊ လျောင်းရင် 'လျောင်းတယ်'၊ ကွေးရင် 'ကွေးတယ်'၊ ဆန့်ရင် 'ဆန့်တယ်' လို့ ရှုမှတ်ရပါမယ်။ "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ" စသည်အားဖြင့် မြတ်စွာဘုရား တိုက်ရိုက် ဟောကြားထားတဲ့ ရှုမှတ်နည်းပါပဲ။

စိတ်အမူအရာ(နာမ်)အနေနဲ့ လိုချင်ရင် 'လိုချင်တယ်'၊ တပ်မက်ရင် 'တပ်မက်တယ်'၊ စိတ်ဆိုးရင် 'စိတ်ဆိုးတယ်'၊ တွေးရင် 'တွေးတယ်'၊ ပျင်းရင် 'ပျင်းတယ်' လို့ ရှုမှတ်ရပါမယ်။ "သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ" စသည်အားဖြင့် မြတ်စွာဘုရား တိုက်ရိုက် ဟောကြားထားတဲ့ ရှုမှတ်နည်းပါပဲ။ နေ့စဉ်သုံးစွဲနေကျ၊ အမြဲခေါ်ဝေါ်နေကျ စကားလုံးအတိုင်း ရှုမှတ်ရပါမယ်။

ဆောင်ပုဒ်ထဲမှာပါတဲ့ "အလုပ်" ဆိုတာ အလုပ်မရွေး ရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားဟာ အလုပ်မရွေး ရှုမှတ်လို့ရတဲ့ တရားပါ။ ဘယ်အလုပ်လုပ်နေရလို့ ဝိပဿနာမရှုနိုင်ဘူးဆိုတာ မရှိစေရပါဘူး။

ချက်ပြုတ်တဲ့ စားသောက်တဲ့အလုပ်၊ ဖွပ်လျှော်တဲ့ ဝတ်ဆင်တဲ့အလုပ်၊ ပြောဆိုတဲ့ နားထောင်တဲ့အလုပ်၊ ဈေးရောင်းတဲ့ ကားမောင်းတဲ့အလုပ်၊ ကိုင်တွယ်တဲ့ ထုနှက်တဲ့အလုပ်၊ ဘာအလုပ်ပဲလုပ်လုပ် သတိထည့်ပြီးလုပ်ရင် ဝိပဿနာဖြစ်ပါတယ်။

http://www.dhammadownload.com

သတိထည့်ပုံကလည်း မခက်ပါဘူး။ "ဖြစ်တိုင်းဟန်" ဆိုတဲ့ အတိုင်း ကိုယ်လုပ်နေတဲ့အလုပ်ကို လုပ်နေတဲ့အတိုင်းလေးမှတ်လိုက်၊ သိလိုက်ဖို့ပါပဲ။ ဥပမာ – ထမင်းလုတ်ဝါးရင် 'ဝါးတယ်'၊ ရေသောက်ရင် 'သောက်တယ်'၊ လုံချည်ပြင်ဝတ်ရင် 'ဝတ်တယ်' စသည်အားဖြင့်ပေါ့။

"နေရာ" ဆိုတာက နေရာမရွေး ရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားဟာ နေရာမရွေး ရှုမှတ်လို့ရတဲ့ တရားပါ။ ဘယ်နေရာရောက်နေလို့ ဝိပဿနာမရှုနိုင်ဘူးဆိုတာ မရှိစေရပါဘူး။

ဘတ်စ်ကားပေါ်မှာ၊ လမ်းဘေးပလက်ဖောင်းပေါ်မှာ၊ ရုံးခန်းထဲမှာ၊ ဈေးထဲမှာ၊ ညှော်ခံပွဲ ပရိသတ်ထဲမှာ ဘယ်နေရာမှာပဲဖြစ်ဖြစ် သတိထည့်ပြီးနေရင် ဝိပဿနာဖြစ်ပါတယ်။

ဝိပဿနာတရားဆိုတာ ဘုရားခန်းလို တင့်တယ်တဲ့ နေရာမျိုးမှာမှ ရှုမှတ်လို့ရတာ မဟုတ်ပါဘူး။ အိမ်သာလို မတင့်တယ်တဲ့ ညစ်ပတ်နံစော်တဲ့နေရာမျိုးမှာလည်း ရှုမှတ်လို့ရပါတယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင် "ဉစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ = ကျင်ကြီးကျင်ငယ်စွန့်ရင်းလည်း သတိ၊ ပညာနဲ့စွန့်ပါ" လို့ တိုက်ရိုက်ဟောတော်မူပြီးသားပါ။

အိမ်သာတက်တတ်ရင် အိမ်သာတက်ရင်း ကုသိုလ်ရပါတယ်။ စွန့်ချင်ရင် 'စွန့်ချင်တယ်'၊ စွန့်ရင် 'စွန့်တယ်'၊ နံရင် 'နံတယ်'၊ ဗိုက်နာရင် 'နာတယ်'လို့ မှတ်သိနေရုံပါပဲ။

လွယ်သလောက် ခရီးရောက်တာ သတိပဋ္ဌာန်ပါ။ ယူတတ်ရင် ကုသိုလ်က နေရာတိုင်းမှာ ရနိုင်ပါတယ်။ အိမ်သာတက်ရင်းနဲ့တောင်

http://www.dhammadownload.com

ဝိပဿနာကသိုလ်ယူနိုင်တယ် ဆိုမှတော့ တခြားနေရာဆို မပြောနဲ့တော့။

"ဣရိယာ" ဆိုတာ ဣရိယာပုတ်မရွေး ရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားဟာ ဣရိယာပုတ်မရွေး ရှုမှတ်လို့ရတဲ့ တရားပါ။ ဘယ်ဣရိယာပုတ်ဖြစ်နေလို့ ဝိပဿနာမရှုနိုင်ဘူးဆိုတာ မရှိစေရပါဘူး။

သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းလို့ ဣရိယာပုတ်လေးပါးရှိတယ်ဆိုတော့ သွားရင်'သွားတယ်'၊ ရပ်ရင်'ရပ်တယ်'၊ ထိုင်ရင်'ထိုင်တယ်'၊ လျောင်းရင်'လျောင်းတယ်' လို့ ရှုမှတ်နေရုံပါပဲ။ လွယ်လိုက်တာမပြောပါနဲ့တော့။ ခွဲ့ပေးတဲ့ထမင်းလုတ် ဝါးရတာလောက်တောင် မခက်ပါဘူး။

"ချိန်ခါမရွေးရှု" ဆိုတာကတော့ ရှင်းပါတယ်။ အချိန်မရွေးရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားဟာ အချိန်မရွေး ရှုမှတ်လို့ရတဲ့တရားပါ။ ဘယ်အချိန်ဖြစ်နေလို့ ဝိပဿနာမရှုနိုင်ဘူးဆိုတာ မရှိစေရပါဘူး။ မနက်အိပ်ရာနိုးတဲ့အချိန်ကစပြီး ညအိပ်ရာဝင် အိပ်ပျော်သွားတဲ့အချိန်အထိ အချိန်တိုင်းမှာ သတိကပ်ထားရင် ဝိပဿနာ ဖြစ်ပါတယ်။

အိပ်ရာနိုးတဲ့အချိန်မှာ 'နိုးတယ်' လို့ရှုမှတ်ပြီး တစ်နေ့တာအချိန်ကို စတင်လိုက်ပါ။ အဲဒီနောက် တစ်နေ့တာလုံး မြင်တဲ့အချိန်မှာ 'မြင်တယ်'၊ ကြားတဲ့အချိန်မှာ 'ကြားတယ်'၊ နံတဲ့အချိန်မှာ 'နံတယ်'၊ မွှေးတဲ့အချိန်မှာ 'မွှေးတယ်'၊ စားတဲ့အချိန်မှာ 'စားတယ်'၊ ထိတဲ့အချိန်မှာ 'ထိ

http://www.dhammadownload.com

တယ်'၊ သိတဲ့အချိန်မှာ'သိတယ်'လို့ ရှုမှတ်ပြီး တစ်နေ့တာအချိန်တွေကို ဖြတ်သန်းလွန်မြောက်ပါ။ ညအိပ်ရာဝင်တဲ့အချိန်ကျတော့ 'အိပ်တယ်' လို့ ရှုမှတ်ရင်း တစ်နေ့တာအချိန်ကို အဆုံးသတ်လိုက်ပါ။


အဲဒီလိုအားဖြင့် အာနာပါနဝိပဿနာနဲ့ သမ္ဗဇဉ်ဝိပဿနာကို ရှေ့သတိနဲ့ နောက်သတိ၊ ရှေ့သမာဓိနဲ့ နောက်သမာဓိ၊ ရှေ့ဉာဏ်နဲ့ နောက်ဉာဏ် ဆက်စပ်သွားအောင် အကြားမလပ် ရှုမှတ်နိုင်ပြီဆိုရင် တစ်ချိန်ထက်တစ်ချိန် မိမိရဲ့ ဝိပဿနာဉာဏ် ရင့်ကျက်ထက်မြက်လာ ပါလိမ့်မယ်။

အရင့်ကျက်ဆုံး ဝိပဿနာဉာဏ်၊ အထက်မြက်ဆုံးဝိပဿနာ ဉာဏ်ရဲ့ အခြားမဲ့မှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ ဆက်တိုက်ဖြစ်ပြီးတော့ ဆင်းရဲခပ်သိမ်း လုံးဝချုပ်ငြိမ်းတဲ့ ချမ်းသာစစ်စစ် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ပါလိမ့်မယ်။

နိဗ္ဗာန်ချမ်းသာကို တစ်ကြိမ်တစ်ခါ မျက်မှောက်ပြုခွင့် ရပြီဆို ရင်ပဲ ဗုဒ္ဓခေတ်မြတ် တွေ့ကြုံနပ်နေပါပြီ။ သောတာပန်အရိယာ ဖြစ်သွား တာမို့လို့ အပါယ်တံခါးလည်း လုံးဝ ပိတ်သွားပါပြီ။

ဒါပေမဲ့ မကျေနပ်ပါနဲ့ဦး၊ သောတာပန်ဖြစ်ပြီးရင် သကဒါ ဂါမ်ဖြစ်အောင်၊ သကဒါဂါမ်ဖြစ်ပြီးရင် အနာဂါမ်ဖြစ်အောင်၊ အနာဂါမ် ဖြစ်ပြီးရင် ရဟန္တာဖြစ်အောင် ဝိပဿနာအလုပ်ကို ဆက်လက်အား ထုတ်ပါဦး။ ရဟန္တာအဖြစ်နဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုခွင့်ရမှ သာ ဘဝခန္ဓာအသစ်တွေ ထပ်မဖြစ်တော့ဘဲ ဆင်းရဲခပ်သိမ်း အပြီးတိုင် ချုပ်ငြိမ်းပြီး ဗုဒ္ဓခေတ်မြတ် တွေ့ကြုံနပ်ပါလိမ့်မယ်။

http://www.dhammadownload.com



## အပ္ပမာဒေနသမ္ပာဒေထ

ဒါကြောင့် ဒီနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ အသွင်ဆောင်ရဟန်းအဖြစ်နဲ့ ရဟန်းပြုကြတဲ့ ပုဂ္ဂိုလ်တွေရော၊ အကျင့်ဆောင်ရဟန်းအဖြစ်နဲ့ ကိလေသာဖောက်ခွဲရေးအလုပ်တွေကို လုပ်နေကြတဲ့ သူတော်ကောင်းပုဂ္ဂိုလ်တွေရော၊ မြတ်စွာဘုရားရဲ့ သာသနာတော်နဲ့ တွေ့ရကျိုးနပ်ကြပါစေ။

တွေ့ရကျိုးနပ်ကြအောင် အားထုတ်ကြတဲ့အတိုင်းလည်း ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ အဆင့်ဆင့်တက်ပြီးတော့ နိဗ္ဗာန်ချမ်းသာကို ဒီဘဝ၊ ဒီခန္ဓာ နောက်ဆုံးအဖြစ်နဲ့ မျက်မှောက်ပြုနိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ဦးဇင်းတို့ရဲ့ တရားကို နိဂုံးချုပ်ပါတော့မယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။

http://www.dhammadownload.com

အရေးအကြီးဆုံးစကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန – မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်ကန်သော သတိတရားဖြင့်၊

သမ္ပာဒေထ – သီလ၊ သမာဓိ၊ ပညာဟုဆိုအပ်သော သိက္ခာသုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု .. သာဓု .. သာဓု ပါဘုရား။

၂၀၀၀ ပြည့်နှစ်၊ မေလ၊ (၁၁)ရက်၊ ရန်ကုန်မြို့ တာမွေမြို့နယ်
မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးအတွင်း
ဦးထွန်းလှမော်၊ ဒေါ်စန္ဒာမြစိန် မိသားစုတို့၏ ရဟန်းခံရှင်ပြုအလှူ၌
ဟောကြားအပ်သော တရားတော်ကို ပြုပြင်ဖြည့်စွက်ရေးသားထားပါသည်။

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

http://www.dhammadownload.com


# တရားသိမ်းမေတ္တာပို့

အရပ်ဆယ်မျက်နှာ၌ရှိကြသော


နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။



http://www.dhammadownload.com



# အရှင်ဆန္ဒာဓိကအတ္ထုပ္ပတ္တိ

၂၃-၂-၉၇ နေ့က ကျွန်တော် ရန်ကုန်မြို့၊ ရှစ်မိုင်၊ သဒ္ဓမ္မရံသီရိပ်သာသို့ရောက်ရှိခဲ့ပါသည်။ ကျွန်တော် သိကျွမ်းခင်မင်ကြည်ညိုခဲ့ရသော ပထမကျော် အရှင်ဆန္ဒာဓိကအား ဖူးမြော်ရန် သွားရောက်ခဲ့ခြင်းဖြစ်ပါသည်။ ဖူးမြော်ခွင့်ရရှိသာမက အရှင်နှင့်ကျွန်တော် တရားဓမ္မများကို သုံးနာရီကျော်ခန့်ပင် ဆွေးနွေးခဲ့ရပါသည်။ အရှင်၏ထူးခြားသော ကိုယ်ရေးရာဇဝင်နှင့် မြင့်မြတ်သော အတွေးအခေါ်တို့ကို တိကျသေချာစွာ ကြားနာမှတ်သားခဲ့ရပါသည်။

ထိုအကြောင်းအရာများကို စာရှုသူများ ဖတ်မှတ်သိရှိကြည်ညိုခွင့်ရရန် ကျွန်တော် ရေးသားတင်ပြလိုပါသည်။

ပထမကျော် အရှင်ဆန္ဒာဓိကသည် မြန်မာနိုင်ငံ သာသနာ့သမိုင်း၌ ထူးခြားသော သာသနာ့အာဇာနည်တစ်ပါးဖြစ်ပါသည်။

http://www.dhammadownload.com

၁၉၆၈–ခုနှစ်၊ ဇန်နဝါရီလ၊ (၉)ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့၊ သူဌေးကုန်းရပ်ကွက်၌ မွေးဖွားခဲ့ပါသည်။ မိဘနှစ်ပါးမှာ ဦးစိန်ဝင်း (အင်းစိန် G.T.I နည်းပြ၊ အငြိမ်းစား)နှင့် ဒေါ်သိန်းသိန်း (အထက်တန်းပြ၊ အငြိမ်းစား)ဖြစ်ပါသည်။ ယခုအခါ ရန်ကုန်မြို့၊ စမ်းချောင်း၊ မင်္ဂလာလမ်း၌ နေထိုင်လျက်ရှိပါသည်။

လူအမည်မှာ မောင်ဇော်သိန်းဖြစ်၍ မွေးချင်းညီအစ်ကိုလေးယောက်တွင် ဒုတိယမြောက်သားရတနာဖြစ်ပါသည်။

အရှင်ဆန္ဒာဓိကသည် လောကီအတန်းကျောင်းသားဘဝတွင် သူငယ်တန်းမှ ဒသမတန်းထိ ပထမဆုများဖြင့် အောင်မြင်ခဲ့သည်။

၁၉၈၄–ခုနှစ်၊ အခြေခံပညာအထက်တန်း(ဒသမတန်း) စာမေးပွဲတွင် ရေနံချောင်းမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ (၆)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့၍ ဘာသာစုံအမှတ်ပေါင်း(၅၁၀)မှတ်ဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဒုတိယဆုရရှိခဲ့ပါသည်။ ထိုကဲ့သို့ အောင်မြင်မှုများ၌ ထူးခြားချက်တစ်ခုမှာ ကျူရှင်လုံးဝမယူခဲ့ခြင်းပင် ဖြစ်သည်။

ထို့အပြင် အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းတို့တွင် လူရည်ချွန်ဆုများ ဆက်တိုက်ရရှိခဲ့သဖြင့် သုံးထပ်ကွမ်းလူရည်ချွန်တစ်ဦးလည်း ဖြစ်ခဲ့သည်။

အရှင်ဆန္ဒာဓိက၏ ကျန်ညီအစ်ကိုများမှာလည်း ထူးချွန်ကြပါသည်။ နောင်တော်ဖြစ်သူမှာ လေးထပ်ကွမ်းလူရည်ချွန် ကိုဌေးဝင်း B.E (Mechanical)ဖြစ်သည်။ ညီနှစ်ယောက်မှာ မောင်ညီဝင်း

http://www.dhammadownload.com

B.E(Electronic) နှင့် နှစ်ထပ်ကွမ်းလူရည်ချွန် ဒေါက်တာ မောင်နိုင်ဝင်း M.B.B.S(Ygn) တို့ ဖြစ်ကြသည်။

ညီအစ်ကိုလေးယောက်တွင် အရှင်ဆန္ဒာဓိကသည် အထူးချွန်ဆုံး၊ အထူးခြားဆုံးဖြစ်သည်။ လောကီကျောင်းသားဘဝအောင်မြင်မှုများကို စွန့်လွှတ်ကာ သာသနာ့ဘောင်သို့ အပြီးတိုင်ဝင်ရောက် ခိုလှုံခဲ့သောကြောင့်ဖြစ်ပါသည်။

အရှင်ဆန္ဒာဓိကသည် ဒသမတန်းစာမေးပွဲ အောင်စာရင်းထွက်ပြီးမကြာမီ (၁၉၈၄)ခုနှစ်၊ ဇွန်လ(၂၄)ရက်၌ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်တွင် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်။ ထိုကျောင်းတိုက်မှာပင် ပရိယတ္တိစာပေများကို သင်ယူလေ့လာခဲ့သည်။

အရှင်ဆန္ဒာဓိကသည် ထူးချွန်သူပီပီ သာသနာ့ဘောင်တွင်လည်း ပရိယတ္တိစာမေးပွဲများကို ထိပ်တန်းကပင် အောင်မြင်ခဲ့ပါသည်။

(၁၉၈၆)ခုနှစ်၊ အခြေပြုမူလတန်းတွင် မြန်မာတစ်နိုင်ငံလုံးပထမဆု၊ (၁၉၈၉)ခုနှစ်၊ ပထမငယ်တန်းတွင် မြန်မာတစ်နိုင်ငံလုံးပထမဆု၊ (၁၉၉၂)ခုနှစ်၊ ပထမကြီးတန်းတွင် မြန်မာတစ်နိုင်ငံလုံးပထမဆု(ပထမကျော်)ဘွဲ့၊ (၁၉၉၅)ခုနှစ်တွင် သာသနာ့ဇောတိကဓမ္မာစရိယဘွဲ့များကို ရရှိခဲ့ပါသည်။

အရှင်ဆန္ဒာဓိကသည် ပရိယတ္တိသင်ယူစဉ်ကာလ အတွင်း၌လည်း ပဋိပတ္တိကို အချိန်ရသလောက်ယူကာ အားထုတ်ခဲ့ပါသည်။

အရှင်သည် မော်လမြိုင်၊ ဖားအောက်တောရတွင် တစ်ဝါတရားအားထုတ်ခဲ့ပါသည်။တောင်စွန်း၊စည်တော်ကုန်း တောင်ပေါ်တွင်

http://www.dhammadownload.com

လည်း တစ်ပါးတည်း ကေစာရီ တောရဆောက်တည်၍ တစ်ဝါ တရား အားထုတ်ခဲ့ပါသည်။ ယခုနှစ်တွင်မူ ရန်ကုန်မြို့၊ ရှစ်မိုင်၊ သဒ္ဓမ္မရံသီ ရိပ်သာတွင် သတိပဋ္ဌာန်တရား ပွားများအားထုတ်ကာ ဝိပဿနာစရ တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

ကျွန်တော်သည် အရှင်ဆန္ဒာဓိက၏ အတ္ထုပ္ပတ္တိကို မေးမြန်း လျှောက်ထားပြီးနောက် အရှင်၏ ထူးခြားသော အတွေးအခေါ်တို့ကို လည်း သိလိုသောကြောင့် သိလိုချင်သည်များကို ဆက်လက်လျှောက် ထားကာ မှတ်သားခဲ့ရပါသည်။

"အရှင်ဘုရား၊ လောကီကျောင်းသားဘဝ အောင်မြင်မှုတွေ ကို စွန့်လွှတ်ပြီးတော့ သာသနာ့ဘောင်ကို ဘယ်လိုအတွေးအခေါ်တွေနဲ့ အပြီးတိုင် ဝင်ရောက်ခိုလှုံခဲ့တာလဲဘုရား"

"ဦးဇင်း နဝမတန်းမှာ မင်းကွန်း မိုးမိတ်ကုန်းမြေ၊ တိပိဋက နိကာယ သာသနာပြု ပထမသုံးနှစ်ခရီး စာအုပ်ကို အမှတ်မထင် ဖတ်ခဲ့ ရတယ်။ ဖတ်ပြီးပြီးချင်း ရဟန်းဝတ်နဲ့ ပိဋကတ်တော်တွေကို ကျက်မှတ် ချင်တဲ့စိတ်တွေ တဖွားဖွား ပေါ်လာတယ်။

ရခဲလှတဲ့လူ့ဘဝကို ရတဲ့အခိုက်မှာ ကြုံခဲတဲ့သာသနာတော် ကြီးနဲ့ တွေကြုံနေပါလျက် ရဟန်းဘဝကို မခံယူလိုက်ရဘူး၊ ပိဋကတ် သုံးပုံကို အာဂုံမဆောင်လိုက်ရဘူးဆိုရင် ငါဟာလူဖြစ်ရကျိုး မနပ်ဘူး လို့ ဆင်ခြင်မိတယ်။

ပြီးတော့ ဦးပဥ္ဇင်းရဲ့စိတ်ထားက စာမေးပွဲဖြေရင် အဆင့် အမြင့်ဆုံး ပထမနေရာကိုပဲ ရချင်တယ်။ အဲဒီစာမေးပွဲကိစ္စမှာ ထားရှိတဲ့

http://www.dhammadownload.com

သဘောထားကို ဘဝကိစ္စမှာ အသုံးချလိုက်တယ်။

လူ့ဖြစ်စဉ်မှာ ဘဝအမျိုးမျိုးရှိတဲ့အထဲက အဆင့်အမြင့်ဆုံးဘဝကိုပဲ ကိုယ်ပိုင်ချင်တယ်။ လူ့ဖြစ်စဉ်မှာ ဆရာဝန်ဘဝ၊အင်ဂျင်နီယာဘဝ၊ ကုန်သည်ဘဝ စသည်ဖြင့် ဘဝတွေ အမျိုးမျိုးရှိတဲ့အထဲမှာ ရဟန်းဘဝ ဟာအဆင့်အမြင့်ဆုံး၊ အမြတ်ဆုံးဆိုတာ လှိုက်လှိုက်လှဲလှဲ သိလာတော့ ရဟန်းဘဝကိုပဲ ကိုယ့်ဘဝအဖြစ် တည်ဆောက်ချင်လာတယ်။

လူ့ဖြစ်စဉ်ထဲက ဘဝတွေအားလုံးထဲမှာ ရဟန်းဘဝဟာ အမြင့်ဆုံး၊ အမြတ်ဆုံးဆိုတာ သိနေပါရက်နဲ့ ရဟန်းဘဝကို မခံယူဘူးဆိုရင် ကိုယ့်လောက်ညံ့ဖျင်းတဲ့လူ၊ ကိုယ့်လောက်မိုက်မဲတဲ့လူ လောကမှာ မရှိတော့ဘူးလို့ ယူဆတယ်။

ရဟန်းဘဝမှ တစ်ပါးသော ဘဝတွေနဲ့ ကိုယ့်ဘဝဖြစ်တည်ရမှာကို ရှက်လာတယ်။ ဒါ့ကြောင့် ဆရာဝန်ဘွဲ့ရပြီးရင် ရဟန်းပြုပြီး တိပိဋကဓရဘွဲ့ ရအောင်ကြိုးစားမယ် လို့ ဆုံးဖြတ်ခဲ့တယ်။

နောက်တော့ အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ ဓမ္မစကြာတရားတော်စာအုပ်ကို ဖတ်ရှုရတယ်။ အဲဒီစာအုပ် ဖတ်ပြီးတဲ့ အခါမှာတော့ ဆရာဝန်ဖြစ်ပြီးမှ ရဟန်းဝတ်မယ်ဆိုတဲ့ဆုံးဖြတ်ချက် လုံးဝ ပျက်သွားတယ်။ မိဘက အခုခွင့်ပြုရင် အခုချက်ချင်းပဲ သင်္ကန်း ဝတ်တော့မယ်။ အဲဒီလောက်ထိ ဆန္ဒပြင်းပြလာတယ်။

တိပိဋကဓရဖြစ်ချင်တဲ့ စိတ်လည်းမရှိတော့ဘူး။ ဒီဘဝ၊ ဒီခန္ဓာ နောက်ဆုံးဖြစ်စေရမယ်။ နောက်ဘဝအသစ်ထပ်မဖြစ်စေရဘူး။ ရဟန်း ဖြစ်တာနဲ့ တောထွက်ပြီး ကမ္မဋ္ဌာန်းတရားပဲ စောက်ချ အားထုတ်တော့

http://www.dhammadownload.com

မယ်။ အဲဒီလို အခိုင်အမာဆုံးဖြတ်ခဲ့တယ်။

ဦးဇင်းကို ရဟန်းဘဝ အမြန်ဆုံးရောက်အောင်ပို့ပေးလိုက်တဲ့ တွန်းအားကတော့ အဲဒီ ဓမ္မစကြာတရားတော်ထဲက မာဂဏ္ဍိယသုတ္တန် ပါပဲ။ အဲဒီသုတ္တန်မှာ ကိလေသာတွေဟာ နူနာရောဂါနဲ့တူတယ်။ ကာမ ဂုဏ်အာရုံတွေဟာ မီးပုံကြီးနဲ့တူတယ်။ ပုထုဇဉ်တွေကတော့ နူနာရောဂါ သည်နဲ့တူတယ်။ ကာမဂုဏ်ခံစားနေတာဟာ နူနာရောဂါထလာလို့ ယားလွန်းတဲ့အတွက် မီးကင်ပြီး အယားဖျောက်တာနဲ့တူတယ်လို့ ဟော ထားတယ်။

အဲဒီတရားက စိတ်ထဲမှာစွဲပြီး ဘာလုပ်လုပ် အမြဲတမ်း ဆင်ခြင် မိရက်သားဖြစ်နေတယ်။ သီချင်းနားထောင်လဲ အော် ငါမီးကင်နေတာ။ ထမင်းစားလဲ အော် ငါ မီးကင်နေတာ။ စာကျက်ရင်လဲ အော် ငါမီး ကင်နေတာ။ ကိုယ်ဘာပဲလုပ်လုပ် 'မီးကင်နေတာ၊ အယားဖျောက်နေ တာ'လို့ ဆင်ခြင်မိသလို သူတစ်ပါးတွေ ပျော်နေ၊ ပါးနေ၊ လုပ်နေ၊ ကိုင်နေတာတွေကိုတွေ့တိုင်းလဲ မီးကင်နေတာ၊ အယားဖျောက်နေတာ လို့ပဲ ဆင်ခြင်နေမိတယ်။

ကြာလာတော့ မီးကင်နေရ၊ အယားဖျောက်နေရတဲ့ နူနာသည် ဘဝကို ရှက်လာတယ်။ ဒီဘဝက လွတ်မြောက်ချင်လာတယ်။ လူဝတ် ကြောင်ဘဝမှာ ဘယ်လိုမှကို ပျော်လို့မရတော့အောင် ငြီးငွေ့နေမိတယ်။

မိဘကို ခွင့်တောင်းတော့ မိဘစိတ်ချမ်းသာအောင် ဆယ်တန်း လေးတော့ဖြေပါဦးလို့ ငိုယိုဖျောင်းဖျ နားချတာနဲ့ လောကီ အတန်းစာ တွေကို ကျက်ချင်စိတ်လုံးဝမရှိဘဲ ကြိတ်မှိတ်ကျက်ခဲ့ရတယ်။

http://www.dhammadownload.com

ဆယ်တန်းအောင်စာရင်းထွက်တော့မှပဲ ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြုလို့ အမရပူရ၊ မဟာဂန္ဓာရုံကျောင်းတိုက်မှာ သာသနာ့ဘောင် ဝင်ရောက်ခဲ့ပါတယ်။

ဦးဇင်းသက်န်းဝတ်ရခြင်းရဲ့အကြောင်းကို အတိုချုပ်ပြောရ ရင်တော့....

(၁) လောကမှာ ကာမဂုဏ်ချမ်းသာနဲ့ တရားဓမ္မချမ်းသာလို့ ချမ်းသာနှစ်မျိုးရှိတဲ့အထဲက တရားဓမ္မချမ်းသာနဲ့ပဲပျော် မွေ့ချင်လို့။

(၂) လူ့ဘဝထက် ရဟန်းဘဝက အများအကျိုးကို ကျယ် ကျယ်ပြန့်ပြန့် ဖြူဖြူစင်စင် ဆောင်ရွက်နိုင်လို့။

(၃) မိဘကျေးဇူးကို အမြတ်ဆုံးနည်းနဲ့ဆပ်ချင်လို့။ ဒါပါပဲ"

"အရှင်ဘုရား၊ ရဟန်းပြုပြီးတော့ ပရိယတ္တိစာပေတွေကို လေ့လာသင်ယူတဲ့အခါမှာရော ဘယ်လိုတွေကြုံခဲ့စားရပါသလဲဘုရား"

"ဘုရားဟောပါဠိတော်တွေ သင်ရတာ စိတ်ထဲမှာ အရမ်း ကြည်နူးတယ်။ အရမ်းပီတိဖြစ်မိတယ်။ဘယ်စာဖတ်ရတာနဲ့မှ မတူတဲ့ ငြိမ်းအေးချမ်းသာခြင်းမျိုးကို ရရှိတဲ့အတွက် လူဖြစ်ရကျိုးနပ်ပြီလို့လဲ ယုံကြည်မိတယ်။

စာတတ်ရုံလေ့လာသင်ယူပြီးရင် တောထွက် တရားအားထုတ် ဖို့ပဲ စိတ်က အားသန်နေတော့ စာမေးပွဲဖြေချင်စိတ် လုံးဝမရှိဘူး။ ဒါပေ မယ့် မော်လမြိုင် ကျော်လေးကျော် တောင်လေးလုံးဆရာတော်ဘုရား ကြီးက မျက်ရည်တွေကျပြီး ဓမ္မာစရိယဘွဲ့တော့အနည်းဆုံးရအောင်

http://www.dhammadownload.com

ဖြေပါလို့ တိုက်တွန်းလို့ စာမေးပွဲတွေ ဖြေဖြစ်သွားတာပါ။

စာမေးပွဲအတွက် စာလုပ်တော့လဲ စာမေးပွဲဖြေဖို့၊ စာမေးပွဲအောင်ချင်လို့ စာကျက်တဲ့သဘောမျိုး စိတ်ထဲကမထားဘဲ မြတ်စွာဘုရားရှင်ကိုပူဇော်တဲ့သဘောမျိုး၊ တရားနာယူလိုကြတဲ့ နတ်တွေကို တရားဟောတဲ့သဘောမျိုး စိတ်ထဲထားပြီး စာကျက်ပါတယ်"

"အရှင်ဘုရား၊ အခု အင်္ဂလိပ်စာရော လေ့လာနေပါသလားဘုရား"

"ဘုရားဟောပိဋကတ် ပါဠိစာပေတွေ လေ့လာလို့မကုန်နိုင်သေးတဲ့အတွက်၊ လေ့လာလို့အားမရနိုင်သေးတဲ့အတွက်၊ အင်္ဂလိပ်စာလေ့လာဖို့ အချိန်မပေးနိုင်သေးပါဘူး။

ပါဠိစာလုပ်နေရတာနဲ့ အင်္ဂလိပ်စာလုပ်နေရတာ အရသာချင်းလည်း တခြားစီပါပဲ။ ပါဠိစာပေကြည့်နေတဲ့ အချိန်ထဲက အင်္ဂလိပ်စာအတွက် အချိန်ပေးရမှာကို အရမ်း နှမြောနေမိတယ်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး မိန့်သလို ရွှေလက်ကောက်ဝတ်နေရမှတော့ ကြေးလက်ကောက်မဝတ်ချင်တော့ဘူးလေ။ ဘုရားဟောပိဋကတ်စာပေတွေက ရိုးရိုးရွှေလက်ကောက်တောင်မဟုတ်ပါဘူး။ စိန်အပြည့်စီထားတဲ့ရွှေလက်ကောက်ပါ။"

"ဒါဆိုရင် နိုင်ငံခြားမှာ သာသနာပြုဖို့အတွက်ကရော ဘုရား"

"လောလောဆယ်မှာတော့ ဗဟိဒ္ဓသာသနာပြုဖို့ထက် အဇ္ဈတ္တသာသနာပြုဖို့က ပိုအရေးကြီးနေပါတယ်။ ကိုယ့်အတွင်းသန္တာန်မှာ သာသနာမပြည့်စုံသေးဘဲနဲ့ သူတစ်ပါးကို သာသနာပြုရမှာ သဘာ

http://www.dhammadownload.com

ဝမကျဘူးလေ။ ဒါပေမယ့်လည်း အခြေအနေအားလျော်စွာ အဓိပ္ပာယ်သာ သနာပြုရင်းနဲ့ပဲ ဗဟိဒ္ဓသာသနာကိုလဲ တတ်စွမ်းသမျှ ပြုနေရတာပါပဲ။

အင်္ဂလိပ်စကားလုံးတွေရွတ်ဆိုပြီး သာသနာပြုရတာထက် ပါဠိစကားလုံးတွေ၊ မြန်မာစကားလုံးတွေရွတ်ဆိုပြီး သာသနာပြုရတာ ကို ပိုပြီးစိတ်ဝင်စားပါတယ်။ ပိုပြီးလဲ ပီတိဖြစ်ရပါတယ်။"

"အရှင်ဘုရားရဲ့ ဘဝအမြင်လေးလဲ သိပါရစေဘုရား"

"ဘဝဆိုတာ အလုပ်လုပ်ခြင်း၊ ဘဝဆိုတာ သေဆုံးခြင်းလို့ပဲ ဘဝကို အဓိပ္ပါယ်ဖွင့်ဆိုချင်ပါတယ်။ လုပ်ချင်တဲ့အလုပ်ကိုပဲဖြစ်ဖြစ်၊ မလုပ်ချင်တဲ့အလုပ်ကိုပဲဖြစ်ဖြစ်၊ လုပ်နေရတာဟာ ဘဝပါပဲ။

အလုပ်ဆိုတဲ့စကားထဲမှာ အကျိုးခံစားတဲ့အလုပ်ရော၊ အကြောင်းဖန်တီးတဲ့အလုပ်ရော ပါဝင်ပါတယ်။

ဒါပေမယ့် တကယ်တန်းကျတော့ ဘဝဆိုတာအကျိုးခံစား တဲ့အလုပ် လုပ်နေရတဲ့အချိန်ထက် အကြောင်းဖန်တီးတဲ့အလုပ်ကို ဆင်းရဲပင်ပန်းစွာလုပ်ရင်း ပေးဆပ်နေရတဲ့အချိန်က ပိုများပါတယ်။

ပြီးတော့ သေဆုံးခြင်းဟာ ဘဝပါပဲ။ လူ့ဘဝရဲ့နောက်ဆုံး ပန်းတိုင်ဟာ သေဆုံးခြင်းလို့ ပြောကြပေမယ့် တကယ်တော့ အသက် ရှင်နေတဲ့အချိန်တိုင်း၊ အချိန်တိုင်းမှာလဲ ဘဝဟာ သေဆုံးနေပါတယ်။ ဘဝတစ်ခု သေဆုံးပြီးမှ ဘဝတစ်ခု ဖြစ်နေကြရတာပါ။

ဥပမာ၊ ကျောင်းသားဘဝ သေဆုံးပြီးမှ ဆရာဝန်ဘဝ၊ ဆရာ ဝန်ဘဝ သေဆုံးပြီးမှတရားသမားဘဝ စသည်ဖြင့်ပေါ့လေ၊ ကျောင်း သားဘဝမှာလဲ မူလတန်းကျောင်းသားဘဝ သေဆုံးပြီးမှ အလယ်တန်း

http://www.dhammadownload.com

ကျောင်းသားဘဝ၊အလယ်တန်းကျောင်းသားဘဝ သေဆုံးပြီးမှ အထက်တန်းကျောင်းသားဘဝ စသည်ဖြင့် အဆင့်ဆင့် သေဆုံးခဲ့ရတာပါပဲ။

ဒါအကြမ်းအားဖြင့်ပြောတာပါ။ ဒီလောက်ဖြေရင် ဒီထက်အသေးစိတ်ပြီး ဆင်ခြင်ကြည့်နိုင်ပါတယ်။

မနေ့ကဘဝ သေဆုံးပြီးမှ ဒီနေ့ဘဝ၊ ပြီးခဲ့တဲ့ နာရီ၊ မိနစ်၊ စက္ကန့်ဘဝ သေဆုံးပြီးမှ အခုနာရီ၊ မိနစ်၊ စက္ကန့်ဘဝ ဖြစ်ရတာပါ။

လူတစ်ယောက်ဟာ အချိန်မရွေးသေဆုံးသွားနိုင်တဲ့အတွက်၊ အသက်ရှင်သန်မှုဟာ သေခြင်းတရားနဲ့ အမြဲဆက်ဆံနေတဲ့အတွက် ဘဝသည်ပင်လျှင် သေဆုံးခြင်းပါပဲ။

ဘဝဆိုတာအလုပ်လုပ်ခြင်းနဲ့ ဘဝဆိုတာသေဆုံးခြင်းဆိုတဲ့ စကားနှစ်ရပ်ကို ဆက်စပ်ကြည့်လိုက်ရင် သေခြင်းတရားက လွတ်မြောက်နိုင်တဲ့အလုပ်ကို လုပ်နေတာဟာ အဓိပ္ပါယ်ရှိတဲ့ဘဝကို တည်ဆောက်နေတာပါ။"

"လူငယ်တွေရဲ့ကြီးပွားတိုးတက်မှုအတွက် အရှင်ဘုရားရဲ့ ဘာသာရေးလမ်းညွှန်ချက်ကို ခံယူပါရစေဘုရား။"

"လူငယ်တွေရော၊ လူကြီးတွေပါ ရေလိုက်လွဲနေကြတဲ့ အချက်က ဘဝရည်မှန်းချက်အောင်မြင်ရေးအတွက် ဗေဒင်၊ ယတြာ၊ ဓာတ်ရိုက်၊ ဓာတ်ဆင်တွေ၊ ဂါထာမန္တန်၊ အဆောင်လက်ဖွဲ့တွေကို စွဲလမ်းစွာ လိုက်စားမှုမှားနေခြင်းပါပဲ။

ကိုယ့်ဘဝရဲ့တိုးတက်မှု၊ ဆုတ်ယုတ်မှုဟာ ကိုယ့်ရဲ့အတိတ်ပစ္စုပ္ပန်၊ ကံ၊ ဉာဏ်၊ ဝီရိယကြောင့်ဆိုတာကို သဘောမပေါက်နိုင်ဘဲ

http://www.dhammadownload.com

ဗေဒင်၊ ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်ကသာ ကိုယ့်ဘဝကို အဆုံးအဖြတ်ပေးနိုင်တယ်လို့ ယုံကြည်နေတာဟာ အယူလွဲမှားစွာ ရှုးသွပ်နေခြင်းကလွဲလို့ တခြားဘာမှ မဖြစ်နိုင်ပါဘူး။

မြတ်စွာဘုရားအလောင်းတော်ကိုတောင် ပုဏ္ဏားတွေ ဗေဒင်ဟောခဲ့သေးတာပဲလို့ပြောလာခဲ့ရင် ဟောခဲ့တာတော့ဟုတ်ပါတယ်။ ဒါပေမယ့် အဲ့ဒီဗေဒင်ဆရာတွေက ဘာဖြစ်မယ်၊ ဘာမဖြစ်ဘူးဆိုတာကိုသာ ကြိုတင်ဟောကိန်းထုတ်နိုင်ခဲ့တာပါ။ ဖြစ်မယ့်ဟာကို မဖြစ်အောင်၊ မဖြစ်မယ့်ဟာကို ဖြစ်အောင် သူတို့ပညာနဲ့ ဘာမှ စွမ်းဆောင်ဖန်တီးမပေးနိုင်ခဲ့ပါဘူး။

အသိဉာဏ်နည်းသူတွေရဲ့လုပ်ရပ်ဖြစ်တဲ့ ဗေဒင်၊ ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်၊ အဆောင်လက်ဖွဲ့တွေကို လုံးဝ စိတ်မဝင်စားဘဲ ရတနာသုံးပါးနဲ့ ကိုယ့်ရဲ့ဒါန၊ သီလ၊ သမာဓိ၊ ပညာ၊ အတွင်းစွမ်းအားတွေကိုပဲ ယုံကြည်အားကိုးစေချင်ပါတယ်။

အဆောင်ဓာတ်ထက် အအောင်ဓာတ်က ပိုပြီးစိတ်ချရ၊ ပိုပြီးအားကိုးရပါတယ်။ အအောင်ဓာတ်ဆိုတာ ဒါန၊ သီလ၊ သမာဓိ၊ ပညာပါရမီကုသိုလ်အလုပ်တွေကို အောင်မြင်ပြည့်စုံအောင်၊ အစမ်းသပ်ခံနိုင်တဲ့အဆင့်အထိပြီးစီးအောင် လုပ်ယူ စုဆောင်းထားတာကို ပြောတာပါ။

ဂါထာမန္တာန်နဲ့ပတ်သက်လို့ကတော့ ဘုရားဟောပရိတ်တော်ဂါထာတော်တွေကို ယုံယုံကြည်ကြည်နဲ့ ရွတ်ဆိုတာဟာ အပြစ်မရှိပေမယ့် အရွတ်ဘက်မှာချည်းပဲ အားသန်လွန်းသွားရင်တော့မကောင်းပါဘူး။ အရွတ်ဟာအသားလောက်အရသာမရှိ၊ အနှစ်မပြည့်တဲ့အတွက်

http://www.dhammadownload.com

အရွတ်မှာပဲ လမ်းဆုံးနေတာမျိုးကိုတော့ ရှောင်ရှားစေချင်ပါတယ်။

ဘုရားဟောတရားတော်တွေကို ကြည်ညိုလွန်းလို့ အမြဲမပြတ် ရွတ်ဆိုနေတာ ကောင်းပါတယ်လေလို့ ပြောနိုင်ပေမယ့် ဘုရားဟော မဟုတ်တဲ့ ဦးခံ၊ သြောင်းခံ သာသနာပဂါထာမန္တာန်တွေ၊ ပါဠိပျက်ဂါထာ မန္တာန်တွေကိုတော့ လုံးဝမရွတ်ဆိုသင့်ပါဘူး။ ဘုရားဟောဂါထာတွေ ရွတ်တာနဲ့ ဦးသြောင်းဂါထာတွေရွတ်တာ အကျိုးပေးချင်းလဲ လုံးဝကွာ ခြားလွန်းလှပါတယ်။

ရွတ်လို့မကုန်နိုင်တဲ့ ဘုရားဟောပါဠိတော်၊ ဂါထာတော်တွေ အများကြီးရှိပါလျက်နဲ့ အမေကျော်ဒွေးတော်လွမ်းပြီး၊ ဂါထာမန္တာန် အသစ်အဆန်းတွေနောက် တကောက်ကောက်လိုက်နေတာကို ရပ်တန့် သင့်ပြီလို့ထင်ပါတယ်။ ရွတ်တာ၊ ဖတ်တာ ဝါသနာပါတယ်ဆိုရင် ဘုရားဟောစစ်စစ် သုတ်တော်၊ ဂါထာတော်တွေကိုပဲ ရွတ်ပါ။

ဘာဂန္ဓာရီ၊ ညာဂန္ဓာရီ၊ ဘာဝိဇ္ဇာ၊ ညာဝိဇ္ဇာဆိုပြီး မဆုံးနိုင်တဲ့ ဂါထာမန္တာန်တွေ၊ မဆုံးနိုင်တဲ့ အဓိဋ္ဌာန်ကျင့်စဉ်တွေနောက် လိုက်မနေ ဘဲ ဘာသာရေးကြောင့် လောကီရေးမှာ ကြီးပွားတိုးတက်ချင်တယ်ဆို ရင် မေတ္တာများများပွားပါ။ သစ္စာများများဆိုပါလို့ပဲ တိုက်တွန်းချင်ပါ တယ်။

တရားထိုင်သလို ထိုင်ရင်းနဲ့ပဲဖြစ်ဖြစ်၊ သွားရင်း၊ လာရင်း၊ လုပ်ရင်း၊ ကိုင်ရင်းနဲ့ပဲဖြစ်ဖြစ် စိတ်ထဲက " သတ္တဝါအားလုံး ချမ်းသာ ကြပါစေ" လို့မေတ္တာဘာဝနာပွားများသလို လက်တွေ့လဲ ကိုယ်နဲ့၊ နှုတ် နဲ့ မေတ္တာထားပါ။ သူတစ်ပါး စိတ်ချမ်းသာမယ့်၊ ကောင်းကျိုးဖြစ်မယ့်

http://www.dhammadownload.com

အပြုအမူ၊ အပြောအဆိုကိုပဲ ပြုမူပြောဆိုပါ။

"ပွားမေတ္တာ"လို့ခေါ်တဲ့ မနောကံမေတ္တာနဲ့ "ထားမေတ္တာ"လို့ခေါ်တဲ့ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာတို့ကိုလက်ကိုင်ထားမယ်ဆိုရင် ဘဝမှာ အစစအရာရာ အဆင်ပြေလာမှာပါ။

ပြီးတော့အရေးကိစ္စကြုံတိုင်း ကိုယ်အားထုတ်ထားခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေ၊ အပြုသဘောဆောင်တဲ့လုပ်ရပ်တွေကို သစ္စာဆိုပြီး ဆုတောင်းပါ။ လိုအင်ဆန္ဒအားလုံး ပြည့်ဝပါလိမ့်မယ်။

ထေရဝါဒနဲ့ဆန့်ကျင်တဲ့ မက်လုံးပေးကျင့်စဉ်တွေကို နားမယောင်ပါနဲ့လို့ ပြောပါရစေ။"

" မြတ်မင်္ဂလာစာဖတ်ပရိသတ်အတွက် စကားလက်ဆောင်လေးတစ်ခု ချီးမြှင့်ပေးစေချင်ပါတယ်ဘုရား"

"အမြဲမပြတ်တရားရှုမှတ်နေဖို့ပဲ တိုက်တွန်းချင်ပါတယ်။ မြက်ခင်းကျယ်ကြီးထဲက မိခင်နွားမကြီးဟာ ကိုယ်စားရမယ့်မြက်ကို အဆက်မပြတ်စားနေရင်းနဲ့ ခပ်လှမ်းလှမ်းမှာ မြက်စားနေတဲ့နွားသားငယ်လေးကိုလဲ မကြာမကြာလှမ်းကြည့်ပြီး စောင့်ရှောက်နေသလို၊ လူတိုင်းလူတိုင်းဟာလဲ မိမိတို့ရဲ့ပြုဖွယ်ကိစ္စတွေကို ပြုလုပ်ဆောင်ရွက်နေရင်းနဲ့ တရားဘာဝနာအလုပ်ကို တွဲပြီးလုပ်သွားဖို့ တိုက်တွန်းချင်ပါတယ်။ အလေ့အကျင့်လဲလုပ်သွားမယ်၊ သတိလဲထားမယ်ဆိုရင် လုပ်လို့ဖြစ်ပါတယ်။

ကွမ်းကြိုက်တဲ့လူဟာ ကွမ်းစားရင်းအလုပ်လုပ်၊ အလုပ်လုပ်ရင်းကွမ်းစား၊ မအားတဲ့ကြားထဲက၊ အလုပ်များတဲ့ကြားထဲက ကွမ်းစား

http://www.dhammadownload.com

ရင်းကွမ်းစား၊ မအားတဲ့ကြားထဲက၊ အလုပ်များတဲ့ကြားထဲက ကွမ်းစား မပျက်သလို၊ တရားကြိုက်တဲ့ သူတော်ကောင်းဟာလဲ အလုပ်လုပ်ရင်း တရားရှု၊ တရားရှုရင်း အလုပ်လုပ်သွားမယ်ဆိုရင် လောလောဆယ်မှာ လည်း စိတ်အေးချမ်းသာမှုနဲ့ ပြည့်စုံနိုင်သလို ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန် ကိုလည်း အမြန်ဆုံး ဆိုက်ရောက်သွားမှာပါ။"

"အရှင်ဘုရား၊ အခုအချိန်မှာ အချိန်ကို ဘယ်လိုအသုံးချနေပါ သလဲဘုရား။"

"ခုချိန်မှာ ဦးပဉ္ဇင်း သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကို ခံယူပြီးတော့ ကိုယ်တိုင်လည်း တရားအားထုတ်နေပါတယ်။ ဆရာတော်ဘုရားကြီးက တာဝန်ပေးရင်ပေးသလို တရားပြလည်း လုပ် နေပါတယ်။ အထူးသဖြင့်တော့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ 'နေ့ပရိယတ်၊ ည ပဋိပတ်' ဆိုတဲ့ လမ်းညွှန်ချက်အတိုင်း နေ့ပိုင်းမှာ ပိဋကတ်စာပေများဖတ်ရှုလေ့လာမှုကို အဓိကထားဆောင်ရွက်ပါတယ်။ ညပိုင်းမှာတော့ ဝိပဿနာတရားကို အဓိကထား အားထုတ်ပါတယ်။

ဝင်လေတစ်ရှူ ထွက်လေတစ်ရှိုက် အတွင်းမှာ အချိန်မရွေး သေသွားနိုင်တာမို့ ဘာအလုပ်ပဲလုပ်လုပ် အမြဲသတိကပ်ပြီး ဝိပဿနာ ဉာဏ်ပါနိုင်အောင် အတတ်နိုင်ဆုံး ကြိုးစားနေပါတယ်။"

ကျွန်တော် သိလိုသောအချက်များကို အရှင်ဆန္ဒာဓိကအား အချိန်အတော်ကြာ မေးမြန်းလျှောက်ထားရာ အရှင်ကလည်း စိတ်ရှည် လက်ရှည်အချိန်ပေး ဖြေဆိုပါသည်။ ကျွန်တော့်အတွက် မိမိ၏ ပဓာန အလုပ်မှ အချိန်ဖဲ့ပေးလိုက်ရသော အရှင့်ကို ထိခြင်းငါးပါးဖြင့် ရိုသေစွာ


http://www.dhammadownload.com

ရှိခိုးကန်တော့ပြီးနောက် သဒ္ဓမ္မရံသီရိပ်သာမှ ကျွန်တော် ပြန်လည် ထွက်ခွာလာခဲ့ပါသည်။

အပြန်လမ်းတလျှောက်လုံး "ပဌမကျော်အရှင်ဆန္ဒာဓိက ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ၊ သက်တော်ရာကျော်ရှည်ပြီး မိမိအကျိုး၊ သူတပါးအကျိုး၊ လောကအကျိုး၊ သာသနာအကျိုးကို စွမ်းစွမ်းတမံ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပါစေ" ဟု ဆုတောင်း မေတ္တာပို့သနေမိပါသည်။ ။

(မှတ်ချက်။ ။ အရှင်ဆန္ဒာဓိကသည် သဒ္ဓမ္မရံသီရိပ်သာ၌ (၂)နှစ် သီတင်းသုံးပြီးနောက် ယခုအခါ မွန်ပြည်နယ်၊ သထုံမြို့၊ ကေလာသတောင်ပေါ်ရှိ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း တောရဆောက်တည်လျက် ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်လျက် ရှိပါသည်။ စိစဉ်သူ။)

**မောင်ကျော်သန်း (ရွှေတောင်အင်း)**



[၁၉၉၇ ခုနှစ်၊ မေလ၊ ဇွန်လ၊ မြတ်မင်္ဂလာစာစောင်မှ။]

■

မောင်ကျော်သန်း၏မေးခွန်းများကို အရှင်ဆန္ဒာဓိကကိုယ်တိုင်
ရေးသားဖြေဆိုပေးထားပါသည်။

http://www.dhammadownload.com

# အရှင်ဆန္ဒာဓိကဏ္ဍ၏ ထွက်ပြီးစာအုပ်များ


၁။ မသေခင်ဘာလုပ်ကြမလဲ

၂။ ရဲရင့်သူတို့၏နေရာ

၃။ ငြိမ်းအေးသောဘဝပိုင်ရှင်

၄။ လောက၌အကောင်းဆုံးသောအရာ

၅။ ဘယ်အိမ်မှာနေကြမလဲ

၆။ အိုဘယ့်အလှူရှင်

၇။ အနှိုင်းမဲ့ချမ်းသာ

၈။ ရဟန်းဘာကြောင့်ပြုရတယ်

၉။ ဆေးပေါင်းခတဲ့မျက်ရည်

၁၀။ မြင့်မြတ်သူတို့၏စံအိမ်

၁၁။ လမ်းခွဲတာဝမ်းနည်းစရာလား

၁၂။ အလင်းစေတမန်

၁၃။ အချစ်ကံခေပေမယ့်အနှစ်ကျန်စေရမယ်

၁၄။ ငါ့ကိုမချစ်ပါနဲ့

၁၅။ ကြာလို့လူ

၁၆။ လိုတရနှလုံးသား

၁၇။ စိတ်အားဖြည့်ဓမ္မသံစဉ်

၁၈။ နို့နှစ်လုံးဖိုးလုံးကျေပါတယ်

၁၉။ ဝေးလေကောင်းလေ

၂၀။ စိတ်အားဖြည့်ဓမ္မပဒ

၂၁။ မချစ်တတ်မမုန်းတတ်တဲ့သူ

၂၂။ အနေဝေးပေမယ့်အဝေးနေမဟုတ်ပါ

၂၃။ အနှိုင်းမဲ့ရနံ့

http://www.dhammadownload.com

ရဟန်းဘဝက လူ့ဘဝထက်
ကုသိုလ်အရ ပိုများတယ်၊
နိဗ္ဗာန်အရောက် ပိုမြန်တယ်၊
ကုသိုလ် ပိုများများရဖို့
နိဗ္ဗာန် ပိုမြန်မြန်ရောက်ဖို့
ရည်ရွယ်ချက်နှစ်မျိုးနဲ့
ရဟန်းပြုကြရတာပါ။

